# မြဝတီ နေ့စဉ်

သတင်းထူး သတင်းဦး နေ့စဉ်ဖြန့်ချိမြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၆၆)

၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်
၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၉ ရက်၊ ကြာသပတေးနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်းပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသောသူသည် သွားလေရာရာအရပ်ရပ်၌ အပူဇော်ခံရ၏။ **ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပွင့်ဖြူမြို့နယ်၌ ယခုဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကုလားပဲ ၄၂၄၇၇ ဧကစိုက်ပျိုးပြီးစီး သီးနှံအထွက်နှုန်းတိုးတက်ရေး တောင်သူများကြိုးပမ်းဆောင်ရွက်လျက်ရှိ

ပွင့်ဖြူ ဇန်နဝါရီ ၈

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ကုလားပဲ ၄၂၄၇၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကာ သီးနှံအထွက်နှုန်းတိုးတက်စေရန် လိုအပ်သောစိုက်ပျိုးရေးသွင်းအားစုများထည့်သွင်းခြင်းနှင့် ပိုးမွှားရောဂါမကျရောက်စေရေး ကြိုတင်ကာကွယ်နှိမ်နင်းခြင်းလုပ်ငန်းများကို ဒေသခံတောင်သူများ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကုလားပဲ ၂၁၈၄၃ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ လက်ရှိအချိန်အထိ ၄၂၄၇၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ⇨



**ဆောင်းပါး**

**အရှက်အကြောက်တရား လက်ကိုင်ထားပြီး လောကကို အလှဆင်ကြပါစို့**

စာ- ၁၃ သို့

**လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားစေသည့် HMPV ဗိုင်းရပ်စ်ပိုး**

စာ- ၈ သို့

## ဟိုင်းကြီးကျွန်းမြို့ရှိ ငွေတောင်ကမ်းခြေသို့ ပြီးခဲ့သည့်ဒီဇင်ဘာလအတွင်း ခရီးသွားဧည့်သည် ၄၀၀၀၀ ကျော်အထိ လာရောက်လည်ပတ်ခဲ့

စာ- ၂၅ သို့

## ထူးခြားသည့်ညအပူချိန်များ

၈-၁-၂၀၂၅

| | | | | |
|---|---|---|---|---|
| နမ့်စန် (ရှမ်းပြည်နယ်တောင်ပိုင်း) | ၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| တီးတိန် | ၄ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| ဟားခါး | ၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ပြင်ဦးလွင် | ၆ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| လွိုင်လင် | ၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ဟဲဟိုး | ၆ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| ပင်လောင်း | ၉ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| မြစ်ကြီးနား | ၉ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| တောင်ကြီး | ၉ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| မိုင်းယန်း | ၉ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |

**(၈-၁-၂၀၂၅) ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၅,၃၆၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၉ ရက်)

# လူတိုင်းအတွက် ပညာရေးနှင့်ကျန်းမာရေး

လူသားတိုင်းအတွက်အဓိကကျသည်မှာ ပညာရေးနှင့်ကျန်းမာရေးဖြစ်သည်။ ပညာမတတ်လျှင် လူရာမဝင်သကဲ့သို့ ကျန်းမာရေးမကောင်းလျှင်လည်း ဆန္ဒရှိသမျှ ကြိုးစားအားထုတ်နိုင်မည်မဟုတ်ပေ။ ပညာတတ်မြောက်ထားမှ မိမိတို့၏ပညာရပ်နှင့်သက်ဆိုင်သည့်လုပ်ငန်းဆောင်တာများကို လုပ်ဆောင်နိုင်မည်ဖြစ်သည်။ ထို့အတူ ကျန်းမာရေးကောင်းမွန်နေမှလည်း မိမိတို့၏လူမှုစီးပွားဘဝမြင့်မားရေးကိုစွမ်းဆောင်နိုင်မည်ဖြစ်သည်။ ပညာဆိုသည်မှာ ဟုတ်မှန်သောသဘောကို သိမြင်နိုင်သောအသိဉာဏ်ပင်ဖြစ်သည်။ လောက၌အသိအမြင်ဟူသော အလင်းမရှိပါက အမှားအမှန်၊ အကောင်းအဆိုး၊ အကျိုးအပြစ်တို့ကိုမသိနိုင်ဘဲ အမှောင်တိုက်သာလွှမ်းမိုးနေမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးနှင့်ကျန်းမာရေးကဏ္ဍပိုမိုတိုးတက်မြင့်မားလာရေးကို အထူးအလေးအနက်ထားကာ စီမံဆောင်ရွက်ပေးလျက်ရှိသည်။ လူမှုရေးဦးတည်ချက်များတွင် "တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး"နှင့် "တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့်ကျန်းမာရေးကဏ္ဍနှင့်အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး"တို့ကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် လူငယ်များနှင့်ပတ်သက်၍ နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရန် ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်အောင်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။

နည်းပညာများတစ်နေ့ထက်တစ်နေ့ပိုမိုတိုးတက်နေသောအချိန်ကာလတွင် လူငယ်မောင်မယ်တိုင်းက ပညာတတ်မြောက်ထားရုံသာမက တီထွင်ဆန်းသစ်မှုများကိုပြုလုပ်နိုင်သည်အထိ ကြိုးစားကြရမည်ဖြစ်သည်။ ပညာဆိုသည်မှာ စာအုပ်စာတမ်းဖတ်၍ စာသိမှုကို ပညာဟုမဆိုပေ။ ပညာသည် အတိုင်းအဆမထင်အလွန်ကျယ်ပြောနက်နဲလှပေသည်။ လောကပြင်ကျယ်တည်းဟူသော ကျောင်းကြီး၌ လူသားတို့သည် ပုခက်တွင်းမှသည် သေဆုံးသည်အထိ ပညာသင်သားများဖြစ်နေကြပေသည်။ ထို့ကြောင့် ပညာသင်ကြားမှုသည် အမှန်စင်စစ်အားဖြင့် လူတို့၏တစ်သက်တာတွင် ကုန်ဆုံးသည်ဟုမဆိုနိုင်ပေ။ ပညာတတ်သူသည် လောကရှိအရာရာကို အခွင့်အလမ်းအလိုက် ဆင်ခြင်သုံးသပ်နိုင်စွမ်းသောဉာဏ်အားကိုလည်းကောင်း၊ မိမိဉာဏ်အမြင်အရစိတ်နေစိတ်ထားစိတ်ဓာတ်တို့ကိုလည်းကောင်း ပြုပြင်ပြုစုစီမံထားခဲ့သူသာလျှင်ဖြစ်သည်။

မြန်မာနိုင်ငံတွင် မျိုးဆက်သစ်လူငယ်များအတွက် ပညာရေးသည် အဓိကမောင်းနှင်အားဖြစ်သည်။ ပညာဆိုသည်မှာ အသိဉာဏ်ကိုရရှိရန် ရှာဖွေဆည်းပူးအပ်သောအတတ်ဟုဆိုပါသည်။ မြန်မာစကားပုံတွင် ပညာရွှေအိုး လူမခိုးဟူ၍ဆိုထားပါသည်။ မိမိကိုယ်တွင် တတ်မြောက်ထားသောပညာကို မည်သူကမျှ ခိုးယူ၍မရနိုင်ပေ။ စာသင်ကျောင်းများကသင်ကြားပေးသော စာပေပညာ၊ လုပ်ငန်းခွင်ကသင်ကြားပေးသော အသက်မွေးဝမ်းကျောင်းပညာဟူ၍နှစ်မျိုးရှိပေရာ အားလုံးသည် လူငယ်များအတွက်သာဖြစ်သည်။ လူငယ်များအဖို့ အတတ်ပညာနှင့်အတူ အသိပညာပါသင်ကြားမှသာ ပညာပြည့်ဝနေမည်ဖြစ်သည်။ ပညာသည် ကမ္ဘာတစ်ဝန်းလုံးအတွက် မရှိမဖြစ်သောအရာဖြစ်လာနေသည်။

စာသင်ကျောင်းများတွင် ပညာကိုစနစ်တကျသင်ကြားပေးနေခြင်းနှင့်အတူ ကိုယ်လက်လှုပ်ရှားအားကစားလေ့ကျင့်နိုင်ရန် အားကစားကွင်းများကို တည်ဆောက်ပေးထားသည်။ အားကစားနှင့်ပညာရေးကိုပေါင်းစပ်သင်ကြားပေးသည့်ကျောင်းများကိုလည်း ဖွင့်လှစ်ပေးထားသည်။ လူငယ်မောင်မယ်များအနေဖြင့် ဘက်စုံပညာရေးစနစ်တွင် ထူးထူးချွန်ချွန်ဖြစ်နေအောင်ကြိုးစားကြရမည်ဖြစ်သည်။ စာပေတွင် တော်နေရုံမျှဖြင့်ကျေနပ်အားရမနေဘဲ ကျန်းမာရေးကိုလည်းလေ့လာလိုက်စားကြရမည်ဖြစ်သည်။ ကျန်းမာရေးအတွက် အားကစားသည်အဓိကဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူများအတွက် လူရည်ချွန်ရွေးချယ်မှုများ၊ ထူးချွန်ကျောင်းသားရွေးချယ်မှုများတွင် ပညာရေးနှင့်ကျန်းမာရေးသည်အဓိကပါဝင်သည်။

လူငယ်များ၏စွမ်းဆောင်ရည်ကောင်းသည်နှင့်အမျှ ပညာအလင်းရောင်နှင့်အတူ တစ်မျိုးသားလုံးအတွက် တန်ဖိုးရှိလာမည်ဖြစ်သည်။ ပညာရပ်များမြင့်မားမှုသည် နိုင်ငံ့ဂုဏ်ကိုမြှင့်တင်ရာလည်းရောက်ပေသည်။ တစ်မျိုးသားလုံးပညာရည်မြင့်မားလာရန် လူငယ်များက ကြိုးစားအားထုတ်မှုနှင့်စွမ်းဆောင်မှုမြှင့်တင်ကြမှသာ အနာဂတ်မြန်မာနိုင်ငံသည် ကမ္ဘာ့အလယ်တွင် ထည်ဝါစွာရပ်တည်နိုင်မည်ဖြစ်သည်။ ပညာသင်ချိန်တွင် ပညာထူးချွန်စွာတတ်မြောက်ရေး၊ ကျန်းမာရေးကောင်းမွန်ရေးကို မိမိတို့ကိုယ်တိုင်ကလေ့လာလိုက်စားနေကြရမည်ဖြစ်သည်။ ပညာရေးနှင့်ကျန်းမာရေးသည် ငယ်စဉ်အရွယ်မှအစပြုကာ ဖြည့်ဆည်းနေကြမည့်အရာဖြစ်သည်။

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံအဖြစ်မှ ဖွံ့ဖြိုးပြီးနိုင်ငံအဖြစ်သို့ လျှောက်လှမ်းလျက်ရှိရာတွင် ပညာသည်ရှေ့ဆောင်လမ်းပြနေရာတွင်ရှိနေပါသည်။ ယနေ့အချိန်အခါသည် ပညာခေတ်ဟုညွှန်းဆိုထားသည့်အတိုင်း အသိပညာ၊ အတတ်ပညာ၊ စဉ်းစားတွေးခေါ်မှုပညာ စသည်ဖြင့် အရာရာကို ပညာဖြင့်လုပ်ဆောင်ကြရမည်ဖြစ်သည်။ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတွင် လူငယ်တိုင်းပါဝင်၍ အားသွန်ခွန်စိုက်လုပ်ဆောင်ကြရမည်ဖြစ်ရာ ပညာရေးနှင့်ကျန်းမာရေးကို အထူးအလေးထားကြိုးစားဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# သရက်မြို့၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးခြင်းဆောင်ရွက်

သရက် ဇန်နဝါရီ ၈

မကွေးတိုင်းဒေသကြီး သရက်မြို့ ခရိုင်စာကြည့်တိုက် Community Centre ခန်းမ၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ပူးပေါင်းဆောင်ရွက်သည့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး Talk Show ဆောင်ရွက်ခြင်းကို ဇန်နဝါရီလ ၇ ရက်တွင် လုပ်ဆောင်ကြောင်းသိရသည်။

အဆိုပါ အသိပညာပေးခြင်းဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နေမျိုးပိုင်နှင့် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်စိမ်းလဲ့ရည်တို့က ကလေးဆိုတာဘယ်အသက်အရွယ်တွေကိုခေါ်ပါသလဲ၊ ကလေးအလုပ်သမား၏အဓိပ္ပာယ်၊ အဆိုးရွားဆုံးပုံစံဖြင့် အလုပ်ခိုင်းစေခြင်းဆိုသည့်အဓိပ္ပာယ်၊ ကလေးတစ်ဦး အလုပ်လုပ်ကိုင်နိုင်သော အသက်အရွယ်နှင့် ကလေးအလုပ်သမားပပျောက်ရေးရည်ရွယ်ချက်တို့ကို အသီးသီးဆွေးနွေးကြကြောင်း သိရသည်။

ဇော်ထက်(သရက်)

# စာဖတ်ရှိန်မြှင့်တင်ရေးဟောပြောခြင်းနှင့် နံရံကပ်စာစောင်ပြသခြင်းများဆောင်ရွက်

ပေါင် ဇန်နဝါရီ ၈

မွန်ပြည်နယ် ပေါင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် နယ်လှည့်စာကြည့်တိုက် အသိပညာပေးဟောပြောခြင်းနှင့် နံရံကပ်စာစောင်ပြသခြင်းတို့ကို ဇန်နဝါရီလ ၈ ရက် နံနက်ပိုင်းတွင် ထန်းတောအခြေခံပညာမူလတန်းကျောင်း၌ဆောင်ရွက်သည်။

ရေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်လက်ထောက်-၃ ဒေါ်မိယဉ်ယဉ်မွန်က မိမိဘဝတိုးတက်မှုရရှိလာအောင် စာများများဖတ်ကြရန်၊ အရွယ်မရောက်သေးသည့်ကလေးငယ်များအား မတရားအလုပ်စေခိုင်းမှုမှကာကွယ်ရန်နှင့် မူးယစ်ဆေးဝါး၏ဆိုးကျိုးများ၊ လူကုန်ကူးမှု၏ဆိုးကျိုးများအကြောင်းကို အသိပညာပေးဟောပြောသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများ ဖတ်ရှုလေ့လာနိုင်ရန် ရုပ်ပြပုံပြင်များ၊ စာစောင်များ၊ စာအုပ်စာပေများ၊ စာဖတ်ရှိန်မြှင့်တင်ရေးနှင့်ပတ်သက်သည့် ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ သိမှတ်ဖွယ်ရာများ၊ အသိပညာပေးနံရံကပ်စာစောင်များနှင့် ဓာတ်ပုံများကိုခင်းကျင်းပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာကြကြောင်းသိရသည်။

မွန်မလေး(ပြန်/ဆက်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၉-၁-၂၀၂၅ (ကြာသပတေးနေ့)

၁။ ၀၆:၀၀ တရားတော်
၂။ ၀၈:၀၀ သုတရသစုံလင်ဗဟုသုတပုံပြင်
၃။ ၀၉:၀၀ ကျန်းမာသုတ
၄။ ၁၀:၀၀ သာယာသီကြွေးခေတ်ဆန်းတေး
၅။ ၁၁:၀၀ ပြည်သူ့ကြားကပြည်သူ့စကား
၆။ ၁၂:၀၀ သီချင်းလက်ဆောင်
၇။ ၁၃:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၈။ ၁၄:၀၀ Soft Skill
၉။ ၁၅:၀၀ ဇာတ်လမ်းတို
၁၀။ ၁၆:၀၀ စာပေနှင့်အနုပညာသတင်း
၁၁။ ၁၇:၀၀ **ကျင်းကြံ့ပွားများလိုက်နာစရာ (၃၈)ဖြာမင်္ဂလာ**
၁၂။ ၁၈:၀၀ နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့
၁၃။ ၁၉:၀၀ ရုပ်မြင်သံကြားဇာတ်လမ်း **အတွေ့လေးရယ်မှအိုအကြုံ (ဇာတ်သိမ်းပိုင်း)**
**သရုပ်ဆောင် ကျော်ဟိန်း၊ မျိုးသန္တာထွန်း**

- - - - - - - - - - - - - - - - - - - - - - - - - -

### MWD Variety Channel

၁။ ၁၀:၂၉ The Beautiful Land
၂။ ၁၁:၃၀ ကဗျာအလှ ရသလွင်ပြင်
၃။ ၁၅:၄၆ သတိမမူ ဂူမမြင်
၄။ ၁၆:၁၈ အားကစားနည်း သမိုင်းကြောင်း
၅။ ၁၇:၄၇ ကြယ်ပွင့်များရဲ့ခြေလှမ်းသစ်
၆။ ၁၈:၃၀ ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ
၇။ ၂၁:၁၃ Variety Choice

Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ယခုဘဏ္ဍာနှစ်ကိုးလတာကာလအတွင်း ပြည်ပနိုင်ငံများသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် နှစ်သန်းကျော် တင်ပို့ထား



ရန်ကုန် ဇန်နဝါရီ ၈

ယခုဘဏ္ဍာနှစ် ကိုးလတာကာလအတွင်းပြည်ပနိုင်ငံများသို့ အမေရိကန်ဒေါ်လာ သန်း ၉၀၀ ကျော်တန်ဖိုးရှိ ဆန်နှင့် ဆန်ကွဲတန်ချိန် နှစ်သန်းကျော် တင်ပို့ထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏စာရင်းများအရ သိရသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလမှ ဒီဇင်ဘာလအထိ ကိုးလတာကာလအတွင်း ပြည်ပနိုင်ငံများသို့ ဆန်နှင့် ဆန်ကွဲ ၂၀၃၄၆၅၆ ဒသမ ၄ တန် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၉၄၈ သန်းရရှိခဲ့ခြင်းဖြစ်သည်။

ပြည်ပနိုင်ငံများသို့ ဧပြီလ၌ အမေရိကန်ဒေါ်လာ ၅၅ သန်းတန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲ ၁၁၁၈၆၂ တန်၊ မေလ၌ အမေရိကန်ဒေါ်လာ ၃၆ သန်းတန်ဖိုးရှိဆန်နှင့်ဆန်ကွဲ ၇၁၂၈၀ တန်၊ ဇွန်လ၌ အမေရိကန်ဒေါ်လာ ၈၄ သန်းတန်ဖိုးရှိဆန်နှင့်ဆန်ကွဲ ၁၆၂၃၂၆ တန်၊ ဇူလိုင်လ၌ အမေရိကန်ဒေါ်လာ ၈၂ သန်းတန်ဖိုးရှိဆန်နှင့်ဆန်ကွဲ ၁၆၅၄၄၄ တန်၊ ဩဂုတ်လ၌ အမေရိကန်ဒေါ်လာ ၉၇ သန်းတန်ဖိုးရှိဆန်နှင့်ဆန်ကွဲ ၂၀၇၃၇၀ တန်၊ စက်တင်ဘာလ၌ အမေရိကန်ဒေါ်လာ ၁၀၄ သန်းတန်ဖိုးရှိ ဆန်နှင့် ဆန်ကွဲ ၂၁၉၅၆၅ ဒသမ ၁၃ တန်၊ အောက်တိုဘာလ၌ အမေရိကန်ဒေါ်လာ ၁၈၉ သန်းတန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲ ၄၂၄၇၈၄ ဒသမ ၂၇ တန်နှင့် နိုဝင်ဘာလ၌ အမေရိကန်ဒေါ်လာ ၁၅၆ သန်းတန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲ ၃၃၄၅၃၅ တန်၊ ဒီဇင်ဘာလ၌ အမေရိကန်ဒေါ်လာ ၁၄၅ သန်းတန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲ ၃၃၇၄၉၀ တန် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

ထိုသို့တင်ပို့ရာတွင် အောက်တိုဘာလ၌ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၁၈၀ ကျော်ဖြင့် အများဆုံးတင်ပို့ထားပြီး နိုဝင်ဘာလ၌ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၅၆ သန်းဖြင့် ဒုတိယအများဆုံးတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

ဝါဝါ

# မြိတ်မြို့ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရည်ချွန်ဆု ချီးမြှင့်ခြင်းနှင့် ပညာရေးစုံညီပွဲတော် ကျင်းပ

မြိတ် ဇန်နဝါရီ ၈

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း ဧယျာမင်္ဂလာခန်းမ၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရည်ချွန်ဆု ချီးမြှင့်ခြင်းနှင့် ပညာရေးစုံညီပွဲတော် အခမ်းအနားကို ဇန်နဝါရီလ ၈ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို အမှတ်( ၆ ) အခြေခံပညာအထက်တန်းကျောင်း Grade –11မှ ကျောင်းသား၊ ကျောင်းသူများက ပညာပန်းခင်းတေးသီချင်းဖြင့် သီဆိုဖျော်ဖြေ၍ ဖွင့်လှစ်ခဲ့ကြသည်။

ထို့နောက် မြိတ်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၂) ဦးသောင်းအေးက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးကြည်ဝင်းက ကျောင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ဆွေးနွေးပြောကြားပြီး ကျောင်းအုပ်ဆရာကြီး ဦးအောင်မင်းစိန်က ပညာရည်ချွန်ဆုချီးမြှင့်ခြင်းနှင့် ပညာရေးစုံညီပွဲတော်ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးခဲ့ကြသူများအား ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွင်း စာပေဘာသာရပ်အလိုက် ထူးချွန်ဆုများနှင့် ဘက်စုံထူးချွန်ဆုရရှိကြသော ကျောင်းသား၊ ကျောင်းသူများကို ကျောင်းအုပ်ဆရာကြီး၊ ဆရာ၊ ဆရာမများနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များက ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် Grade– 11 ကျောင်းသား၊ ကျောင်းသူများမှ မှုံရွှေရည်၊ လမ်းပြကြယ်စသည့် တေးသီချင်းအကအလှများဖြင့် သီဆိုဖျော်ဖြေ၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(၄၁၂)

# စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းဆွေးနွေးပွဲကျင်းပ

စဉ့်ကိုင် ဇန်နဝါရီ ၈

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာအထက်တန်းကျောင်း(ဟင်းငူ) တို့ပူးပေါင်းကာ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို ဇန်နဝါရီလ ၇ ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းသန်းနှင့်ဝန်ထမ်းများ၊ အခြေခံပညာအထက်တန်းကျောင်း(ဟင်းငူ)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဆွေမြင့်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဆွေမြင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းသန်းက ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပြင်ပစာပေဗဟုသုတများကို လေ့လာဖတ်ရှုကြရန်၊ လူငယ်အချင်းချင်း ချစ်ခင်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်နှင့် စဉ်းစားဉာဏ်နှင့် အတွေးအခေါ်ကောင်းများရရှိစေရန်၊ လူငယ်များ အသိပညာ၊ အတတ်ပညာနှင့် လူ့ကျင့်ဝတ်တန်ဖိုးမြှင့်တင်ပေးရန်၊ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်လာစေရန်၊ စကားပြောစွမ်းရည်များ ကျွမ်းကျင်စွာတက်မြောက်ပြီး လူအများရှေ့တွင် ရဲရဲဝံ့ဝံ့ပြောဆိုတတ်စေရန်တို့ကိုရည်ရွယ်၍ ယခုကဲ့သို့ လူငယ်စကားဝိုင်း ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်ဝင်းဝင်းသန်းက ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ပြီး အခြေခံပညာအထက်တန်းကျောင်း (ဟင်းငူ) Grade– 9 မှ မောင်လမင်းကိုက လူငယ်နှင့်ပညာရေး၊ Grade–9 မှ မောင်လျှံမင်းထက်က လူငယ်နှင့်အားကစား၊ Grade–9 မှ မဇာဇာဝေက လူငယ်နှင့် ယဉ်ကျေးမှု၊ Grade –9 မှ မအိဇင်ဝေဖြိုးက လူငယ်နှင့် မူးယစ်ဆေးဝါး၊ Grade –10 မှ မဆုမြတ်မွန်က လူငယ်နှင့် မျိုးချစ်စိတ်ဓာတ်ခေါင်းစဉ်တို့ဖြင့် အသီးသီးဆွေးနွေးခဲ့ကြသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသည့်ကျောင်းသား၊ ကျောင်းသူများက စကားဝိုင်းဆွေးနွေးပွဲတွင် ဆွေးနွေးခဲ့သည့်အကြောင်းအရာများအပေါ် သိရှိလိုသည်များမေးမြန်းကြရာ ဦးစီးအရာရှိဒေါ်ဝင်းဝင်းသန်းက ပြန်လည်ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

ကျော်စွာ(စဉ့်ကိုင်)



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

"ကျွန်ုပ် အထူးသဖြင့် တင်ပြလိုသောအခြင်းအရာမှာ ပိုက်ဆံရှင်ဖူးခြင်းကြောင့် ကျွန်ုပ်ပျက်စီးလာရပုံပင်ဖြစ်လေသည်။ ဈေးချိုတော်ကြီး ပြာပုံဖြစ်စဉ်က သုံးပဲတစ်မတ်သုံးနိုင်သော ကျောင်းသားများသည် ပြာပုံပေါ်တွင် ဆိုင်တန်းများဖြစ်လာသောအခါ ပိုက်ဆံဝင်ပေါက်မရှိကြတော့သဖြင့် ကြံမိကြံရာကြံရတော့သည် . . ."

**ယမန်နေ့မှအဆက်**

နံနက်လင်းသည်နှင့်တစ်ပြိုင်နက် ပုပုရွရွ ဟူသမျှသည် မီးလောင်ကွင်းကြီးသို့ ရောက်လာကြ၍ သံကောက်တစ်ချောင်းစီနှင့် ဤဟာကိုလှန်၊ ဟိုဟာကိုလှန် စသည်ဖြင့် အနှံ့အပြားထိုးဆွမွှေနှောက်ရှာဖွေကြလေရာ နေဝင်သည့်အဆုံး၌ တစ်ကျပ်၊ နှစ်ကျပ်၊ ငါးကျပ်တန်များကို လူတိုင်းလိုလိုရ၍ ၅၀ ကျပ်တန်၊ ၁၀၀ ကျပ်တန်တိုင်အောင် ရကြသူများလည်း ရှိကြလေသည်။ တချို့မှာ ရွှေဆိုင်ငွေဆိုင်တန်းမှ ရွှေခဲငွေခဲများကိုပင် ရရှိကြသည်ဆို၏။ ပြာပုံထဲမှရှာ၍ရကြသော ပစ္စည်းများကို စောင့်၍ဝယ်ယူကြသည့် လာဘ်မြင်သူများလည်း ရန်ကုန်ကြက်တန်းပမာ ပေါ်လာကြသည်။ ကျွန်ုပ်သည်လည်း မိဘများမသိစေဘဲ ကျောင်းအားလပ်ချိန်တွင် တခြားကျောင်းသားကြီးများနှင့်အတူ လိုက်၍ ပြာပုံကိုမွှေခြင်းဖြင့် တစ်နေ့လျှင် သုံးပဲလေးပဲမျှရရှိလေရာ မုန့်ဖိုးနှစ်ပြားသာရသော သူငယ်တစ်ယောက်အဖို့ လာဘ်ရွှင်လှ၍ လွန်စွာကျေနပ်ခဲ့လေ၏။

**ဈေးသမားဖြစ်လာကြခြင်း**

ကျွန်ုပ် အထူးသဖြင့် တင်ပြလိုသော အခြင်းအရာမှာ ပိုက်ဆံရှင်ဖူးခြင်းကြောင့် ကျွန်ုပ်ပျက်စီးလာရပုံပင်ဖြစ်လေသည်။ ဈေးချိုတော်ကြီး ပြာပုံဖြစ်စဉ်က သုံးပဲတစ်မတ်သုံးနိုင်သော ကျောင်းသားများသည် ပြာပုံပေါ်တွင် ဆိုင်တန်းများဖြစ်လာသောအခါ ပိုက်ဆံဝင်ပေါက်မရှိကြတော့သဖြင့် ကြံမိကြံရာကြံရတော့သည်။ (ထိုခေတ်ကမူ ခေါက်ဆွဲတစ်လုံး တစ်ပဲ၊ မုန့်တီ နှစ်ပြား၊ ဖာလူဒါခွက်ကလေး တစ်ပဲ၊ ခွက်ကြီးတစ်မူး၊ စီးကရက်တစ်ပြားလေးလိပ်၊ 'ဖင်စီစွတ်' သုံးလိပ်ရသော ခေတ်ဖြစ်သောကြောင့် သုံးပဲတစ်မတ်ဆိုလျှင် သူဌေးသားမျိုးသဖွယ်သုံးနိုင်ကြသည်။ ကျွန်ုပ်တို့၏ကျောင်း၌ သူဌေးဦးဇံ၏သားတစ်ယောက်ရှိရာ သူပင် မုန့်ဖိုး ခြောက်ပြားသာရသည်။) ကျောင်းသားများသည် ဈေးချို၌ ပြာပုံ (စားကျက်)ကွယ်ပျောက်၍ တဲတန်းဆိုင်များ ပေါ်ပေါက်လာရာ (လိုင်စင်ပိတ်လိုက်သော ကုန်သည်ကြီးများကဲ့သို့) စီးပွားရေးအကျပ်အတည်းတွေ တွေ့ကြုံရလေ၏။ ဤတွင် တချို့ကျောင်းသားများသည် ဈေးဆိုင်များမှ အလစ်နှိုက်သောစနစ်ကို တီထွင်ကြ၏။ အထူးသဖြင့် ကုန်စုံရောင်းသော ကျူလီယာဆိုင်များမှာ ၎င်းတို့ ကျက်စားရာဌာနဖြစ်၏။ ကျောင်းသား ခပ်ကြီးကြီး လေးငါးယောက်တို့သည် ကျောင်းအားချိန်တွင် ဈေးချိုသို့သွား၍ ပြန်လာသောအခါ၌ ဂေါ်လီများ၊ မင်အိုးများ၊ လက်ကိုင်ပဝါများ၊ ခဲတံများအစရှိသည့်ပစ္စည်းလေးများ အသီးသီးပါလာကြရာ တစ်ယောက်လျှင် ငါးမူးတန်၊ ခြောက်မူးတန် စသည်ဖြင့်ရခဲ့ကြ၏။ ၎င်းတို့၏ 'ပွ' ခြင်းကိုမြင်ကြရ၍ ဈေးချိုသွားသော ကျောင်းသားအရေအတွက် များလာရာ နောက်ဆုံးတွင် ပိုက်ဆံရှင်သောသူဌေးသားနှင့် လက်ဖွာသောမိဘတို့၏သား အနည်းငယ်မှတစ်ပါး ဈေးသမားဖြစ်ကုန်ကြလေတော့သည်။

**အတူမြင် အတတ်သင်**

တစ်နေ့သ၌ ကျွန်ုပ်သည်လည်း ကျောင်းသားကြီးများ၏ ပိုက်ဆံရှင်ခြင်းကို သွားရည်ကျလျက်ရှိစဉ် ကျွန်ုပ်ကို ခင်မင်သောကျောင်းသားကြီးတစ်ယောက်က 'ဟေ့ကောင် ဖေသိန်း၊ ငါနဲ့လိုက်ခဲ့ပါလားကွ၊ ဘာမှမခက်ဘူး၊ ငါလုပ်သလိုသာ ကြည့်လုပ်' ဟု ဆိုကာ လစ်ပုံလစ်နည်းကို သွန်သင်လေရာ ကျွန်ုပ်လည်း လိုက်ပါသွားလေ၏။

ကျွန်ုပ်တို့အဖွဲ့မှာ သုံးလေးယောက်ရှိ၍ ကျွန်ုပ်သည် သူတို့၏ လစ်ပုံလစ်နည်းကို လက်တွေ့သင်ခန်းစာယူရုံသာယူခဲ့ပြီး ပထမတစ်ခေါက်ပြန်လာခဲ့၏။ ဒုတိယတစ်ခေါက်၌မူ ကျွန်ုပ်၏အဖွဲ့သားများက ပစ္စည်းများဝယ်ဟန်ပြု၍ ဈေးဆစ်လျက်ရှိကြစဉ် ကျွန်ုပ်သည် ဖန်ဂေါ်လီ ဒိုးကြီးတစ်လုံးကို နှိုက်ယူ၍ ခါးပိုက်ထဲသို့ ထည့်လိုက်၏။ နှိုက်ယူသောအခါတွင် လက်တုန်သော်လည်း ခါးပိုက်ထဲသို့ ထည့်ပြီးသည့်တိုင်အောင် ဆိုင်ရှင်က မမြင်သောကြောင့် 'တယ် ဟုတ်တဲ့ အလုပ်ပါကလား'ဟု နှစ်သိမ့်မိ၏။ ထိုခဏ၌ တခြားဆိုင်မှ ကျူလီယာ ကုလားတစ်ယောက်ပြေးလာ၍ ကျွန်ုပ်၏ ခါးပိုက်ကို နှိုက်စမ်းသည်တွင် ဖန်ဂေါ်လီကြီးကို တွေ့သွား၏။ ဤတွင် ဆိုင်ရှင်ဆင်းလာ၍ ကျွန်ုပ်၏ နားသယ်ကို တစ်ချက်နှစ်ချက်ပုတ်ပြီး ဂါတ်တဲသို့ပို့ရန် ဆွဲခေါ်လေရာ ကျွန်ုပ်၏အဖွဲ့သားများ ဝိုင်းလာကြ၍ 'ဟေ့ ဘာလဲကွ ကုလား၊ ကလေးကို မင်းဘာလုပ်တာလဲ၊ မင်းတစ်ဆိုင်တည်း ဖန်ဂေါ်လီရောင်းသလား၊ ဟိုဘက်ဆိုင်က သူဝယ်ခဲ့တာ၊ ငါတို့သိတယ်၊ ပေး ဂေါ်လီ' ဟုဆိုကာ ကုလားလက်ထဲမှ ဂေါ်လီကို လုယက်၍ ဆဲဆဲဆိုဆိုနှင့် ထွက်လာခဲ့ကြ၏။ ယင်းဖန်ဂေါ်လီကို ကျွန်ုပ်ရသော်လည်း ထင်သလောက်မလွယ်ကူဟု ဆုံးဖြတ်ကာ ထိုလူစုနှင့်လည်း မလိုက်ဝံ့၊ သူတစ်ပါး၏ ပစ္စည်းကိုလည်း မနှိုက်ဝံ့တော့ဘဲ သင်ခန်းစာ ရခဲ့ပါသည်။ ထိုအခေါက်တွင် အောင်မြင်ပါက ဘယ်မျှလောက်ကြာအောင် နှိုက်နေဦးမည်မဆိုနိုင်ပေ။

**ကြားရခဲသော အင်္ဂလိပ်စာသံ**

မြိတ်ဆရာတော်၏ ကျောင်း၌ ဦးတိလောကရောက်လာ၍ အင်္ဂလိပ်စာ သင်စပြုသည်တွင် မိဘများသည် ကျောင်းနီးသော ရိုင်တန်းအရပ်မှ ရန်နှင်တံခါးသို့ ရွှေ့ပြောင်းကြရပြန်၏။ ရန်နှင်တံခါးနှင့် ဒက္ခိဏဝံတိုက်မှာ '၁၇ ပြ'ဝေးသော်လည်း မိဘများသည် မြိတ်ဆရာတော်ကို ကြည်ညိုသည်ကတစ်ကြောင်း၊ ကျွန်ုပ်အားလည်း အင်္ဂလိပ်စာသင်စေလိုသည် ကတစ်ကြောင်းကြောင့် အရပ်ရွှေ့သော်လည်း ကျောင်းမရွှေ့ဘဲ ဤဝေးလှသော ခရီးကို နေ့တိုင်းအသွား အပြန်လမ်းလျှောက်စေ၏။ ရန်နှင်တံခါးရပ်ကွက်မှာ မိခင်၏ဆွေမျိုးများ နေထိုင်ကြသော ရပ်ကွက်ဖြစ်လေရာ (ကျွန်ုပ်၏အဘိုးလည်းရှိသေးသည်။) ကျွန်ုပ်သည် သူငယ်တန်း'ပရိုင်မာ' ဖတ်စာအုပ်တွင် စီ အေ တီ ကက်တ် (Cat)၊ အာရ် အေ တီ ရက်တ် (Rat)၊ အက်စ် အေ တီ ဆက်တ် (Sat) စသည်ဖြင့် ဖတ်ပြသောအခါ အဘိုးနှင့်တကွ မိခင်၏ ဆွေမျိုးများသည် ဝိုင်းအုံနားထောင်ကြရင်း 'လျှာလိပ်သံ' ပါ၍ ပီသသည်၊ နားထောင်၍ ကောင်းသည် စသည်ဖြင့် ချီးမွမ်းကြသောကြောင့် ကျွန်ုပ်ရင်ကော့၍ ဂုဏ်ယူမိခြင်းကို မှတ်မိပါသေးသည်။ ထိုစဉ်က အင်္ဂလိပ်စာဟူသည်မှာ အရပ်သူ၊ အရပ်သားများအဖို့ ကြားရခဲလှသောကြောင့် အိမ်နီးချင်းများပင် လာ၍ နားထောင်ကြသည်။ ကျွန်ုပ်အဘိုးကမူ တခြားသော ရှေးလူကြီးများကဲ့သို့ 'စာဖြူ' ဟူ၍ မရှုတ်ချသည့်အပြင် 'ငါ့မြေးတစ်ယောက် လူစုံကလေး ဖြစ်တော့မယ်'ဟု ဝမ်းသာအားရ ပြောရှာသေး၏။ ကျွန်ုပ်ကလည်း နောက်ပိုင်းတွင် အတိုးနှင့်စုံ၍ ပြလိုက်ခြင်းကို အဘိုးတစ်ယောက် မြင်မသွားရှာရဟု ယခု သတိရမိသေးသည်။

**အာဂုံဆောင်သောခေတ်**

နေအိမ်မှ ကျောင်းသို့သွားသောအခါ ကျွန်ုပ်သည် စိန့်ပီတာကျောင်းအနီးမှ ဖြတ်သွားရ၍ အလွန်တရာအင်္ဂလိပ်စကားပြောသည့် စိန့်ပီတာကျောင်းသားများ ပြောသံကို ကြားရသည်တွင် အလွန်ပြောချင်၍ ငါလည်းတစ်နေ့တော့ ပြောလိုက်ဦးမည်ဟု အားခဲထား၏။ ထိုစဉ်က ကျွန်ုပ်မှာ နှုတ်လျှာသွက်လက်သော သူငယ်တစ်ယောက်ဖြစ်၍ စကားအနည်းငယ်ထစ်သော်လည်း ရှက်ရွံ့ခြင်းမရှိဘဲ စိန့်ပီတာကျောင်းမှ အသိကျောင်းသားကလေး တစ်ယောက်နှင့် ၎င်းတို့ ကျောင်းအနီး ဆုံမိကြသည်တွင် ကျွန်ုပ်က တတိယတန်း ဖတ်စာ(Royas Reader)ထဲမှလည်းကောင်း၊ နဲ့စ်ဖီးလ်ဒ် (Nesfield) ၏ သဒ္ဒါစာအုပ်ထဲမှလည်းကောင်း ရွတ်ဆိုပြလိုက်ရာ ၎င်းကျောင်းသားမှာ အတော်မျက်လုံးပြူး၍ သွား၏။ (ကျွန်ုပ်တို့၏ဆရာ ဦးတိလောကသည် ဖတ်စာအုပ်ကိုလည်းကောင်း၊ သဒ္ဒါစာအုပ်ကိုလည်းကောင်း ပထမတန်းမှ တတိယတန်းတိုင်အောင် အာဂုံဆောင်စေရာ ကျွန်ုပ် အထက်တန်းများသို့ ရောက်သောအခါ အင်္ဂလိပ်စာ၌ ပထမရ၍ ကြီးပြင်းလာသောအခါ၌လည်း အင်္ဂလိပ်စာရေးတတ်သည်ဟု နာမည်ရခြင်းမှာ ငယ်စဉ်က အာဂုံဆောင်ခဲ့ရခြင်းသည် အကြောင်းတစ်ရပ်ဖြစ်ချေသလောဟု စဉ်းစားမိသည်။)

**အနည်းနည်းဆော့ခြင်း**

ဤအချိန်တွင် ကျွန်ုပ်၌ အကျင့်ဆိုးကလေးများ ဝင်လာခဲ့သည်။ မိခင်၏ မောင်အကြီးမှ မွေးသည့်သားကြီး (ကျွန်ုပ်၏ အစ်ကို) မောင်ပုအား အင်္ဂလိပ်စာတတ်စေလို၍ ကျွန်ုပ်တို့၏ မြိတ်ကျောင်းသို့ အပ်နှံလေရာ ပထမ၌ ကျွန်ုပ်အဖို့ သွားဖော်၊ ပြန်ဖော်ရသည်ဆိုကာ အလွန်နေရာကျ၏။ နှစ်ယောက်သားအတူသွား၊ အတူပြန်ကြရာတွင် ကျွန်ုပ်တို့သည် ရွှေတချောင်း မြောင်းပေါင်တစ်လျှောက်တွင် ဂေါ်လီတစ်လုံးစီနှင့် ထွေခင်းလျက် လျှောက်လာကြ၏။ ထွေခင်းခြင်းဟူသည်မှာ တစ်ယောက်၏ဂေါ်လီကို တစ်ယောက်က ထိမှန်အောင် တစ်လှည့်စီပစ်ရင်း လမ်းလျှောက်လာကြခြင်းဖြစ်သည်။ ဤနည်းမှာ ကစားရင်းလမ်းလျှောက်လာခြင်းဖြစ်သောကြောင့် ခြေညောင်းမှန်းမသိဟု ဆိုနိုင်သော်လည်း တည့်တည့်ဖြောင့်ဖြောင့် လမ်းလျှောက်ရခြင်းမဟုတ်ဘဲ ကွေ့ကွေ့ ကောက်ကောက်နှင့် ဂေါ်လီကို ကောက်ယူရခြင်း၊ မှန်းချိန်ရခြင်း၊ တစ်လှည့်စီ ပစ်ရခြင်းတို့ကြောင့် အလွန်အချိန်ကုန်လှသဖြင့် ညနေ လေးနာရီတွင် ကျောင်းမှ လွှတ်လိုက်သော်လည်း နေဝင်မှ အိမ်သို့ ရောက်လာကြသည်။ တစ်ခါတစ်ရံတွင်လည်း ထွေခင်းရခြင်းကို ငြီးငွေ့လာကြသည်နှင့် တစ်နည်းတစ်ဖုံပြောင်း၍ ဆော့ကြသေး၏။

**ဆက်လက်ဖော်ပြပါမည်။**

## ပခုက္ကူမြို့ အမှတ်(၁) မြို့မစည်ပင်သာယာဈေးကြီး မီးဘေးအန္တရာယ်ကင်းဝေးစေရေး ကွင်းဆင်းစစ်ဆေး

ပခုက္ကူ ဇန်နဝါရီ ၈

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ်(၁) မြို့မစည်ပင်သာယာဈေးကြီး မီးဘေးအန္တရာယ်ကင်းဝေးစေရေး ဇန်နဝါရီလ ၈ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပခုက္ကူမြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဇော်မျိုးအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ သန္နှေမီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ဈေးအကျိုးတော်ဆောင်အဖွဲ့ဝင်များနှင့် ဈေးရုံကိုယ်စားလှယ်များ ပူးပေါင်း၍ မြို့မစည်ပင်သာယာဈေးကြီး အတွင်း၊ အပြင် မီးဘေးလုံခြုံစိတ်ချရမှု ရှိ/မရှိ၊ မီးသတ်ဆေးဘူးများ၊ အပေါ့စားမီးသတ်စက်နှင့်ပိုက်ခေါင်းများ၊ မီးချိတ်မီးကပ်နှင့်ရေပုံး၊ သဲပုံးများစသည့် မီးဘေးကြိုတင်ကာကွယ်ရေးသုံးပစ္စည်းများ စနစ်တကျ တပ်ဆင်ထားမှုရှိ၊ မရှိ၊ ဈေးဆိုင်ခန်းများ အလိုက် လျှပ်စစ်မီး စနစ်တကျရယူသုံးစွဲမှုရှိ၊ မရှိ၊ မီးဘေးအန္တရာယ်တွေ့ကြုံလာပါက ရေရယူသုံးစွဲနိုင်ရေးအတွက် ရေတွင်း၊ ရေကန်များ၊ အုတ်ရေလှောင်ကန်များ၌ ရေဖြည့်တင်းထားမှု ရှိ၊ မရှိ၊ မီးဘေးအန္တရာယ်သတိပေး ပိုစတာ ဆိုင်းဘုတ်များနှင့် အရေးပေါ်ဆက်သွယ်နိုင်မည့် ဖုန်းနံပါတ်များ ကြေညာကပ်ထားမှုရှိ၊ မရှိတို့ကို ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ခြင်း၊ အကြံပြုဆွေးနွေးခြင်းများ ကွင်းဆင်းဆောင်ရွက်ကြသည်။

ပခုက္ကူမြို့ အမှတ်(၁)မြို့မစည်ပင်သာယာဈေးကြီးသည် သွပ်မိုးအဆောက်အအုံဖြစ်ပြီး ဆိုင်ခန်းပေါင်း ၁၂၇၂ ခန်းဖြင့် ရောင်းဝယ်ဖောက်ကားလျက်ရှိကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ပနိုင်ငံအကြီးအကဲများထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများပေးပို့

နေပြည်တော် ဇန်နဝါရီ ၈

**၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့၌ ကျရောက်ခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ပနိုင်ငံအကြီးအကဲများထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြပါသည်။**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ သီရိလင်္ကာနိုင်ငံသမ္မတ မစ္စတာ အနူရာ ကုမာရ ဒစ်ဆာနာယက ထံမှပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

မိမိတို့နှစ်နိုင်ငံအကြား သမိုင်းဝင်ဆက်ဆံရေးသည် ရှေးရာစုနှစ်များစွာကတည်းက တည်ရှိခဲ့ပါသည်။ လွတ်လပ်ရေးရပြီးခေတ်နောက်ပိုင်းတွင် ဗုဒ္ဓဘာသာထုံးတမ်းအစဉ်အလာများနှင့် ယဉ်ကျေးမှုတို့တွင် နက်ရှိုင်းစွာအခြေခံလျက်ကဏ္ဍပေါင်းစုံနှင့် ခိုင်မာသည့်မိတ်ဖက်ဆက်ဆံရေးတို့ဖြင့် သံတမန်ဆက်ဆံရေးအား ဆယ်စုနှစ် ၇ ခုကျော်တည်ဆောက်ထားရှိပါသည်။ မိမိတို့၏ နီးကပ်သောယဉ်ကျေးမှုဆိုင်ရာ ဆက်သွယ်ဆောင်ရွက်မှုနှင့် ပြည်သူများအကြား ခိုင်မာသောထိတွေ့ဆက်ဆံမှုတို့ကြောင့် မိမိတို့နှစ်နိုင်ငံပြည်သူများအနေဖြင့် များစွာအကျိုးခံစားရလျက်ရှိပါသည်။

မြန်မာနိုင်ငံ၏လွတ်လပ်ရေးနေ့ကို မိမိတို့က ဂုဏ်ပြုသည့်အနေဖြင့် မိမိတို့၏ပူးပေါင်းဆောင်ရွက်မှုပိုမိုခိုင်မာစေရန်နှင့် ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများတွင် မိမိတို့၏ကြိုးပမ်းအားထုတ်မှုများခိုင်မာစေရန်အတွက် အဆွေတော်နှင့် နီးကပ်စွာလက်တွဲဆောင်ရွက်သွားမည်ဟု ထပ်လောင်းကတိကဝတ်ပြုပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်းနှင့် မြန်မာပြည်သူများ ဆက်လက်၍ ငြိမ်းချမ်းပြီးသာယာဝပြောမှုများပါစေကြောင်း ဆုမွန်ကောင်းများပို့သအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံသို့ သီရိလင်္ကာနိုင်ငံ နိုင်ငံခြားရေး၊ ပြည်ပအလုပ်အကိုင်ရေးရာနှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဗီဂျစ်သာ ဟီရတ် ထံမှပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်ထံသို့ မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူကြောင်းသဝဏ်လွှာပေးပို့အပ်ပါသည်။

သီရိလင်္ကာနှင့် မြန်မာနိုင်ငံတို့သည် ကာလရှည်တည်တံ့လျက်ရှိသည့် ဗုဒ္ဓဘာသာအမွေအနှစ်၊ နက်ရှိုင်းသောယဉ်ကျေးမှုဖလှယ်သည့် သမိုင်းကြောင်းနှင့် ခိုင်မာသော ပြည်သူအချင်းချင်းထိတွေ့ဆက်ဆံမှုတို့အပေါ်အခြေခံသည့် နှစ်နိုင်ငံဆက်ဆံရေးကိုထိန်းသိမ်းထားရှိပါသည်။ သံတမန်ဆက်ဆံရေးတည်ထောင်မှု (၇၅)နှစ်ကျော်ရှိလာပြီဖြစ်ရာ မိမိတို့၏နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကဏ္ဍတွင် ကုန်သွယ်ရေး၊ စိုက်ပျိုးရေး၊ ကာကွယ်ရေး၊ ခရီးသွားလာရေး၊ ပညာရေးနှင့်ယဉ်ကျေးမှုတို့ပါဝင်လျက်ရှိပါသည်။ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများတွင် မိမိတို့၏ဆက်ဆံရေးသည် ကုလသမဂ္ဂ၊ ဘင်္ဂလားပင်လယ်အော်ဒေသအတွင်း ကဏ္ဍစုံနည်းပညာနှင့်စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ်(ဘင်းမ်စတက်)နှင့်အာဆီယံဒေသတွင်းဖိုရမ်(အေအာရ်အက်ဖ်)တို့တွင် မိမိတို့၏ပူးပေါင်းဆောင်ရွက်မှုများက ထင်ဟပ်ဖော်ပြလျက်ရှိပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် မြန်မာပြည်သူများတိုးတက်၍ သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းများပို့သအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်းနှင့် ကျန်းမာ၍ကောင်းကျိုးများရရှိပါစေကြောင်း ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ (၁/၂၀၂၅) အစည်းအဝေးကျင်းပ



နေပြည်တော် ဇန်နဝါရီ ၈

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ (၁/၂၀၂၅) အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများက Virtual စနစ်ဖြင့် ပါဝင်တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် တက်ရောက်လာကြသည့် ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၏ အဆိုပြုတင်ပြလာမှုကို အတည်ပြုပြီးပါက ဖွဲ့စည်းပြီးလုပ်ငန်းတာဝန်အလိုက် စတင်ဆောင်ရွက်ကြရန်လိုကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များကလည်း ဒေသတွင်း MSME များ၏ ထုတ်ကုန်နှင့်ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ်မြှင့်တင်နိုင်ရန်၊ ပြည်ပသို့ ဈေးကွက်ချဲ့ထွင်နိုင်ရန်အတွက် ဒေသထွက်ကုန်များကို ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲတွင် လာရောက်ယှဉ်ပြိုင်ပြသရောင်းချခြင်းသည် အကျိုးရှိမည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ ကျင်းပနိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို တင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီးများ၊ ဆပ်ကော်မတီဥက္ကဋ္ဌများ၊ တိုင်းဒေသကြီး၊ ပြည်နယ် MSME အေဂျင်စီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ဆပ်ကော်မတီများဖွဲ့စည်းမှု၊ ဆပ်ကော်မတီအလိုက် အဆိုပြုဖွဲ့စည်းမိန့်နှင့် ဆောင်ရွက်မည့်လုပ်ငန်းတာဝန်များ၊ ပြခန်းများနေရာချထားမှုနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ပြခန်းများနှင့် ရိုးရာအစားအသောက်ခန်းများ ပါဝင်ပြသရောင်းချမည့်အခြေအနေများကို ဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၀)

## စာပေဗိမာန် စာအုပ်အသင်း စာအုပ်ဖြန့်ချီ

ရန်ကုန် ဇန်နဝါရီ ၈

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက စာပေဗိမာန်စာမူဆု၊ မြန်မာ့ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာစာပေ ပထမဆုရ “စောပုလဲမယ်” ရေးသားသည့် “ရွှေတိဂုံစေတီတော် ခေါင်းလောင်းတော်များ”စာအုပ်ကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလအသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များထံသို့ ဖြန့်ချိလျက်ရှိသည်။

ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး စာပေဗိမာန်စာအုပ်အသင်း အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ တို့သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)



## ဘယ်လာရုစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr.Maxim RYZHENKOV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့မြန်မာနိုင်ငံသို့ရောက်ရှိ

ရန်ကုန် ဇန်နဝါရီ ၈

ဘယ်လာရုစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr.Maxim RYZHENKOV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ည ၉ နာရီ ၁၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ရောက်ရှိသည်။

ဧည့်သည်တော်နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဖြိုးဝင်း၊ ရန်ကုန်မြို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရန်ကုန်မြို့အခြေစိုက် ဘယ်လာရုစ်ဂုဏ်ထူးဆောင်ကောင်စစ်ဝန်ရုံးမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ရခိုင်ပြည်နယ်မှ ရန်ကုန်တိုင်းဒေသကြီးအတွင်း တွဲဖက်တာဝန်ချထားသည့် ဝန်ထမ်းများနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၈

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မိုးမြင့်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ရခိုင်ပြည်နယ်မှ တွဲဖက်တာဝန်ချထားသည့် ဝန်ထမ်းများကို မြောက်ပိုင်းခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းပြည့်စုံမှန်ကန်စေရေး မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုဗဟိုကော်မတီက ပေးပို့လာသော e-ID လူဦးရေစာရင်းများကို ဗဟိုမဲဆန္ဒရှင်စာရင်း စီမံခန့်ခွဲမှုစနစ် CVLMS သို့ထည့်သွင်းဆောင်ရွက်နေမှုအခြေအနေများနှင့် ဝန်ထမ်းများ၏ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက်ရန်ကုန်တိုင်းဒေသကြီးအတွင်း တွဲဖက်တာဝန်ချထားသည့် ရခိုင်ပြည်နယ်အတွင်းရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှ အရာထမ်း၊ အမှုထမ်းတို့က လိုအပ်သည်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)



## Naypyitaw State Polytechnic University ၌ မောင်မယ်သစ်လွင်ကြိုဆိုပွဲကျင်းပ




နေပြည်တော် ဇန်နဝါရီ ၈

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် Naypyitaw State Polytechnic University ၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲကို ယနေ့နံနက်၉ နာရီတွင် အဆိုပါတက္ကသိုလ်ရှိ စုဝေးခန်းမ၌ကျင်းပရာ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ (ဌာနမှူးများ)၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ကြိုဆိုပွဲတွင် Naypyitaw State Polytechnic University ဒုတိယပါမောက္ခချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြို့ပြအင်ဂျင်နီယာ၊ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ၊ စက်မှုအင်ဂျင်နီယာ၊ အီလက်ထရွန်နစ်အင်ဂျင်နီယာ၊ စိုက်ပျိုးရေးအင်ဂျင်နီယာ၊ ကွန်ပျူတာအင်ဂျင်နီယာနှင့် သတင်းအချက်အလက်နည်းပညာ၊ ဗိသုကာ၊ ကွန်ပျူတာသိပ္ပံနှင့် ကွန်ပျူတာနည်းပညာ သင်တန်းကျောင်းသား၊ ကျောင်းသူများ၏ ကိုယ်စား ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် Naypyitaw State Polytechnic University ကျောင်းသား၊ ကျောင်းသူများက "သကြၤန်မိုး" တေးသီချင်းဖြင့် ကပြဖျော်ဖြေကာ ကြိုဆိုပွဲ အစီအစဉ်အတိုင်း ဆက်လက်ကျင်းပကြကြောင်းသိရသည်။

နန်းရွှေရတီ(ပြန်/ဆက်)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၇˚င | / | ၃၀˚င |
| ရန်ကုန် | ၁၈˚င | / | ၃၂˚င |
| မန္တလေး | ၁၈˚င | / | ၃၂˚င |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေ

**တောင်တွင်းကြီး ဇန်နဝါရီ ၈**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ မြို့မအခြေခံပညာအလယ်တန်းကျောင်း၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းဆပ်ကော်မတီမှ ထုတ်ဝေသည့် ကလေးအလုပ်သမားခိုင်းစေခြင်းအား အတူတကွတိုက်ဖျက်ကြပါစို့ ခေါင်းစဉ်ဖြင့် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဇန်နဝါရီလ ၈ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်ကြောင်း သိရသည်။



ထိုသို့ဆောင်ရွက်ရာတွင် ပညာပေး လက်ကမ်းစာစောင်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက မြို့မအခြေခံပညာအလယ်တန်းကျောင်းရှိကျောင်းသား၊ ကျောင်းသူများထံ ဖြန့်ဝေပေးသည်။

အဆိုပါလက်ကမ်းစာစောင်တွင် ကလေးအလုပ်သမားဆိုသည်မှာ မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက် ရည်မှန်းချက် (၆)ရပ်၊ အလွန်အမင်း လေးလံသောဝန်ချိန် ခိုင်းစေခြင်းကို တားမြစ်ခြင်း၊ ငယ်ရွယ်သောကလေးများ၊ ကလေးသူငယ်များ ခိုင်းစေခြင်းကို တားမြစ်ခြင်း၊ မှတ်ပုံတင်ဆရာဝန်ထောက်ခံချက်လက်မှတ်ထုတ်ပေးခြင်း၊ ကလေးများ အလုပ်လုပ်သည့် အချိန်သတ်မှတ်ခြင်း၊ ကလေးအလုပ်သမားမှတ်ပုံတင်စာအုပ်ထားရှိခြင်းနှင့် ကလေးသူငယ်များကို အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်း၊ ပြစ်မှုနှင့် ပြစ်ဒဏ်များစသည်ဖြင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ပညာပေး အချက်အလက်များစုံလင်စွာပါရှိကြောင်း သိရသည်။

**နောင်နောင် (ဗိဿနိုးမြေ)**

# စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၈**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနစုပေါင်းခန်းမ၌ စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီလ ၈ ရက်တွင်ကျင်းပသည်။

ဟောပြောပွဲတွင် ဒက္ခိဏခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းမေစုအောင်က စာအုပ်၊ စာပေဖတ်ရှုလေ့လာခြင်းမှ အသိပညာဗဟုသုတများစွာရရှိနိုင်သဖြင့် စာအုပ်၊ စာပေလေ့လာဖတ်ရှုရာတွင် ရရှိသည့်ဗဟုသုတများကို ပြန်လည်မျှဝေဆွေးနွေးကြရမည် ဖြစ်ကြောင်း၊ စာဖတ်ခြင်းဖြင့် အမှား၊ အမှန်ကို ဝေဖန်သုံးသပ်နိုင်ပြီး အသိပညာဗဟုသုတများ ရရှိစေမည်ဖြစ်သဖြင့် စာပေလေ့လာဖတ်ရှုနိုင်မည့် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးကြရမည်ဖြစ်ကြောင်း၊ လူငယ်လူရွယ်များ အသိပညာဗဟုသုတရရှိစေရေး၊ စာဖတ်အားကောင်းမွန်စေရေး၊ စာကြည့်တိုက်များတွင် စာပေဖတ်ရှုသည့်အလေ့အကျင့်များ ရရှိလာစေရေးတို့အတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဟောပြောပွဲအပြီးတွင် အခမ်းအနားတက်ရောက်လာကြသူများသည် ဒက္ခိဏခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာ နံရံကပ်စာစောင် များကို စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**အောင်သူရဦး(ပြန်/ဆက်)**

# ကျွဲ၊နွားကာကွယ်ဆေးထိုးနှံပြီး ရောဂါကာကွယ်ရေးဆိုင်ရာ အသိပညာပေး

**ဘိုကလေး ဇန်နဝါရီ ၈**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ကျွန်းသာယာကျေးရွာအုပ်စုသို့ ဇန်နဝါရီလ ၈ ရက် နံနက်ပိုင်းတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကွင်းဆင်း၍ ကျွဲ၊ နွားမွေးမြူထားရှိသော တောင်သူများနှင့်တွေ့ဆုံကာ ကျွဲ၊ နွားများနှင့်ပတ်သတ်သည့် ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ အသိပညာပေးဟောပြောခြင်း၊ ထို့နောက် ကျွဲ၊ နွားများအား ကာကွယ်ဆေးထိုးနှံပေးခြင်းတို့ ဆောင်ရွက်ကြကြောင်း သိရသည်။

အသိပညာပေးဟောပြောရာတွင်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာကျော်မိုးဝင်းက ကျွဲ၊ နွားများတွင်ဖြစ်တတ်သော ကူးစက်ရောဂါများ အကြောင်း၊ ၎င်းကူးစက်ရောဂါများကို ကာကွယ်ထိန်းချုပ်ခြင်း နည်းလမ်းများ အကြောင်း အသိပညာပေးပြောကြားသည်။ ထို့နောက် ဒေသတွင်းရှိ ကျွဲ၊ နွားများအား ကာကွယ်ဆေးများထိုးနှံပေးကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**

# အောင်လံမြို့နယ်၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး



**အောင်လံ ဇန်နဝါရီ ၈**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆင်ချီတိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဇန်နဝါရီလ ၈ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ထားထားရီနှင့် ဝန်ထမ်းများက ကျေးရွာစီမံကိန်းတာဝန်ခံများနှင့်အတူ ဆင်ချီတိုင်ကျေးရွာ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာစီမံကိန်းကော်မတီဝင်များအနေဖြင့် စီမံကိန်းလုပ်ငန်းကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးနှင့် အရည်အသွေးကောင်းမွန်အောင် ဆောင်ရွက်သွားရန်ဆွေးနွေးမှာကြားသည်။

ဆင်ချီတိုင်ကျေးရွာ ကျေးရွာတွင်း ကွန်ကရစ်လမ်း အရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၆ လက်မကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၁၁ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၄ သန်းတို့ဖြင့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၇၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။

အဆိုပါစီမံကိန်းကို ဆောင်ရွက်ခြင်းဖြင့် ကျေးရွာရှိ အိမ်ခြေ ၁၇၉ အိမ်၊ လူဦးရေ ၅၅၅ ဦးတို့ ရာသီမရွေးသွားလာနိုင်ခြင်း၊ ကျေးလက်နေပြည်သူတို့၏ စွမ်းဆောင်ရည်မြင့်တက်ခြင်း၊ နည်းပညာများရရှိခြင်း၊ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်တတ်လာခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်ကြောင်း အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးကပြောသည်။

**ကိုလှိုင်**

လမ်းလျှောက်ခြင်းကြောင့် ခန္ဓာကိုယ်ရှိ သွေးကြောများ သွေးလည်ပတ်မှုကောင်းစေသည်။

# ကန့်ဘလူမြို့နယ်၌ တစ်နိုင်တစ်ပိုင်စိုက်ပျိုးထားသော သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ကန့်ဘလူ ဇန်နဝါရီ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအပြင် တစ်ဖက်တစ်လမ်းမှဝင်ငွေရရှိသည့် မီးဖိုချောင်သုံးစားပင်သီးနှံများ၊ ပန်းများကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးလုပ်ကိုင်လာကြပြီး စိုက်ခင်းများအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း စိုက်ပျိုးသူတောင်သူများထံမှ သိရသည်။

"ဒီဆောင်းမှာ ခရမ်း၊ ခရမ်းချဉ်၊ ကိုက်လန်၊ ပန်းမုန်လာ၊ မုန်လာထုပ်၊ မေမြို့ပန်း၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူတို့ကို စိုက်ပျိုးထားပါတယ်။ ကန့်ဘလူမြို့မဈေးမှာ ကိုယ်တိုင်လည်းရောင်းသလို၊ ဖောက်သည်လည်းပေးပါတယ်။ အခြားသီးနှံ ရုံးပတီ၊ နံနံ၊ ပန်းထိမ်ငိုပန်းတွေလည်းစိုက်ဖို့ရှိပါတယ်။ ကျွန်တော်ကတော့ ဒီစားပင်သီးနှံ ပန်းတွေကို ရာသီအလိုက်အမြဲစိုက်ပျိုးလုပ်ကိုင်နေပြီး တစ်ဖက်တစ်လမ်းမှ မိသားစုစီးပွားရေးအတွက်လည်း အထောက်အကူပြုပါတယ်"ဟု ကန့်ဘလူမြို့အမှတ်(၂)ရပ်ကွက်မှ တောင်သူ ဦးဖိုးထွန်းကပြောသည်။



ကန့်ဘလူမြို့နယ်ရှိဒေသခံတောင်သူများသည် ပန်းမုန်လာ၊ မုန်လာထုပ်၊ နံနံ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ခရမ်း၊ ခရမ်းချဉ်၊ ကိုက်လန်၊ ဆလတ်၊ ငရုတ်၊ မေမြို့ပန်း၊ ဂန္ဓမာပန်း၊ ပန်းထိမ်ငိုပန်းတို့ကို တစ်ဖက်တစ်လမ်းမှ မိသားစုဝင်ငွေရရှိရေးအတွက် တစ်နိုင်တစ်ပိုင် စိုက်ပျိုးလုပ်ကိုင်လာကြကြောင်းနှင့်မိသားစုစားဝတ်နေရေးအတွက် အပိုဝင်ငွေရရှိစေရန် မိမိတို့၏အိမ်ခြံဝင်း မြေကွက်လပ်များနှင့်ဥယျာဉ်ခြံများ၌ မြေအောက်ရေဖြင့် စားဖိုဆောင်သီးနှံမျိုးစုံကို တစ်နိုင်တစ်ပိုင်စိုက်ပျိုးကြကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါဖြစ်ပွားစေသည့် HMPV ဗိုင်းရပ်စ်ပိုး

၂၀၂၄ ခုနှစ်မှ ၂၀၂၅ ခုနှစ်သို့ အကူးအပြောင်းကာလတွင် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကိုဖြစ်ပွားစေတတ်သော Human metapneumovirus(HMPV) ဗိုင်းရပ်စ်ပိုးကူးစက်ဖြစ်ပွားမှုများနှင့်ပတ်သက်၍ ကမ္ဘာ့သတင်းမီဒီယာများတွင် ကျယ်ကျယ်ပြန့်ပြန့်ဖော်ပြလျက်ရှိသည်ကို တွေ့ရသည်။

အဆိုပါ ဗိုင်းရပ်စ်ပိုးအပါအဝင် ရာသီတုပ်ကွေးရောဂါကဲ့သို့ အဏုဇီဝရောဂါပိုးများကြောင့်ဖြစ်ပွားသည့် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများကာကွယ်ရေးနှင့်ပတ်သက်သည့်အချက်အလက်များကို ပြည်သူများ သိရှိလိုက်နာဆောင်ရွက်နိုင်ကြစေရေး ဖော်ပြလိုက်ရပါသည်။

Human metapneumovirus (HMPV) ဗိုင်းရပ်စ်ပိုးကို ၂၀၀၁ ခုနှစ်၌ နယ်သာလန်နိုင်ငံရှိ ကလေးငယ် ၂၈ ဦးတွင် သုတေသနပညာရှင် Bernadette G. van den Hoogen နှင့်အဖွဲ့က စတင်တွေ့ရှိခဲ့ပြီး အဆိုပါဗိုင်းရပ်စ်ပိုးသည် ရာသီတုပ်ကွေးရောဂါဗိုင်းရပ်စ်ပိုးများနှင့်အသက်ရှူလမ်းကြောင်းရောဂါဖြစ်ပွားစေတတ်သည့် (Respiratory Syncytial Virus – RSV) ဗိုင်းရပ်စ်ပိုးတို့ကဲ့သို့ ကမ္ဘာ့နိုင်ငံအနှံ့အပြား၌ ဆောင်းရာသီကာလတွင် ဖြစ်ပွားမှုများပြားလေ့ရှိသည်။

HMPV ဗိုင်းရပ်စ်ပိုးနှင့်ပတ်သက်၍ မိမိတို့မြန်မာနိုင်ငံ၌ ၂၀၁၄ ခုနှစ်ကဆောင်ရွက်ခဲ့သည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများဖြစ်ပွားစေသည့် ဗိုင်းရပ်စ်ပိုးများအား စစ်ဆေးခဲ့သည့် သုတေသနတွေ့ရှိချက်အရ HMPV ဗိုင်းရပ်စ်ပိုးဖြစ်ပွားမှုရှိခဲ့ကြောင်း တွေ့ရှိခဲ့ရသည်။ အဆိုပါ ဗိုင်းရပ်စ်ပိုးသည် ကိုဗစ်-၁၉ ရောဂါ ဗိုင်းရပ်စ်ပိုးကဲ့သို့ အသစ်ဖြစ်ပေါ်လာသည့် ဗိုင်းရပ်စ်ပိုးအမျိုးအစားသစ် (novel virus)တစ်ခုမဟုတ်ကြောင်း တွေ့ရသည်။

လက်ရှိအချိန်၌ နိုင်ငံတကာမီဒီယာများတွင် HMPV ဗိုင်းရပ်စ်ပိုးကူးစက်ဖြစ်ပွားမှုသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ဖြစ်ပွားမှုများပြားနေသည်ဟု ဖော်ပြလျက်ရှိသော်လည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဗဟိုဌာန (Chinese Center for Disease Control and Pre–vention–China CDC) မှ ရရှိသော သတင်းအချက်အလက်များအရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါဖြစ်ပွားမှုသည် ဆောင်းရာသီဖြစ်၍ နှစ်စဉ်ရောဂါဖြစ်ပွားမှုပုံစံအတိုင်း မြင့်တက်ခြင်းသာဖြစ်ပြီး HMPV ဗိုင်းရပ်စ်ပိုးကြောင့် အသက်ရှူလမ်းကြောင်းရောဂါဖြစ်ပွားမှုအခြေအနေကို အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ကြေညာထားခြင်းမရှိကြောင်း သိရသည်။ ထို့ပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ယခုနှစ် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါဖြစ်ပွားမှုသည် ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ရောဂါဖြစ်ပွားမှုအရေအတွက်အရသော်လည်းကောင်း၊ ရောဂါပြင်းထန်မှုအရသော်လည်းကောင်း လျော့နည်းသွားကြောင်း သိရသည်။

HMPV ဗိုင်းရပ်စ်ပိုးသည် အသက်အရွယ်မရွေး ကူးစက်ဖြစ်ပွားနိုင်ပြီး ကလေးငယ်များ၊ အသက်အရွယ်ကြီးရင့်သူများနှင့် ကိုယ်ခံအားစနစ်ကျဆင်းနေသူများတွင် ပိုမိုကူးစက်နိုင်၍ ၎င်းတို့တွင် ရောဂါပိုမိုပြင်းထန်နိုင်ခြေရှိသည်။ သို့ရာတွင် ရောဂါပိုးကြောင့် သေဆုံးမှုနှုန်းမှာ အသက်ရှူလမ်းကြောင်းနှင့်ပတ်သက်သောရောဂါများကြောင့် သေဆုံးမှုများအားလုံး၏ တစ်ရာခိုင်နှုန်းအောက်တွင်သာရှိကြောင်း သိရသည်။

**"ရောဂါပျိုးရက်မှာ သုံးရက်မှ ခြောက်ရက်အထိဖြစ်ပြီး ရောဂါလက္ခဏာများအနေဖြင့် ချောင်းဆိုးခြင်း၊ ဖျားခြင်း၊ နှာပိတ်ခြင်း၊ အသက်ရှူကျပ်ခြင်းများ ခံစားရလေ့ရှိပြီး ရောဂါကူးစက်ခံရသူအများစုသည် ရောဂါလက္ခဏာများ စတင်ပေါ်ပေါက်သည့် အချိန်မှစ၍ သုံးရက်မှ ၁၀ ရက်အတွင်း ပြန်လည်သက်သာကောင်း မွန်လေ့ရှိသည်။ ရောဂါလက္ခဏာပိုမိုပြင်းထန်ပါက တခြား အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများကဲ့သို့ လေပြွန်ရောင်ခြင်း၊ အဆုတ်ရောင်ခြင်းများ ခံစားရနိုင်သည်။ ထို့ပြင် ရောဂါကြောင့် တချို့ကလေးငယ်များတွင် ဝမ်းလျှောခြင်း၊ အန်ခြင်း၊ အနီစက်ထွက် ခြင်း၊ အဖျားကြီး၍တက်ခြင်း စသည်တို့ခံစားရနိုင်ပါသည် . . ."**

HMPV ဗိုင်းရပ်စ်ပိုးသည် တခြားအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါပိုးများဖြစ်သည့် ရာသီတုပ်ကွေးနှင့် ကိုဗစ်-၁၉ ရောဂါဗိုင်းရပ်စ်ပိုးတို့ကဲ့သို့ ချောင်းဆိုးခြင်း၊ နှာချေခြင်းမှထွက်ရှိသည့် အစက်အမှုန်များမှ တစ်ဆင့်ကူးစက်ခြင်း (Droplet transmission)၊ ရောဂါကူးစက်ခံစားနေရသူနှင့် ထိတွေ့ခြင်း သို့မဟုတ် လက်ဆွဲနှုတ်ဆက်ခြင်းစသည့် အနီးကပ်ထိတွေ့ခြင်း၊ ရောဂါပိုးကပ်ငြိနေသည့် အရာဝတ္ထုအသုံးအဆောင်ပစ္စည်းများနှင့် မျက်နှာပြင်များမှတစ်ဆင့် ပါးစပ်၊ နှာခေါင်း၊ မျက်စိတို့အား ထိတွေ့ခြင်းတို့မှ ကူးစက်နိုင်သည်။

ရောဂါပျိုးရက်မှာ သုံးရက်မှ ခြောက်ရက်အထိဖြစ်ပြီး ရောဂါလက္ခဏာများအနေဖြင့် ချောင်းဆိုးခြင်း၊ ဖျားခြင်း၊ နှာပိတ်ခြင်း၊ အသက်ရှူကျပ်ခြင်းများ ခံစားရလေ့ရှိပြီး ရောဂါကူးစက်ခံရသူအများစုသည် ရောဂါလက္ခဏာများ စတင်ပေါ်ပေါက်သည့်အချိန်မှစ၍ သုံးရက်မှ ၁၀ ရက်အတွင်း ပြန်လည်သက်သာကောင်းမွန်လေ့ရှိသည်။ ရောဂါလက္ခဏာပိုမိုပြင်းထန်ပါက တခြားအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများကဲ့သို့ လေပြွန်ရောင်ခြင်း၊ အဆုတ်ရောင်ခြင်းများ ခံစားရနိုင်သည်။ ထို့ပြင် ရောဂါကြောင့် တချို့ကလေးငယ်များတွင် ဝမ်းလျှောခြင်း၊ အန်ခြင်း၊ အနီစက်ထွက်ခြင်း၊ အဖျားကြီး၍တက်ခြင်း စသည်တို့ခံစားရနိုင်ပါသည်။

HMPV ဗိုင်းရပ်စ်ပိုး ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးရာတွင် Nucleic Acid Amplification Test (NAAT) ဖြင့် ဗိုင်းရပ်စ်၏မျိုးရိုးဗီဇ (Virus genome) အား စစ်ဆေးခြင်းနှင့် Immunofluorescenc eassay or Enzyme Immunoassay ဖြင့် ဗိုင်းရပ်စ်(Virus Antigen)အား စစ်ဆေးခြင်းတို့ဖြင့် ဆောင်ရွက်နိုင်သည်။

လတ်တလောတွင် HMPV ဗိုင်းရပ်စ်ပိုးအတွက် ထိရောက်သည့်ဗိုင်းရပ်စ်ပိုးကို ရှင်းလင်းနိုင်သည့် ဗိုင်းရပ်စ်ဆန့်ကျင်ဆေးဝါးများနှင့် ကာကွယ်ဆေးများမရှိသေးဘဲ ရောဂါလက္ခဏာများကို သက်သာစေသည့်ဆေးကုသမှုများသာ ဆောင်ရွက်နိုင်ကြောင်း သိရသည်။

ရောဂါကာကွယ်ရေးနည်းလမ်းများအနေဖြင့် ရာသီတုပ်ကွေးရောဂါပိုး၊ ကိုဗစ်-၁၉ ရောဂါပိုးတို့ကို ကာကွယ်သည်နှင့်အလားတူ ရောဂါကာကွယ်ရေးနည်းလမ်းများဖြစ်သည့် အများပြည်သူအသုံးပြုသည့်နေရာများရှိ မျက်နှာပြင်များကိုထိတွေ့ပြီးသည့်အခါတိုင်း၊ တခြားသူများနှင့် မဖြစ်မနေလက်ဆွဲနှုတ်ဆက်ပြီးသည့်အခါတိုင်းတွင် လက်ကိုဆပ်ပြာနှင့်ရေအသုံးပြု၍ အနည်းဆုံးစက္ကန့် ၂၀ ကြာ စနစ်တကျဆေးကြောခြင်း သို့မဟုတ် ရေမလိုလက်သန့်စင်ဆေးရည်အသုံးပြုခြင်း၊ ရောဂါလက္ခဏာများဖြစ်သည့် ချောင်းဆိုးခြင်း၊ ဖျားခြင်း၊ နှာပိတ်ခြင်းဖြစ်နေသူများနှင့် ခပ်ခွာခွာနေခြင်း၊ ရောဂါလက္ခဏာတစ်ခုခုရှိသူတို့အနေဖြင့် လူထူထပ်သည့်နေရာများသို့ သွားရောက်ခြင်းမှ ရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရောက်ပါက ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်သည်။ ရောဂါလက္ခဏာရှိသူများအထူးသဖြင့် အသက် ၆၀ နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူများ၊ ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကိုယ်ခံအားကျဆင်းနေသူများသည် အထက်ဖော်ပြပါရောဂါလက္ခဏာများခံစားရသည့်အပြင် အသက်ရှူကျပ်ခြင်း၊ မောပန်းခြင်းစသည့် ပြင်းထန်ရောဂါလက္ခဏာများပေါ်ပေါက်လာပါက နီးစပ်ရာဆေးရုံ၊ ဆေးခန်းများသို့ အမြန်ဆုံးသွားရောက်၍ ဆေးကုသမှုခံယူရမည်ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံအတွင်း HMPV ဗိုင်းရပ်စ်ပိုးနှင့် ရာသီတုပ်ကွေးရောဂါပိုးအပါအဝင် အဏုဇီဝပိုးများကြောင့်ဖြစ်ပွားသည့် လတ်တလောအသက်ရှူလမ်းကြောင်းရောဂါများကို အချိန်ပြည့်ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းစနစ်ဖြင့် စောင့်ကြပ်ကြည့်ရှုလျက်ရှိသည်။ ထို့ပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အပြည်ပြည်ဆိုင်ရာ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ကြေညာထားသော ကူးစက်ရောဂါများ နိုင်ငံအတွင်းသို့ ကူးစက်မှုမရှိစေရေးအတွက် အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်းနှင့် နယ်စပ်ဝင်ထွက်ပေါက်များတွင် ကူးစက်ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများနှင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ ကျန်းမာရေးဆိုင်ရာထုတ်ပြန်ချက်များကို စဉ်ဆက်မပြတ်စောင့်ကြပ်ကြည့်ရှုလျက်ရှိပြီး ရောဂါကာကွယ်ထိန်းချုပ်ကုသရေးတုံ့ပြန်ဆောင်ရွက်မှုများကို အချိန်နှင့်တစ်ပြေးညီ အထူးအလေးထား၍ ဦးစားပေးလုပ်ငန်းအဖြစ် ဆောင်ရွက်လျက်ရှိသည်။

အချုပ်ဆိုရသော် ယခုကဲ့သို့ ဆောင်းရာသီကာလတွင် ဖြစ်ပွားမှုများပြားနိုင်သည့် HMPV ဗိုင်းရပ်စ်ပိုးနှင့် ရာသီတုပ်ကွေးရောဂါဗိုင်းရပ်စ်ပိုးတို့ကဲ့သို့သော ဗိုင်းရပ်စ်ပိုးများကြောင့်ဖြစ်ပွားသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာကူးစက်ရောဂါများနှင့် တခြားအဏုဇီဝရောဂါပိုးများကြောင့်ဖြစ်ပွားသည့် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများမှ ကာကွယ်နိုင်ရေး ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိရှိစွာဖြင့် ရောဂါကာကွယ်ရေးနည်းလမ်းများကို သိရှိပြီး အားလုံးက လိုက်ပါဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

ဒေါက်တာသန်းနိုင်စိုး

## အိမ်မဲမြို့နယ် တကောကျေးရွာရှိ ဆီထွက်သီးနှံနေကြာ ၁၀ ဧက စံပြစိုက်ခင်းတွင် ရှက်ဖျန်းမြေသြဇာပက်ဖျန်းခြင်းဆောင်ရွက်

အိမ်မဲ ဇန်နဝါရီ ၈

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် တကောကျေးရွာရှိ ဆီထွက်သီးနှံနေကြာ ၁၀ ဧက စံပြစိုက်ခင်းတွင် ရှက်ဖျန်းမြေသြဇာပက်ဖျန်းခြင်းကို ဇန်နဝါရီလ ၈ ရက်တွင် ဆောင်ရွက်ကြသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်ကိုကိုဦး၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအဖွဲ့ဝင်များက တကောကျေးရွာမှ တောင်သူဦးကျော်ဝင်းအောင်၏ကွင်း၊ ဦးပိုင်အမှတ် (၂၀၁၈၄၂/၁) ၌ ၂၀၂၄ ခုနှစ် နိုဝင်ဘာလနောက်ဆုံးပတ်က စိုက်ပျိုးထားသော(Super Sun –41) ဆီထွက်သီးနှံနေကြာပင်များကို ရှက်ဖျန်းမြေသြဇာပက်ဖျန်းနေမှုအား ကြည့်ရှုအားပေးခဲ့သည်။

တကောကျေးရွာမှ ဆီထွက်သီးနှံနေကြာ ၁၀ ဧကစံပြစိုက်ခင်းကို အောင်မြင်ဖြစ်ထွန်းစေရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးမြင့်အောင်နှင့် ဝန်ထမ်းများက ကွင်းဆင်းကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ချစ်သက်လယ်(အိမ်မဲပြန်/ဆက်)

## သထုံမြို့ လေးဆူဓာတ်စံရွှေစာရံစေတီတော်မြတ်ကြီး (၃၃)ကြိမ်မြောက်ပဋ္ဌာန်းဒေသနာတော်နှင့်ဗြဟ္မဇာလသုတ်တော် ရွတ်ဖတ်ပူဇော်ပွဲကျင်းပ



သထုံ ဇန်နဝါရီ ၈

မွန်ပြည်နယ် သထုံမြို့၏ကျက်သရေဆောင် လေးဆူဓာတ်စံရွှေစာရံစေတီတော်မြတ်ကြီး၏ (၃၃)ကြိမ်မြောက် ပဋ္ဌာန်းဒေသနာတော်နှင့် ဗြဟ္မဇာလသုတ်တော် ရွတ်ဖတ်ပူဇော်ပွဲကို သုဝဏ္ဏဘူမိသာသနာ့ဗိမာန်တော်၌ ဇန်နဝါရီလ ၈ ရက် နံနက်ပိုင်းတွင် စတင်ကျင်းပပူဇော်ကြောင်း သိရသည်။

ရှေးဦးစွာ ဆရာတော်ကြီးများနှင့်တက်ရောက်လာကြသူများက အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး သထုံမြို့ ညောင်ဝလေးပင်ကျောင်းတိုက်ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တအရှင်ပညာထံမှ ဉ္စ်ပရိသတ်အပေါင်းတို့က သီလခံယူဆောက်တည်ကာ တရားတော်မြတ်ကို နာယူတော်မူသည်။

ဆက်လက်၍ ရွှေစာရံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးခွန်သိန်းရွှေက ပူဇော်ပွဲပြုလုပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြလျှောက်ထားပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲနိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မိုးစိုးတို့က ပဋ္ဌာန်းဒေသနာတော်နှင့်ဗြဟ္မဇာလသုတ်တော် ပူဇော်ပွဲအတွက် ဌာနဆိုင်ရာများမှစုပေါင်းလှူဒါန်းငွေအား ဆရာတော်ထံပေးအပ်လှူဒါန်းသည်။

ထို့နောက် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တသူရိယက ပဋ္ဌာန်းဒေသနာတော်ကို စတင်ရွတ်ဖတ်ဖွင့်လှစ်ပေးပြီး အလှည့်ကျသံဃာတော်အရှင်သူမြတ်တို့က ဒေသနာတော်အား ရွတ်ဖတ်ပူဇော်သည်။

အဆိုပါ ပဋ္ဌာန်းဒေသနာတော်နှင့်ဗြဟ္မဇာလသုတ်တော်ရွတ်ဖတ်ပူဇော်ပွဲတွင် သထုံမြို့နယ်အတွင်းရှိ သံဃာတော် ၂၆ ပါးက ဇန်နဝါရီလ ၈ ရက် နံနက်ပိုင်းမှစတင်ကာ ငါးရက်ကြာ နေ့ညအသံမစဲရွတ်ဖတ်ပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## သရက်-မင်းလှလမ်းမှဓာတ်ကုန်း-ပေါက်တောလမ်းပေါ်ရှိ ရေကျော်တည်ဆောက်ခြင်းလုပ်ငန်းကိုကွင်းဆင်းစစ်ဆေး

သရက် ဇန်နဝါရီ ၈

မကွေးတိုင်းဒေသကြီး သရက်မြို့၌ သရက်-မင်းလှလမ်းမှဓာတ်ကုန်း-ပေါက်တောလမ်းပေါ်ရှိရေကျော်တည်ဆောက်ခြင်းလုပ်ငန်းကို တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးကြောင်းသိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သရက်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေကျပ် ၂၄၃ ဒသမ ၇၅ သန်းဖြင့် ထနောင်းမြန်မာကုမ္ပဏီက တာဝန်ယူတည်ဆောက်သော သရက်-မင်းလှလမ်းမှ ဓာတ်ကုန်း-ပေါက်တောလမ်းပေါ်ရှိ ရေကျော် R.C.C Box ပါသော ရေကျော်ပေ ၂၂၀ တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များမှာကြားကြောင်း သိရသည်။



**ဇော်ထက်(သရက်)**

## ဥဒါဟရုဏ်

* * * * *

* ခူးခြွေမှာ ကြောက်ရွံ့လို့<br>
နောက်တွန့်သည့် မာလာငုံ<br>
ရှာမကြုံ ဖွေမတွေ့။<br>
အဆတိုးဖြာလို့<br>
မြရိုးညှာ ကျူးထုံဆင့်<br>
ဖူးငုံပွင့်လေ့။

* ရိတ်ဖြတ်မှာ စိုးကြောက်လို့<br>
ညှိုးခြောက်သည့် မြေစာပင်<br>
ဖွေရှာမမြင် စားကျက်လွင်ထဲ။<br>
အလှ စီရရီနှင့်<br>
မြပန်းချီ မြရိုးရွက်<br>
ဆတိုးထွက်မြဲ။

* သဘောမဟန်တဲ့<br>
လောကဓံ ဆွဲချလို့<br>
လဲကျမပြေ နိမ့်ခိုက်မှာ<br>
ခြိမ့်လိုက်ပါ မာန်နှင့်အား။<br>
ပန်းနှင့်မြက်<br>
ကမ်းလင့်ဆက် ဥဒါဟရုဏ်သို့<br>
လူ့မဟာဂုဏ် နှစ်ပြန်ဆင့်<br>
မြင့်ပွဲခေါင်ဖျား။ ။

**ချစ်စုအောင်**

### သဇင် (FM)အသံလွှင့်အစီအစဉ်

၉-၁-၂၀၂၅(ကြာသပတေးနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၃၀ | ခံစားနားဆင် မြန်မာသံစဉ် |
| ၂။ | ၁၀:၀၀ | Internet Pages |
| ၃။ | ၁၄:၃၀ | Live For You |
| ၄။ | ၁၇:၀၀ | အနုပညာခရီးလမ်း |
| ၅။ | ၁၈:၂၀ | Thazin Request Song |
| ၆။ | ၂၁:၂၀ | လွမ်းသဝဏ်လွှာ |

## ပလတ်စတစ်အိတ်သုံးစွဲမှုမရှိစေရေးနှင့် အစားထိုးသုံးစွဲလိုက်နာဆောင်ရွက်မှုရှိစေရေးအသိပညာပေး

သာပေါင်း ဇန်နဝါရီ ၈

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် စည်ပင်သာယာရေးကော်မတီက ပြည်သူများ ကြွပ်ကြွပ်အိတ်၊ တစ်ခါသုံးပလတ်စတစ်အိတ်များ လျှော့ချသုံးစွဲစေရေးအတွက် အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း ပလတ်စတစ်အိတ်သုံးစွဲမှုမရှိစေရေးနှင့် အစားထိုးသုံးစွဲ လိုက်နာဆောင်ရွက်မှုရှိစေရေး အသိပညာပေးခြင်းကို ဇန်နဝါရီလ ၈ ရက် နံနက်ပိုင်းတွင် သီရိရွှေသာဈေး၌ ဆောင်ရွက်ကြောင်းသိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်စိုးနှင့် ဝန်ထမ်းများက သီရိရွှေသာဈေးရှိဈေးရောင်းချသူများအနေဖြင့် အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း ကြွပ်ကြွပ်အိတ်၊ ပလတ်စတစ်အိတ်အစား အင်ဖက်၊ ငှက်ပျောဖက်၊ သတင်းစာစက္ကူတို့ဖြင့် သင့်တော်ရာကို အစားထိုးထုပ်ပိုးသုံးစွဲစေရန် ပြည်သူများအား ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရေးအတွက် အသိပေးဆိုင်းဘုတ်များစိုက်ထူခြင်း၊ လက်ကိုင်စပီကာများနှင့် ပြည်သူများ ပါဝင်ဆောင်ရွက်ပေးနိုင်ရေး အသိပညာပေးနှိုးဆော်ခြင်း ဆောင်ရွက်သည်။

ဆက်လက်၍ ကြွပ်ကြွပ်အိတ်၊ ပလတ်စတစ်အိတ်အသုံးပြုသူတွေ့ရှိပါက စီမံဒဏ်ကြေးငွေ ပေးဆောင်စေလျက် အရေးယူဆောင်ရွက်လျက်ရှိရာ ပြည်သူများက ပူးပေါင်းပါဝင်လိုက်နာဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သာပေါင်း(ပြန်/ဆက်)**



# ညစ်ညမ်းစာများကို ပုံနှိပ်၊ ထုတ်ဝေခဲ့သည့်အတွက် လုပ်ငန်းပိတ်သိမ်းထားသော ပုံနှိပ်သူနှင့်ထုတ်ဝေသူများစာရင်းအား အသိပေးကြေညာခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာနသည် ၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် အောက်ဖော်ပြပါ ပုံနှိပ်သူနှင့်ထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဂ)ပါ ညစ်ညမ်းစာများကိုဖော်ပြခြင်း စည်းကမ်းချက်ကိုဖောက်ဖျက်၍ ဟီရိဩတ္တပ္ပကင်းသော၊ မြန်မာ့လူ့အဖွဲ့အစည်းက လက်မခံသော၊ လူငယ်များ၏ တွေးခေါ်မြော်မြင်မှုနှင့်ခံစားနားလည်မှုကို လွဲမှားစေနိုင်သော အကြောင်းအရာများကို ပုံနှိပ်၊ ထုတ်ဝေဖြန့်ချိခဲ့ကြောင်း တွေ့ရှိရပါသည်-

| စဉ် | စာအုပ်အမည် | စာရေးသူအမည် | ပုံနှိပ်သူ/ထုတ်ဝေသူ အမည်/မှတ်ပုံတင်အမှတ်/ စာပေတိုက် | ပုံနှိပ်သူ/ထုတ်ဝေသူ နေရပ်လိပ်စာ | အရေးယူဆောင်ရွက်မှု |
|---|---|---|---|---|---|
| (က) | "ကျွန်တော့်နှလုံးသားထက်မှာ လိပ်ပြာတစ်ကောင် ခိုနားနေသည်" | Aung Khant | - ဦးရာဇာရဲထွဋ်<br>၁၀/သဃန(နိုင်)<br>၀၇၀၀၈၁<br>(Right ပုံနှိပ်တိုက်-၀၁၃၃၇)<br><br>-ဒေါ်စိန်ကြည်<br>၁၂/လမန(နိုင်)<br>၀၂၀၈၂၁<br>(The Destiny Book House-၀၃၂၆၆) | - အမှတ်-၁၄/ မြေညီထပ်-ဘယ်)၊ ၁၀၉ လမ်း၊ ရဲစခန်းအနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။<br><br>-တိုက်-၁၊ အခန်း-၄၀၁၊ အေးရိပ်မွန်-စလမ်း၊ ၅ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ | -ညစ်ညမ်းစာများဖော်ပြခြင်း<br>-ထုတ်ဝေစာပေးပို့ရန် ပျက်ကွက်ခြင်း |
| (ခ) | "1500 Miles to You" | Mahuyar | -ဦးရာဇာရဲထွဋ်<br>၁၀/သဃန(နိုင်)<br>၀၇၀၀၈၁<br>(Right ပုံနှိပ်တိုက်-၀၁၃၃၇)<br><br>-ဒေါ်စိန်ကြည်<br>၁၂/လမန(နိုင်)<br>၀၂၀၈၂၁<br>(The Destiny Book House-၀၃၂၆၆) | - အမှတ်-၁၄/ မြေညီထပ်-ဘယ်)၊ ၁၀၉လမ်း၊ ရဲစခန်းအနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။<br><br>-တိုက်-၁၊အခန်း-၄၀၁၊ အေးရိပ်မွန်-စလမ်း၊ ၅ရပ်ကွက်၊ လှိုင်မြို့နယ်၊ရန်ကုန်မြို့။ | -ညစ်ညမ်းစာများဖော်ပြခြင်း<br>-ထုတ်ဝေစာပေးပို့ရန် ပျက်ကွက်ခြင်း |
| (ဂ) | "အမုန်းနဲ့ပျိုးတဲ့ ချစ်ခြင်း အလင်္ကာ" | Mahuyar | - ဦးရာဇာရဲထွဋ်<br>၁၀/သဃန(နိုင်)<br>၀၇၀၀၈၁<br>(Right ပုံနှိပ်တိုက်-၀၁၃၃၇)<br><br>-ဒေါ်စိန်ကြည်<br>၁၂/လမန(နိုင်)<br>၀၂၀၈၂၁<br>(The Destiny Book House-၀၃၂၆၆) | -အမှတ်-၁၄/ မြေညီထပ်-ဘယ်)၊ ၁၀၉လမ်း၊ ရဲစခန်းအနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။<br><br>-တိုက်-၁၊ အခန်း-၄၀၁၊ အေးရိပ်မွန်-စလမ်း၊ ၅ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ | -ညစ်ညမ်းစာများဖော်ပြခြင်း<br>-ထုတ်ဝေစာပေးပို့ရန် ပျက်ကွက်ခြင်း |
| (ဃ) | "မေတ္တာနှောင်သီ ချစ်ကြိုးချည်" | မြမိုရ် | - ဒေါ်အေးမြတ်မွန်<br>၉/ကပတ(နိုင်)<br>၁၉၈၇၀၅<br>(Yangon Printing Service)(လုပ်ငန်းအသိအမှတ်ပြုလက်မှတ်မရှိ)<br>-ဒေါ်ချိုဇင်သဲ<br>၁၂/ဒလန(နိုင်)<br>၀၇၅၇၅၅<br>(Maple စာအုပ်တိုက် - ၀၃၂၉၅) | - အမှတ်-၁၁၄၄၊ သုမနလမ်း၊ ၂/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။<br><br>-အမှတ်-၅/၂၆၀-ခ၊ ရွှေလျှံဗိုလ်လမ်း၊ ရာဇသင်္ကြန်ရပ်ကွက်၊ ဒလမြို့နယ်၊ ရန်ကုန်မြို့။ | -ညစ်ညမ်းစာများဖော်ပြခြင်း<br>-ပုံနှိပ်ခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်မရှိခြင်း<br>-ထုတ်ဝေစာပေးပို့ရန် ပျက်ကွက်ခြင်း |
| (င) | "Match Made in Clouds" | DIDI ZAW | -ဒေါ်အေးမြတ်မွန်<br>၉/ကပတ(နိုင်)<br>၁၉၈၇၀၅<br>(Yangon Printing Service) (လုပ်ငန်းအသိအမှတ်ပြုလက်မှတ်မရှိ)<br>-ဒေါ်ချိုဇင်သဲ<br>၁၂/ဒလန(နိုင်)<br>၀၇၅၇၅၅<br>(Maple စာအုပ်တိုက် - ၀၃၂၉၅) | - အမှတ်-၁၁၄၄၊ သုမနလမ်း၊ ၂/တောင်ရပ်ကွက်၊ သာကေတ မြို့နယ်၊ ရန်ကုန်မြို့။<br><br>-အမှတ်-၅/၂၆၀-ခ၊ ရွှေလျှံဗိုလ်လမ်း၊ ရာဇသင်္ကြန်ရပ်ကွက်၊ ဒလမြို့နယ်၊ ရန်ကုန်မြို့။ | -ညစ်ညမ်းစာများဖော်ပြခြင်း<br>-ပုံနှိပ်ခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်မရှိခြင်း<br>-ထုတ်ဝေစာပေးပို့ရန် ပျက်ကွက်ခြင်း |
| (စ) | "DISO"+Extra | RED IN PEACE | -ဒေါ်ဆုစန္ဒီသင်း<br>(99 Printing)<br>(လုပ်ငန်းအသိအမှတ်ပြုလက်မှတ်မရှိ)<br><br>-ဒေါ်လှိုင်ယမင်း<br>၁၂/ဒဂရ(နိုင်)၀၄၃၀၅၅<br>(ယွန်းစာပေ-၀၃၂၇၃) | - တိုက်-၂၂၁၊ ပထမထပ်၊ ၃၁လမ်း၊၁၁ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။<br>-အမှတ်-၁၁၈၊ စွယ်တော်လမ်း၊ ၂၂ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့။ | -ညစ်ညမ်းစာများဖော်ပြခြင်း<br>-ပုံနှိပ်ခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်မရှိခြင်း<br>-ထုတ်ဝေစာပေးပို့ရန် ပျက်ကွက်ခြင်း |
| (ဆ) | "သက်ဆိုင်သူ ဦးဝေ" | Vi Vian | - ဒေါ်ဆုစန္ဒီသင်း<br>(99 Printing)<br>(လုပ်ငန်းအသိအမှတ်ပြုလက်မှတ်မရှိ)<br><br>-ဒေါ်လှိုင်ယမင်း<br>၁၂/ဒဂရ(နိုင်)၀၄၃၀၅၅<br>(ယွန်းစာပေ-၀၃၂၇၃) | - တိုက်-၂၂၁၊ ပထမထပ်၊ ၃၁လမ်း၊၁၁ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။<br><br>-အမှတ်-၁၁၈၊ စွယ်တော်လမ်း၊ ၂၂ရပ်ကွက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ | -ညစ်ညမ်းစာများဖော်ပြခြင်း<br>-ပုံနှိပ်ခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်မရှိခြင်း<br>-ထုတ်ဝေစာပေးပို့ရန် ပျက်ကွက်ခြင်း |

၂။ ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ထုတ်ဝေစာများအား ဖတ်ရှုလေ့လာစိစစ်၍ ကြပ်မတ်စိစစ်လျက်ရှိပါကြောင်းနှင့် အဆိုပါ ဥပဒေစည်းကမ်းချက်များကို ဖောက်ဖျက်ကျူးလွန်သော အထက်ဖော်ပြပါ ပုံနှိပ်သူနှင့်ထုတ်ဝေသူများအား ၂၀၂၄ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွင်း လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ရုပ်သိမ်းခြင်း၊ ၎င်းတို့၏ ထုတ်ဝေစာအုပ်များကို တရားမဝင်ထုတ်ဝေစာအဖြစ် ထုတ်ပြန်ကြေညာခြင်း၊ ဥပဒေနှင့်အညီတရားစွဲဆိုခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ ပုံနှိပ်သူနှင့်ထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကို လေးစားလိုက်နာကြရန်နှင့် ဥပဒေပါစည်းကမ်းချက်များကိုဖောက်ဖျက်၍ ပုံနှိပ်၊ ထုတ်ဝေခြင်းများကို ပြုလုပ်ပါက ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

⇨ **ရှေ့ဖုံးမှအဆက်**

"အခုဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ စားရေရိက္ခာဖူလုံစေဖို့နဲ့ တောင်သူတွေ သီးနှံဝင်ငွေတိုးပွားစေဖို့ ရည်ရွယ်ပြီး ကုလားပဲ ၂၈၄၃ ဧက လျာထားစိုက်ပျိုးခဲ့ရာ ၄၂၄၇၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားဧကထက် ကျော်လွန်အောင် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လက်ရှိ စိုက်ပျိုးပြီးစီးတဲ့ ကုလားပဲစိုက်ခင်းတွေကို သီးနှံအထွက်နှုန်း ကောင်းမွန်အောင် တောင်သူတွေက ကြိုးပမ်းလုပ်ကိုင်နေကြပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနက ဝန်ထမ်းတွေကလည်း ကုလားပဲစိုက်တောင်သူတွေကို တောင်သူအသိပညာပေးလုပ်ငန်းတွေ ကူညီဆောင်ရွက်ပေးနေပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

သီးနှံများစိုက်ပျိုးရာတွင် အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် တောင်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံများ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသနှင့်ကိုက်ညီသော မျိုးသန့်မျိုးစေ့များရွေးချယ်မှုမှန်ကန်စေရေး၊ မြေဆီလွှာကောင်းမွန်အောင် ပြုပြင်ရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ ပိုးသတ်ဆေးသုံးစွဲနည်းစနစ်များ မှန်ကန်စေရေး စသည့်တောင်သူအသိပညာပေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

## တာဝန်မှအနားယူခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၅ / ၂၀၂၅**
၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်
(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်)
**တာဝန်မှအနားယူခွင့်ပြုခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ အဖွဲ့ဝင်ဦးစိုင်းလုံးဆိုင်အား ကျန်းမာရေးအရ တာဝန်မှအနားယူခွင့်ပြုလိုက်သည်။

**အမိန့်အရ**

အောင်လင်းဒွေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး




# မကွေးတိုင်းဒေသကြီးအတွင်းရှိ သံဃာ့အဖွဲ့အစည်းများမှ ဆရာတော်ကြီးများအား အဓ္ဓကထာကျမ်းစာအုပ်များ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ



မကွေး ဇန်နဝါရီ ၈

မကွေးတိုင်းဒေသကြီးအတွင်းရှိသံဃာ့အဖွဲ့အစည်းများမှ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် မကွေးမြို့ သံဃာရာမကျောင်းတိုက်၌ကျင်းပရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ တက်ရောက်ကြသည်။

အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ၊ မကွေးမြို့ မြသလွန်စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ မကွေးမြို့ သံဃာရာမစာသင်တိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တစိန္တာသာရ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဘဒ္ဒန္တဥတ္တရ၊ မကွေးမြို့ မြသလွန်စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်များ၊ မကွေးမြို့ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းတိုက် ကျောင်းအုပ်ဆရာတော်ဘဒ္ဒန္တအဂ္ဂဓမ္မနှင့် မကွေးမြို့ မဟာဝိသုတာရာမစာသင်တိုက် ဆရာတော်ဘဒ္ဒန္တကုဏ္ဍလတို့တက်ရောက်ချီးမြှင့်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် မကွေးမြို့ သံဃာရာမစာသင်တိုက်ဆရာတော် ဘဒ္ဒန္တစိန္တာသာရထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်က ဝမ်းမြောက်စကားလျှောက်ထားသည်။

ယင်းနောက် မကွေးမြို့ သံဃာရာမစာသင်တိုက်ဆရာတော်ဘဒ္ဒန္တစိန္တာသာရ၊ မကွေးမြို့ မဟာမင်္ဂလာရာမတိုက် ဆရာတော် ဘဒ္ဒန္တဥတ္တရ၊ တောင်တွင်းကြီးမြို့ ငှက်ပစ်တောင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တမာနိတတို့က ဩဝါဒစကားမိန့်ကြားကြသည်။

ထို့နောက် ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်ပြီး ရေစက်ချအနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်းအမျှပေးဝေခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကင်းသာရေထိန်းတမံ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် ကွင်းဆင်းကြည့်ရှုစစ်ဆေး



နေပြည်တော် ဇန်နဝါရီ ၈

စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက တပ်ကုန်းမြို့နယ် ရေဝေချောင်း(ပိတောက်ချောင်း)နှင့် ကျောက်ဆည်ချောင်း(ငါးရံ့ချောင်း)တို့အပေါ်၌ တည်ဆောက်ထားသော ကင်းသာရေထိန်းတမံတွင် ရေကြီးရေလျှံမှုများကြောင့် ထိခိုက်ပျက်စီးခဲ့မှုအပေါ် ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစဉ် တာဝန်ရှိသူများက တမံရေဝင်ချောင်းတစ်ခုဖြစ်သည့် ပိတောက်ချောင်းမှ အခြားရေဝင်ချောင်းတစ်ခုဖြစ်သည့် ငါးရံ့ချောင်းအတွင်းသို့ရေလွှဲမြောင်း ဖောက်လုပ်နေမှု၊ တမံ၏မူလရေလှောင်ပမာဏပြန်လည်ပြည့်မီ သိုလှောင်နိုင်ရေးအတွက် ရေဝပ်ဧရိယာအတွင်းမှသဲနုန်းများ တူးဖော်ဖယ်ရှားနေမှု၊ ရေထုတ်ပြွန်နှင့် တမံပိုမိုခိုင်ခံ့စေရန် ကွန်ကရစ်လောင်းနေမှုနှင့်သတ်မှတ်ထားသည့် ရေလမ်းကြောင်း နေရာတူးဖော်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက နောင်ရေကြီးရေလျှံမှုဖြစ်စဉ်များဖြစ်ပွားပါက တမံဘေးကင်းလုံခြုံပြီး ရေရှည်ကြံ့ခိုင်စေရေးအတွက် စံချိန်စံညွှန်းအရည်အသွေးပြည့်မီ အောင်ဆောင်ရွက်ရန်နှင့် အချိန်မီပြီးစီးအောင်ဆောင်ရွက်ရန်၊ ဆည်ရေသောက်ဧရိယာအတွင်းရှိ လယ်မြေများစိုက်ပျိုးရေ အခက်အခဲမရှိ ပေးဝေနိုင်ရေးအတွက် ကြိုတင်စီမံဆောင်ရွက်ပေးရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

### ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၉-၁-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၈၅ | ၃၀၀၀ | ၃၀၆၅ | ၃၀၀၀ | ၃၀၀၅ | ၃၀၂၀ | ၃၀၇၅ | ၃၀၅၅ | ၄၅၀၅ | ၃၃၅၀ | ၃၀၇၅ | ၃၀၇၅ | ၃၀၇၅ | ၃၀၀၀ | ၃၀၃၀ | ၃၃၉၀ | ၃၉၀၀ |
| 95 Ron | ၃၀၈၅ | ၃၂၀၅ | ၃၁၇၅ | ၃၁၀၅ | ၃၂၀၅ | ၃၂၃၀ | ၃၂၆၅ | ၃၁၆၅ | ၄၅၆၀ | ၃၄၅၅ | ၃၁၈၀ | ၃၁၈၅ | ၃၂၅၀ | ၃၂၀၅ | ၃၂၅၀ | ၃၄၈၅ | ၄၀၅၀ |
| HSD (500 ppm) | ၂၆၁၅ | ၂၇၂၅ | ၂၆၈၅ | ၂၆၃၀ | ၂၇၃၅ | ၂၇၅၀ | ၂၇၆၅ | ၂၆၈၅ | - | ၂၉၀၀ | ၂၇၀၀ | ၂၇၀၅ | ၂၇၇၅ | ၂၇၅၀ | ၂၇၆၀ | ၃၀၀၅ | ၃၉၀၀ |
| HSD (50 ppm) | ၃၂၂၅ | ၃၃၃၅ | ၃၃၀၀ | ၃၂၃၅ | ၃၃၄၀ | ၃၃၅၅ | ၃၃၇၅ | ၃၂၈၅ | ၄၈၃၀ | ၃၅၈၅ | ၃၃၁၀ | ၃၃၀၀ | ၃၃၈၀ | ၃၃၅၅ | ၃၃၇၀ | ၃၆၂၅ | - |
| HSD (10 ppm) | ၃၂၂၅ | ၃၃၃၅ | ၃၃၀၀ | ၃၂၃၅ | ၃၃၄၀ | ၃၃၅၅ | ၃၃၇၅ | ၃၂၈၅ | - | ၃၅၈၅ | ၃၃၁၀ | ၃၃၀၀ | ၃၃၈၀ | ၃၃၅၅ | ၃၃၇၀ | ၃၆၂၅ | - |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးပိုင်ကြောင်း နိုင်ပါကြောင်း အသိပေးအပ်ပါသည်-

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၈၀၆ | ၂၉၀၆ |
| 95 Ron | ၂၉၂၀ | ၃၀၀၂ |
| HSD (500 ppm) | ၂၄၅၆ | ၂၅၃၁ |
| HSD (50 ppm) | ၃၀၄၆ | ၃၁၃၇ |
| HSD (10 ppm) | ၃၀၄၆ | ၃၁၃၇ |

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၆၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ထားဝယ်မြို့၌ အခြေခံပညာကျောင်းများသို့ ရွေ့လျားစာကြည့်တိုက်ဖြင့် သုတ / ရသစာအုပ်စာစောင်များငှားရမ်းပေး



ထားဝယ် ဇန်နဝါရီ ၈

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒေသခံပြည်သူများ စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ ခရိုင်ပြည်သူ့စာကြည့်တိုက်သို့ လာရောက်မငှားရမ်းနိုင်သည့်ရပ်ကွက်များသို့ ရွေ့လျားစာကြည့်တိုက် (Mobile Library Bus) ဖြင့် သုတ/ရသစာအုပ်စာစောင်များ ငှားရမ်းပေးလျက်ရှိရာ ဇန်နဝါရီလ ၈ ရက်တွင် ထားဝယ်မြို့ အခြေခံပညာကျောင်းများသို့ ငှားရမ်းပေးခဲ့သည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများကို သုတ/ရသစာအုပ်စာစောင်များ ငှားရမ်းပေးရာတွင် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးခဲ့ပြီး စာပေဝါသနာရှင်များနှင့် စာဖတ်ပရိသတ်များ ငှားရမ်းဖတ်ရှုလိုပါက ခရိုင်ပြည်သူ့စာကြည့်တိုက်သို့ မည်သူမဆို လာရောက်၍ အခမဲ့ငှားရမ်းဖတ်ရှုနိုင်ကြောင်း သိရသည်။

ရွေ့လျားစာကြည့်တိုက် (Mobile Library Bus) တွင် ဝတ္ထု၊ မဂ္ဂဇင်း၊ ရုပ်ပြနှင့် အသိပညာဗဟုသုတများစွာရရှိမည့် သုတ/ရသစာအုပ်စာစောင် ၄၀၀ ခန့်ပါရှိပြီး ငှားရမ်းပေးခဲ့သောစာအုပ်များကို သုံးရက်လျှင် တစ်ကြိမ် လဲလှယ်ပေးမည်ဖြစ်ကြောင်း သိရသည်။ **ငွေဇင်ယော်(ထားဝယ်)**

# ဘုတ်ပြင်းမြို့နယ် အလယ်မန်ကျေးရွာသို့ ထော်လာဂျီမီးငြိမ်းသတ်ယာဉ် လွှဲပြောင်းပေးအပ်

ဘုတ်ပြင်း ဇန်နဝါရီ ၈

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ် အလယ်မန်ကျေးရွာသို့ ထော်လာဂျီမီးငြိမ်းသတ်ယာဉ် လွှဲပြောင်းပေးအပ်ခြင်းကို ဇန်နဝါရီလ ၇ ရက်က အလယ်မန်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ဆောင်ရွက်သည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဝင်းဌေးက ထော်လာဂျီမီးငြိမ်းသတ်ယာဉ်ကို တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေမှ ခွင့်ပြုပေးခြင်းဖြစ်ကြောင်း၊ အလယ်မန်ကျေးရွာသည် ပင်လယ်ကျွန်းရွာဖြစ်သည့်အတွက် မီးလောင်မှုဖြစ်ပွားပါက သက်ဆိုင်ရာဌာနမှ ရေလမ်းခရီးဖြင့် လာရောက်ရမည်ဖြစ်ပြီး အချိန်နှင့်တစ်ပြေးညီရောက်ရှိရန် မလွယ်ကူကြောင်း၊ ယင်းအတွက် မီးဘေးကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုနည်းနိုင်သမျှလျော့နည်းစေရန် ထော်လာဂျီမီးငြိမ်းသတ်ယာဉ်ကို လွှဲပြောင်းပေးရခြင်းဖြစ်ကြောင်း၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များကိုလည်း ထော်လာဂျီမီးငြိမ်းသတ်ယာဉ်ကို စနစ်တကျအသုံးချတတ်စေရန် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက သင်ကြားပြသပေးမည်ဖြစ်သောကြောင့် ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်တတ်ရန်အတွက် လေ့လာမှတ်သားသင်ယူကြရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဘုတ်ပြင်းမြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဝင်းမင်းစိုးက ထော်လာဂျီမီးငြိမ်းသတ်ယာဉ်ပေးအပ်ရခြင်းနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားပြီး ဘုတ်ပြင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီက ထော်လာဂျီမီးငြိမ်းသတ်ယာဉ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးဆန်းဝင်းက လက်ခံရယူသည်။

ယင်းနောက် ကျေးရွာရပ်မိရပ်ဖ ဦးတင်ရှိန်က ထော်လာဂျီမီးငြိမ်းသတ်ယာဉ်လက်ခံရရှိခြင်းနှင့် ပတ်သက်၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများက ထော်လာဂျီမီးငြိမ်းသတ်ယာဉ်ဖြင့် သရုပ်ပြမီးငြိမ်းသတ်နေမှုကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့**

# တွံတေးမြို့နယ်၌ ဇီဝဆိုင်ရာအချက်အလက် ကောက်ယူခြင်းနှင့် Unique ID ထုတ်ပေးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၈


ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် တွံတေးမြို့နယ်၌ ဇီဝဆိုင်ရာအချက်အလက်ကောက်ယူခြင်းနှင့် Unique ID ထုတ်ပေးခြင်းလုပ်ငန်းများကို ဇန်နဝါရီလ ၈ ရက်တွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံး၌ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ခြင်းကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး ဦးကျော်ထူးနှင့် ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်များ ယူဆောင်လာစေပြီး ဇီဝဆိုင်ရာအချက်အလက် စိစစ်ကောက်ယူ၍ Database တွင် သိမ်းဆည်းကာ မတူညီသောဂဏန်း ၁၀ လုံးပါဝင်သည့် Unique ID နံပါတ်ကတ်များကို နေ့ချင်းပြီးထုတ်ပေးလျက်ရှိသည်။

အဆိုပါလုပ်ငန်းကို၂၀၂၃ ခုနှစ် ဇွန်လ ၂၆ ရက်မှ စတင်ဆောင်ရွက်ပေးခြင်းဖြစ်ပြီး မြန်မာနိုင်ငံအတွင်း နေထိုင်သူများကို စိစစ်နိုင်သည့် တစ်ခုတည်းသောနံပါတ် Unique ID ထုတ်ပေးရန်နှင့် Online စနစ်ဖြင့် ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်နေသည့် အစိုးရနှင့်ပုဂ္ဂလိကအဖွဲ့အစည်းများအတွက် မည်သူမည်ဝါဖြစ်ကြောင်း စစ်ဆေးနိုင်မည့် အခြေခံစနစ်တည်ဆောက်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တွံတေးမြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများကို ဇီဝဆိုင်ရာအချက်အလက်များကောက်ယူ၍ တစ်ဦးချင်းစီ၏ Unique ID နံပါတ်ကတ်များ ထုတ်ပေးပြီးဖြစ်ကြောင်း သိရသည်။

**တွံတေးသား**




# ရန်ကုန်ဈေးကွက်သို့ ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၇၀၀၀၀ အထိ တင်ပို့ရောင်းချခဲ့ရ



ဟင်္သာတ ဇန်နဝါရီ ၈

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၇၀၀၀၀ အထိ တင်ပို့ရောင်းချခဲ့ရကြောင်း ဟင်္သာတမြို့နယ်မှ ပဲအမျိုးမျိုးရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်စုမွန် ၏ပြောပြချက်အရ သိရသည်။

ဟင်္သာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်း ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁ ရက်မှ ၃၁ ရက်အထိကာလအတွင်း ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၇၀၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသထွက် ဗိုလ်ကိတ်ပဲများကို ဟင်္သာတမြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူများက ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

ဟင်္သာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့တင်ပို့ရောင်းချသည့် ဗိုလ်ကိတ်ပဲများ ဝယ်လိုအားကောင်းလာခြင်းကြောင့် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများနှင့် ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**သုတကျော်**

# အရှက်အကြောက်တရားလက်ကိုင်ထားပြီး လောကကိုအလှဆင်ကြပါစို့

မေကျော့ရှင်း

ဒီကနေ့ခေတ်မှာ **"အရှက်နှင့်အကြောက်"** ဆိုသည်ကို တလေးတစားအလေးထားသူနည်းလာပြီကို လေ့လာသိရှိနိုင်ပါတယ်။ အရှက်နှင့်အကြောက်ကင်းလျှင် **"လူ"** ဟူ၍ မခေါ်ထိုက်ကြောင်း ပညာရှင်များက ဆိုထားကြပါတယ်။ ဒီလောကကြီးမှာ အကျင့်စာရိတ္တတွေမပျက်မစီးအောင် စောင့်ရှောက်ထားတဲ့တရားကို **"ဓမ္မဝိဟာရတရား"** လို့လည်း ခေါ်ပါသတဲ့။ ဤတရားသည် **"ဟိရိနဲ့ဩတ္တပ္ပ"** ဆိုတဲ့မကောင်းမှုမပြုရန် အရှက်အကြောက်တရားနှစ်ပါးပင်ဖြစ်ကြောင်း သိရပြန်ပါတယ်။ ဒီတရားနှစ်ပါးမှာ **"ဟိရိ"** ဆိုတဲ့ **"အရှက်တရား"** သည် မကောင်းမှု၊ အမြင်မတော်မှုကိုပြုရမှာရှက်ခြင်းနဲ့ **"ဩတ္တပ္ပ"** ကတော့ မကောင်းမှုပြုရမှာကို ကြောက်လန့်ခြင်းဖြစ်ပါတယ်။ အဲဒီ **"ဟိရိဩတ္တပ္ပ"**တရားကို နတ်ကောင်းနတ်မြတ်များကစောင့်ရှောက်ကြတာကြောင့် **"ဒေဝဓမ္မတရား"** လို့ခေါ်သလို **"လောကပါလတရား"** လို့လည်း ခေါ်ကြောင်းသိရပြန်ပါတယ်။

အမှန်စင်စစ် **"အရှက်"**ဆိုတာ ကိုယ့်ဂုဏ်သိက္ခာကို ထိန်းသိမ်းတာဖြစ်ပြီး **"အကြောက်"** ဆိုတာက ပတ်ဝန်းကျင်ကိုလေးစားခြင်းဖြစ်တယ်လို့ဆိုပါတယ်။ ကိုယ့်ဂုဏ် ကိုယ့်သိက္ခာကို ငဲ့ကာ **" ဒီမကောင်းတဲ့ဒုစရိုက်ကို ငါလုပ်လိုက်ရင် ငါရဲ့ဂုဏ်သိက္ခာကျသွားမယ်၊ ရှက်စရာဖြစ်တော့မယ်"** ဆိုပြီး အကုသိုလ်ကို ရှောင်လိုက်ရင် ဒါဟာ **"ဟိရိ"** အရှက်တရားရှိသူပါပဲတဲ့။ လောကမှာနာမည်ပျက်သွားရင် အဖတ်ဆယ်လို့မရနိုင်တော့တာသိထားကြပြီးဖြစ်မှာပါ။ နောက်ပြီး လူတိုင်းမှာ "ပတ်ဝန်းကျင်" ရှိတယ်ဆိုတာလည်း အားလုံးသိပြီးဖြစ်ပါတယ်။ မိဘ၊ ဆရာ၊ ဆွေမျိုး မိတ်သင်္ဂဟရှိသလို ကိုယ့်အိမ်၊ ကိုယ့်ကျောင်း၊ ကိုယ့်ရပ်ရွာ၊ ကိုယ့်နိုင်ငံစသဖြင့် ပတ်ဝန်းကျင်ရှိပါတယ်။ ကိုယ့်ရဲ့လုပ်ရပ်တိုင်းသည်လည်း ပတ်ဝန်းကျင်မှာ သက်ရောက်မှုရှိတဲ့အတွက် ပတ်ဝန်းကျင်ကိုထောက်ထားပြီး၊ ပတ်ဝန်းကျင်ကိုထိခိုက်မှာကြောက်ရွံ့စိုးရိမ်ပြီး မဟုတ်တာ၊ မမှန်တာတွေမလုပ်ဖြစ်အောင် ရှောင်ရှားကာ ပတ်ဝန်းကျင်ကိုထောက်ထားကြရမယ်လို့ဆိုပါတယ်။ ဒီလိုပတ်ဝန်းကျင်ကိုငဲ့ပြီး မကောင်းမှုဒုစရိုက်အကုသိုလ်မလုပ်ဘဲ ရှောင်လိုက်ရင် အဲ့ဒီလူသည် **" ဩတ္တပ္ပ"** အကြောက်တရားရှိသူပါပဲတဲ့။ တကယ်လည်း လောကမှာရှိရှိသမျှ လူသားတိုင်းမှာ **"အရှက်နဲ့အကြောက်"** ဆိုတာရှိရစမြဲပါ။

ဟောဒီလူ့လောကကြီးမှာ**"ဟိရိဩတ္တပ္ပတရား"** မရှိတော့ဘူးဆိုလျှင် တိရစ္ဆာန်လောကကြီးနဲ့ ရောထွေးသွားမယ်လို့ဆိုပြန်ပါတယ်။ လူတွေဟာ တိရစ္ဆာန်တွေထက် အဆင့်အတန်းမြင့်နေခြင်းက အသိဉာဏ်ပညာအပြင် **"ဟိရိဩတ္တပ္ပ"** တရားရှိတဲ့အတွက်လည်းဖြစ်ပါတယ်။ **" ဟိရိဩတ္တပ္ပ"** တရားရှိတဲ့သူဟာ ဂုဏ်သိက္ခာအပြည့်ရှိနေပါတယ်တဲ့။ အဲ့ဒီတရားနှစ်ပါးမရှိတဲ့လူဟာ ဘယ်လောက်ပဲပညာတတ်ပါစေ၊ ချမ်းသာကြွယ်ဝပြီး ရုပ်ချောနေပါစေ ဂုဏ်သိက္ခာမဲ့ပြီး အဆင့်အတန်းမရှိတဲ့သူစာရင်းဝင်တယ်လို့ဆိုနိုင်ပါတယ်။ ဒါ့ကြောင့် ဒီကနေ့ခေတ်မှာ မိန်းကလေးတွေအနေနဲ့ ချက်ဖော်၊ တင်ဖော်၊ ရင်ဖော်စတဲ့ ဝတ်စားဆင်ယင်မှုတွေကိုရှောင်ကြဉ်ကြဖို့လိုပါတယ်။ **"မမြင်ရလေမြင်ချင်လေ မြင်ပါများတော့ ရိုးသွားတယ်"** ဆိုတဲ့စကားကိုလည်း မမေ့သင့်ပါ။

ဒီအကြောင်းနဲ့ပတ်သက်ပြီးဖတ်ဖူးခဲ့တဲ့ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးရှိစဉ်က တကယ့်အဖြစ်အပျက်လေးတစ်ခုကို သတိရမိပါတယ်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူစဉ် သူဌေးကြီးတစ်ဦးက ဇနီးနဲ့ သားသေဆုံးသွားတာကြောင့် ရဟန်းပြုထားသော်လည်း ကျေးကျွန်များကိုခေါ်ယူကာ စားသောက်နေရုံမက များလွန်းတဲ့အသုံးအဆောင်တွေနဲ့ပရိက္ခရာများစွာကို နေ့စဉ်အမျိုးမျိုးလဲလှယ်နေသတဲ့။ တစ်နေ့တော့ သင်္ကန်းများစွာကို နေလှန်းနေစဉ် တောရွာမှ ဧည့်သည်ရဟန်းအချို့ မြင်တွေ့သွားပြီး မေးမြန်းကြရာမှ အကြောင်းစုံသိသွားတဲ့အခါ မြတ်စွာဘုရားက သင်္ကန်းသုံးထည်သာခွင့်ပြုပါလျက် ယခုကဲ့သို့အသုံးအဆောင်များစွာထားခြင်းအပေါ် ကဲ့ရဲ့ပြစ်တင်ပြီး မြတ်စွာဘုရားရှေ့သို့ ခေါ်ဆောင်သွားကြပါတယ်။ မြတ်စွာဘုရားလည်း "ချစ်သား အလိုနည်းပြီး ရောင့်ရဲလွယ်သော ငါဘုရား သာသနာတော်မှာ ရဟန်းပြုပါလျက် အဘယ့်ကြောင့် ပစ္စည်းဘဏ္ဍာပရိက္ခရာများရသလဲ" လို့မိန့်တော်မူခြင်းကို မကျေမနပ်ဖြစ်ကာ ကိုယ်ရုံသင်္ကန်းကိုချွတ်ပြီး အတွင်းခံသင်းပိုင်လေးနဲ့ နေလိုက်ပါသတဲ့။ ဒီအခါ မြတ်စွာဘုရားက "ချစ်သားရဟန်း အဘယ့်ကြောင့် ပရိသတ်အလယ်တွင် သင်းပိုင်လေးဖြင့် အရှက်အကြောက်မရှိ ဟိရိဩတ္တပ္ပကင်းမဲ့စွာပြုသနည်း။ သင်သည် ရှေးအခါ ဘီလူးဖြစ်ခဲ့စဉ်က တစ်ဆယ့်နှစ်နှစ်ပတ်လုံး ဟိရိဩတ္တပ္ပတရားကိုရှာခဲ့ဖူးသည်မဟုတ်လော" လို့ မိန့်တော်မူတဲ့အခါ ဟိရိဩတ္တပ္ပကို သတိတရားရသွားသလို ကိုယ်ရုံသင်္ကန်းကိုပြန်ဝတ်ပြီး ရိုသေစွာရှိခိုးလိုက်ပါတယ်။

မြတ်စွာဘုရားသည် ရဟန်းတို့ရဲ့လျှောက်ထားတောင်းပန်ချက်အရ ဤရဟန်း၏ဘီလူးဖြစ်စဉ်က အတိတ်ဇာတ်ကြောင်းကို ဟောကြားတော်မူပါတယ်။ ဟိုးတစ်ချိန်က ကာသိတိုင်း ဗာရာဏသီပြည့်ရှင် ဗြဟ္မဒတ်မင်းရဲ့မိဖုရားကြီးသည် သားကြီး မဟိံသနဲ့ သားငယ် စန္ဒကိုဖွားမြင်ပြီး နတ်ရွာစံသွားပါတယ်။ ဒီနောက် မင်းကြီးလည်း အဆင်းအင်္ဂါနှင့်ပြည့်စုံသူ မိန်းမပျိုတစ်ယောက်ကို မိဖုရားကြီးအဖြစ်မြှောက်စားပြီးနောက် ထိုမိဖုရားကြီးက သူရိယမင်းသားကို ဖွားမြင်ရာ အလွန်မြတ်နိုးတော်မူတာနဲ့ "မိဖုရားကြီး လိုတဲ့ဆုကိုတောင်းစေ"ဆိုတော့ သူရိယမင်းသား အရွယ်ရောက်ခါမှ မိဖုရားကြီးသည် သားတော်အား မင်းအဖြစ်ကိုပေးရန် တောင်းပါသတဲ့။ ဒီအခါမင်းကြီးလည်း သားတော်ကြီးများကိုထား၍ သားငယ်အား မင်းအဖြစ်ကိုပေးရန် မဖြစ်နိုင်ပါလို့ ငြင်းလိုက်ပေမယ့် ထိုဆုကိုသာအကြိမ်ကြိမ်တောင်းနေသူမိဖုရားသည် တစ်နေ့နေ့မှာ သားကြီးတွေအပေါ် မကောင်းကြံကာ ဘေးရန်ပြုမည်ကိုစိုးရိမ်ပြီး သားကြီးများကို အကျိုးအကြောင်းရှင်းပြကာ ဝေးရာသို့ ရှောင်တိမ်းနေကြရန်နှင့် သူနတ်ရွာစံမှလာပြီးမင်းပြုကြရန် မှာကြားကာ သားကြီးနှစ်ယောက်ကိုတော်ရာသို့ လွှတ်လိုက်ပါတယ်။

သားကြီးနှစ်ယောက်လည်း ဖခင်ကိုရှိခိုးကန်တော့ပြီး နန်းပြသာဒ်မှ ဆင်းသက်လာကြရာ နန်းရင်ပြင်မှာကစားနေတဲ့ သူရိယမင်းသားလေးမေးရာမှ အကြောင်းစုံသိပြီး မင်းသားကြီးတို့နှင့်အတူ ဟိမဝန္တာတောသို့ လိုက်ပါသွားပါတယ်။ ဟိမဝန္တာတောသို့ ရောက်တဲ့အခါ မင်းသားသုံးယောက်တို့လည်း မောပန်းလွန်းတာနဲ့ တစ်နေရာမှာနားနေရင်း နောင်တော်ကြီးမဟိံသမင်းသားက သူရိယမင်းသားလေးကို သောက်ရေခပ်ခိုင်းတာကြောင့် သူရိယမင်းသားလည်း အနီးရှိရေအိုင်သို့ရေခပ်သွားပါတယ်။ အဲဒီရေအိုင်စောင့်ဘီလူးသည်လည်း ရေကန်တွင်းဆင်းလာသူများအနက် ဒေဝဓမ္မတရားမသိသူများကိုသာစားရန် ဝေဿဝဏ်နတ်မင်းကြီးက အပိုင်စားပေးထားပါသတဲ့။ သူရိယမင်းသားလည်း မစူးစမ်းမဆင်ခြင်ဘဲ ရေကန်တွင်းဆင်းလိုက်ရာ ရေအိုင်စောင့်ဘီလူးက သူရိယမင်းသားကိုဖမ်းဆီးပြီး ဒေဝဓမ္မတရားကို သိ-မသိမေးရာ မသိတဲ့အတွက် သူ့ရဲ့ဗိမာန်မှာ ဖမ်းထားလိုက်ပါတယ်။ မဟိံသမင်းသားလည်း သူရိယမင်းသားရေခပ်သွားသည်မှာကြာပြီဖြစ်လို့ စန္ဒမင်းသားကိုစေလွှတ်ပြန်ရာ ဘီလူးကဖမ်းဆီးပြီး ဒေဝဓမ္မတရားကိုမေးတဲ့အခါ အဖြေမှန်မရတာကြောင့် ဖမ်းပြီး သူရိယမင်းသားနှင့်အတူထားလိုက်ပါတယ်။ ဘုရားအလောင်း မဟိံသမင်းသားသည် ညီတော်များ ဘေးအန္တရာယ်တစ်ခုခုကြုံနေပြီဟုဆိုကာ ရေအိုင်သို့ ကိုယ်တိုင်သွားတဲ့အခါ ညီတော်တို့ကုန်းပေါ်ပြန်တက်တဲ့ခြေရာကိုမမြင်၊ ဆင်းသောခြေရာကိုသာမြင်ရာ ဘီလူးစောင့်သည့်ရေအိုင်ဆိုတာသိပြီး သန်လျက်ကို လွယ်၊ လေးကိုကိုင်ကာ ကမ်းနားမှာရပ်နေလိုက်ပါတယ်။ ဒါကိုမြင်တဲ့ဘီလူးလည်း တောသားဟန်ဖန်ဆင်း၍ ရေအိုင်သို့ဆင်းသက်ကာ ရေချိုးရေသောက်ပါဟုပြောတဲ့အခါ မဟိံသမင်းသားလည်း ရေအိုင်စောင့်ဘီလူးမှန်းသိပြီး ညီတော်နှစ်ယောက်ကို ပြန်လွှတ်ပေးရန်ပြောတော့ ဘီလူးကလည်း ရေအိုင်သို့ ဆင်းသူတိုင်းကို မဖမ်းနိုင်ဘဲ ဒေဝဓမ္မတရားမသိသောသူကိုသာ ဖမ်းထားနိုင်ကြောင်း၊ ဒေဝဓမ္မတရားကို သိလိုကြောင်းနဲ့ ထိုတရားကိုဟောကြားနိုင်ပါက ညီတော်များကိုပါလွှတ်ပေးမည်ဖြစ်ကြောင်းပြောပါတယ်။ ဒါ့ကြောင့် မဟိံသမင်းသားသည် ရေအိုင်တွင် ရေချိုးသန့်စင်ပြီး တရားဟောပလ္လင်ပေါ်မှာထိုင်ကာ ဒေဝဓမ္မတရားကိုဟောရာ ဘီလူးလည်းရိုသေစွာ နာယူပါတယ်။ အကုသိုလ်ဒုစရိုက်ပြုရမည်ကို ရှက်ခြင်းဆိုသည့် ဟိရိနှင့် အကုသိုလ်ဒုစရိုက်ပြုရမည်ကိုကြောက်ခြင်းဟုအဓိပ္ပာယ်ရသည့် ဩတ္တပ္ပတရားတို့ကို "ဒေဝဓမ္မ" ဟုခေါ်ပြီး အဲ့ဒီဟိရိနှင့်ဩတ္တပ္ပတရားကျင့်သူတို့ကိုလည်း "ဒေဝဓမ္မ"ဟုခေါ်ကြောင်း ဟောရာ ရေအိုင်စောင့်ဘီလူးလည်း အလွန်ကြည်ညိုပြီး ညီတစ်ယောက်ကိုခေါ်ခွင့်ပြုပါတယ်။ မဟိံသမင်းသားက ညီငယ်ကိုတောင်းရာ ဘီလူးက "အသင်ပညာရှိ အသင်ကား စင်စစ်ဒေဝဓမ္မတရားကိုသိသူမှန်၏။ ကျင့်သူတော့မဟုတ်ပေ။ အကြီးကိုချီးမြှောက်သင့်သည်မဟုတ်ပါလော"ဟုဆိုကာ ကဲ့ရဲ့လေသည်။ မဟိံသမင်းသားက "ငါကား ဒေဝဓမ္မတရားကို သိလည်းသိ ကျင့်လည်းကျင့်သည်။ ညီငယ်၏မိခင်သည် ညီငယ်အတွက် မင်းအဖြစ်ကိုအဖန်ဖန်တောင်းရာ ဖခင်ကြီးကမပေးလို၍ သားကြီးများ ဘေးရန်ကင်းစေရန် နန်းတော်မှထွက်သွားစေရာ ညီငယ်ကလိုက်ပါလာခဲ့ခြင်းဖြစ်သောကြောင့် ဘီလူးစားသည်ဟုပြောလျှင် မယုံကြည်ဘဲ ငါ့ကိုကဲ့ရဲ့ပြစ်တင်ကြလိမ့်မည်။ ဒါ့ကြောင့် ညီငယ်ကိုတောင်းရခြင်းဖြစ်ပေတယ်" ဟုရှင်းပြရာ ဘီလူးသည်မဟိံသမင်းသားကိုအလွန်ကြည်ညိုသွားပြီး ညီတော်နှစ်ယောက်လုံးကိုပေးလိုက်ကြောင်းသိရပါတယ်။

ဒီနောက် ဖခင်မင်းကြီး နတ်ရွာစံကြောင်းသိပြီး ညီတော်တို့နှင့်တိုင်းပြည်သို့ပြန်ကာ တရားသဖြင့်မင်းပြုရာ ညီတော်စန္ဒမင်းသားကိုအိမ်ရှေ့မင်း၊ သူရိယမင်းသားကို စစ်သူကြီးအရာပေးပါတယ်။ ဒီဇာတ်တော်အဆုံးမှာပစ္စည်းဥစ္စာပေါများသောရဟန်းကသောတာပန်ဖြစ်သွားပါတယ်။ ဟိုစဉ်အခါ ရေကန်စောင့်ဘီလူးသည် ယခုပစ္စည်းဥစ္စာပေါများသောရဟန်းဖြစ်ပြီး သူရိယမင်းသားသည် အာနန္ဒာ၊ မဟိံသမင်းသားသည် ဗုဒ္ဓမြတ်စွာဘုရားဖြစ်ကြောင်း ဟောကြားတော်မူပါတယ်။ သူတော်ကောင်းတရားခုနစ်ပါးထဲမှာပါဝင်ပြီး သူတော်ကောင်းတွေရဲ့ဥစ္စာဖြစ်တဲ့ ဟိရိနဲ့ဩတ္တပ္ပတရားနှစ်ပါးကို မြတ်စွာဘုရားက "လောကပါလတရား" တစ်နည်းအားဖြင့် လူ့လောကကြီးကို စောင့်ရှောက်ပေးနေတဲ့ တရားနှစ်ပါးလို့ ဟောတော်မူပါတယ်။ လူတွေဟာ တိရစ္ဆာန်တွေထက် အဆင့်အတန်းမြင့်နေခြင်းမှာလည်း အသိဉာဏ်ပညာအပြင် "ဟိရိဩတ္တပ္ပတရား" ရှိနေခြင်းကြောင့်သာဖြစ်တယ်လို့ဆိုပါတယ်။ "ဟိရိဩတ္တပ္ပ" တရားရှိတဲ့သူဟာ ဂုဏ်သိက္ခာအပြည့်ရှိတယ်။ အဲ့ဒီတရားနှစ်ပါးမရှိတဲ့လူဟာ ဘယ်လောက်ပဲပညာတတ်ပါစေ၊ ချမ်းသာကြွယ်ဝရုပ်ချောနေပါစေ ဂုဏ်သိက္ခာမဲ့ပြီး အဆင့်အတန်းမရှိသူစာရင်းဝင်ပဲဖြစ်မယ်လို့လည်း ပညာရှိများက ဆိုထားကြပြန်ပါတယ်။ ယခုခေတ် လူတွေမှာအရှက်၊ အကြောက်ဆိုတာ နည်းပါးသွားကြလေပြီ။ "ဟိရိဩတ္တပ္ပ" တရားကင်းမဲ့မှုကြောင့်လည်း ဒုစရိုက်မှုတွေအလွန်များလာကြပါပြီ။ တစ်ကမ္ဘာလုံးမှာလည်း ကပ်ဆိုးဘေးဆိုးကြီးတွေ ကြုံတွေ့နေရတဲ့အတွက် သံဝေဂတရားဖြင့် သတိပြုဆင်ခြင်သင့်ကြပါပြီလို့လည်း ပညာရှင်များက သတိပေးထားပါတယ်။

အမှန်တကယ်လည်း လောကပါလတရားဆိုတာ အင်မတန်အရေးကြီးပါတယ်။ **"လောကပါလတရားထွန်းကားလေလေ လောကကြီးကသာယာလေလေပါပဲ"** တဲ့ ။ ဒါကြောင့် မိမိရောက်ရှိနေတဲ့ လောကကြီးကို စောင့်ရှောက်သောအားဖြင့် ဟိရိနှင့်ဩတ္တပ္ပတရားကို ကြိုးစားပြီးကျင့်သုံးရမှာဖြစ်ပါတယ်။ ဘယ်နိုင်ငံရောက်ရောက်၊ ဘာပဲလုပ်လုပ် ပတ်ဝန်းကျင်ကိုထောက်ထားရမယ်။ မိမိကိုယ်တည်းဟူသောအကြောင်းကြောင့် မိမိနှင့်တကွ မိမိပတ်ဝန်းကျင်မထိခိုက်စေရဆိုသော စိတ်ဓာတ်နဲ့အတူ"ဟိရိနှင့်ဩတ္တပ္ပ-အရှက်နှင့်အကြောက်တရား" ကို အစဉ်ထာဝရဂရုထားမွေးမြူကာ ကျင့်သုံးခြင်းအားဖြင့် လောကကြီးကိုအလှဆင်ကြပါစို့လို့ တိုက်တွန်းရေးသားလိုက်ရပါတယ်။ ။

❑ "ဟိရိ" ဆိုတဲ့ "အရှက်တရား" သည် မကောင်းမှု၊ အမြင်မတော်မှုကို ပြုရမှာရှက်ခြင်းနဲ့ "ဩတ္တပ္ပ" ကတော့ မကောင်းမှုပြုရမှာကို ကြောက်လန့်ခြင်းဖြစ်၊ သူတော်ကောင်းတရားခုနစ်ပါးထဲမှာပါဝင်ပြီး သူတော်ကောင်းတွေရဲ့ဥစ္စာဖြစ်တဲ့ ဟိရိနဲ့ဩတ္တပ္ပတရားနှစ်ပါးကို မြတ်စွာဘုရားက "လောကပါလတရား" တစ်နည်းအားဖြင့် လူ့လောကကြီးကို စောင့်ရှောက်ပေးနေတဲ့တရားနှစ်ပါးလို့ ဟောတော်မူ . . .

# (၆၄)ကြိမ်မြောက် ဝိနည်းစာတော်ပြန်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ပင်းတယ ဇန်နဝါရီ ၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ကူးကော်ကော်ကျေးရွာအုပ်စု ချုပ်ချက်ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသော (၆၄)ကြိမ်မြောက် ဝိနည်းစာတော်ပြန်ပွဲ ဖွင့်ပွဲအခမ်းအနားအားကျင်းပရာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းနှင့် ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနတာဝန်ရှိသူများနှင့် စေတနာရှင်အလှူရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါအခမ်းအနားအား ဝိနည်းပြန်အကျိုးတော်ဆောင်အရှင်မြတ်က ဝိနယထုတိဂါထာများဖြင့် အခမ်းအနားကို ဖွင့်လှစ်ခဲ့ပြီး ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းနှင့် အခမ်းအနားသို့တက်ရောက်လာကြသူများက ရတနာမြတ်သုံးပါးအား ကန်တော့၍ ပွေးလှဘုန်းတော်ကြီးကျောင်းဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် ချုပ်ချက်ဘုန်းတော်ကြီးကျောင်း ဆရာတော်က ဝိနည်းစာတော်ပြန်ပွဲ ဖြစ်ပေါ်လာရခြင်းအကြောင်းများကို မိန့်ကြားတော်မူပြီး ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းက သာသနာရေးရာများကိုလျှောက်ထားသည်။



ထို့နောက် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးအာကာလင်းနှင့် စေတနာရှင်အလှူရှင်များက သံဃာတော်အရှင်သူမြတ်တို့အား အလှူငွေများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ပွေးလှဘုန်းတော်ကြီးကျောင်းဆရာတော်က အနုမောဒနာတရားဟောကြားချီးမြှင့်တော်မူပြီးနောက် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကြောင်းနှင့် အဆိုပါဝိနည်းစာတော်ပြန်ပွဲအား ဇန်နဝါရီလ ၈ ရက်မှ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး သံဃာတော် ၁၃၅ ပါး ဝင်ရောက်ဖြေဆိုမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းနှင့်အဖွဲ့သည် ပွေးလှကျေးရွာအုပ်စုအတွင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း(VDP) ရန်ပုံငွေဖြင့်ဆောင်ရွက်သည့် ပွေးလှကျေးရွာ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

ရဲထက်ဦး(ပြန်/ဆက်)

# တံတားဦးမြို့ မြို့မဈေးအတွင်း လက်တွေ့ မီးငြိမ်းသတ်နည်းသရုပ်ပြ



တံတားဦး ဇန်နဝါရီ ၈

တံတားဦးခရိုင်တံတားဦးမြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်းပြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးနှင့် မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရေးအတွက် ယနေ့နံနက် ၁၀ နာရီတွင် မြို့မဈေးအတွင်း လက်တွေ့မီးငြိမ်းသတ်နည်းသရုပ်ပြခြင်းကို ဆောင်ရွက်ကြောင်း သိရသည် ။

အဆိုပါ လက်တွေ့မီးငြိမ်းသတ်နည်းလက်တွေ့သရုပ်ပြ ဆောင်ရွက်ခြင်းနှင့် အသိပညာပေးဟောပြောပွဲတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကျော်သူအောင်က မီးသတ်ဆေးဘူးများထားရှိရေး၊ ဆေးဘူးများကို စနစ်တကျအသုံးပြုတတ်စေရေး၊ အခြေခံမီးသဘောတရားများ၊ မီးလောင်ခြင်းအမျိုးမျိုး၊ ကြိုတင်ကာကွယ်ရမည့် ပစ္စည်းများထားရှိရေး၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ စနစ်တကျကြိုတင်ဆောင်ရွက်ရေး၊ မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်ခြင်း၊ မီးအတန်းအစားများအား ရှင်းလင်းခြင်း၊ မီးငြိမ်းသတ်နည်း (၄)နည်းတို့ကို မြို့နယ်မီးသတ်ဦးစီးမှူးက အကျယ်တဝင့်ရှင်းလင်းပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆောင်သော တပ်ဖွဲ့ဝင်များက လက်တွေ့သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် အရေးပေါ်မီးငြိမ်းသတ်မှု မီးသတ်ဆေးဘူးနှင့် ရေစိုအဝတ်တို့ဖြင့် လက်တွေ့သရုပ်ပြဆောင်ရွက်ကြသည်။ ထို့နောက် တံတားဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ငြိမ်းနှင့် တာဝန်ရှိသူများ၊ တံတားဦးမြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်နှင့် တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်မင်းမင်းထွန်းနှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များသည် မြို့မဈေးနှင့် ဈေးဆိုင်များတွင်ထားရှိရမည့် မီးသတ်ဆေးဘူး၊ မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးများထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ပွင့်လင်းရာသီတွင် တံတားဦးမြို့နယ်၌ မီးလောင်မှု မီးလန့်မှုများမဖြစ်ပေါ်စေရေး မီးလောင်မှုဖြစ်ပေါ်လာပါက မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ပူးပေါင်းငြိမ်းသတ်ရန်အတွက် ဌာနဆိုင်ရာရုံးများမှဝန်ထမ်းများကို အသိပညာပေးဟောပြောမှုများနှင့် မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြခြင်းတို့ကိုဆောင်ရွက်ပေးကြောင်း သိရသည်။

ဦးရဲတင့်(ပြန်/ဆက်)

# မအူပင်ခရိုင်၌ ရှာဖွေကယ်ဆယ်ရေးသင်တန်း အမှတ်စဉ်(၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနားကျင်းပ



မအူပင် ဇန်နဝါရီ ၈

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်အတွင်းဖွဲ့စည်းထားရှိသည့်ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ၏ ရှာဖွေကယ်ဆယ်ရေးဆိုင်ရာလုပ်ငန်းများ စွမ်းဆောင်ရည်တိုးတက်မြင့်မားစေရေးအတွက် ခရိုင်အဆင့်ရှာဖွေကယ်ဆယ်ရေးသင်တန်းအမှတ်စဉ်(၁/၂၀၂၅)ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီက ခရိုင်မီးသတ်ဦးစီးမှူးရုံးခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်မီးသတ်ဦးစီးမှူးလက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးမိုးထွန်းက မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်များကြုံတွေ့လာပါက အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ အချိန်မီတုံ့ပြန်ဆောင်ရွက်နိုင်ရန်၊ ရှာဖွေကယ်ဆယ်ရေးဆိုင်ရာလုပ်ငန်းများ စွမ်းဆောင်ရည်တိုးတက်မြင့်မားစေရန် သင်တန်းအားဖွင့်လှစ်ရခြင်းဖြစ်ကြောင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် မအူပင်ခရိုင်အတွင်းရှိ သန္ဓေ/အရန်မီးသတ်တပ်ဖွဲ့ဝင်သင်တန်းသား ၅၀ ဦး တက်ရောက်ကြကြောင်းနှင့် သင်တန်းကာလမှာ ဇန်နဝါရီလ ၆ ရက်မှ ၃၁ ရက်အထိ ဖွင့်လှစ်သင်ကြားလေ့ကျင့်ပေးသွားမည်ဖြစ်ပြီး မအူပင်ခရိုင်အတွင်းရှိ မအူပင်၊ ပန်းတနော်၊ ညောင်တုန်း၊ ဓနုဖြူမြို့နယ်တို့၌လည်း သင်တန်းသား ၃၅ ဦးစီဖြင့် ဖွင့်လှစ်သင်ကြားလေ့ကျင့်လျက်ရှိကြောင်း သိရသည်။

အောင်မြင့်မြတ်(ပြန်/ဆက်)

# ဘုတ်ပြင်းမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေး နံရံကပ်စာစောင်၊ စာအုပ်စာစောင်ပြပွဲနှင့် ဟောပြောပွဲဆောင်ရွက်

ဘုတ်ပြင်း ဇန်နဝါရီ ၈

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ်တွင် အခြေခံပညာဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေးနံရံကပ်စာစောင်၊ စာအုပ်စာစောင်ပြပွဲနှင့်ဟောပြောပွဲကို ယမန်နေ့နံနက်ပိုင်းက အလယ်မန်ကျေးရွာ အမှတ်(၁)ရပ်ကွက်ရှိ အခြေခံပညာမူလတန်းလွန်ကျောင်း(အလယ်မန်)၌ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင်အခြေခံပညာမူလတန်းလွန်ကျောင်း(အလယ်မန်)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်စီစီဝင်းက အသိပညာပေးဟောပြောပွဲပြုလုပ်ရသည့်ရည်ရွယ်ချက်များကိုပြောကြားသည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဖြူဖြူသိန်းက ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးခေါင်းစဉ်ဖြင့် ဟောပြောခဲ့ရာ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျောင်းသင်ခန်းစာအပြင် အားလပ်ချိန်တွင် အသိပညာဗဟုသုတရရှိစေမည့် စာအုပ်စာစောင်များလေ့လာဖတ်ရှုခြင်းဖြင့် ရရှိသည့်အကျိုးကျေးဇူးများကို အသိပညာပေးဟောပြောသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက စာဖတ်ရှိန်မြှင့်တင်ရေး မြို့နယ်အတွင်း အသိပညာပေးလှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ၊ မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေး၊ပလတ်စတစ်အန္တရာယ်အသိပညာပေးနှင့်လူငယ်ရေးရာ အသိပညာပေးနံရံကပ်စာစောင်များ၊စာအုပ်စာစောင်များခင်းကျင်းပြသထားရာ ကျောင်းသား၊ကျောင်းသူများ စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာဖတ်ရှုခဲ့ကြကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)

# ၂၀၂၄ -၂၀၂၅ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာရေးစုံညီပွဲတော်ကို ကျိုင်းတုံမြို့ရှိ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပပြုလုပ်



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင် ကျောင်းသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် ဇန်နဝါရီ ၈

၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာရေးစုံညီပွဲတော်ကို ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့ရှိ အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်း၌ကျင်းပပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများက ဘင်ခရာတီးဝိုင်းဖြင့် နိုင်ငံတော်အလံကို အလေးပြုကြပြီး "ကြိုဆိုပါသည် စုံညီပွဲတော်" သီချင်းဖြင့်အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။ ထို့နောက် တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး ပညာရေးစုံညီပွဲတော်အတွက် ချီးမြှင့်ငွေများပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူခဲ့သည်။ ယင်းနောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက ပြည်နယ်အဆင့်ထူးချွန်ဆုရရှိသူများ၊ တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးရရှိခဲ့သူများ၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် အတန်းအလိုက် ပညာရည်ချွန်ဆုရရှိသူများနှင့် မြို့နယ်အဆင့်ထူးချွန်ဆုရရှိသူ ကျောင်းသား၊ ကျောင်းသူများကို ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ ၎င်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကျောင်းသား၊ ကျောင်းသူများ၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြပြီး သင်ထောက်ကူပြခန်းနှင့် သိပ္ပံပြခန်းများ အတွင်း ခင်းကျင်းပြသထားသည့်ပစ္စည်းများအား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို) ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ နှစ်သစ်ကြိုဆိုပွဲ တက်ရောက်ခဲ့



နေပြည်တော် ဇန်နဝါရီ ၈

မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း (ဗဟို) ဒုတိယဥက္ကဋ္ဌနှင့် မူဆယ်ရုံးခွဲဥက္ကဋ္ဌ ဦးရှင်ဖူးနှင့် အလုပ်အမှုဆောင်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တယ်ဟုန်ပြည်နယ်ခွဲ အစိုးရအဖွဲ့၏ ဖိတ်ကြားချက်အရ ဇန်နဝါရီလ ၅ ရက်က တယ်ဟုန်ပြည်နယ်ခွဲ ရွှေလီမြို့၌ ကျင်းပခဲ့သည့် ရွှေလီ-မူဆယ် နယ်စပ်ဖြတ်ကျော် မာရသွန်အပြေးပြိုင်ပွဲသို့ တက်ရောက်အားပေးခဲ့သည်။

ထို့အတူ မြစ်တစ်စင်း၏ သံယောဇဉ် - မိသားစုတစ်ခု၏ မေတ္တာ၊ ၂၀၂၅ ခုနှစ် နယ်စပ်ဖြတ်ကျော် နှစ်သစ်ကြိုဆိုပွဲကိုလည်း တက်ရောက်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# သစ်လွင်သားဖွားဆရာမများ ရာထူးတာဝန်ခန့်အပ်လွှာအပ်နှင်းပွဲ ကျင်းပ



မြိတ် ဇန်နဝါရီ ၈

တနင်္သာရီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးသက်နိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန မြိတ်မြို့ သားဖွားသင်တန်းကျောင်းတွင်ကျင်းပသည့်သစ်လွင်သားဖွားဆရာမများ ရာထူးတာဝန် ခန့်အပ်လွှာအပ်နှင်းပွဲသို့ တက်ရောက်ကြသည်။

သစ်လွင်သားဖွားဆရာမများ ရာထူးတာဝန်ခန့်အပ်လွှာအပ်နှင်းပွဲတွင် လူမှုရေးရာဝန်ကြီး ဦးသက်နိုင်က အမှာစကားပြောကြားသည်။

ထို့နောက်လူမှုရေးရာဝန်ကြီးဦးသက်နိုင်က သစ်လွင်သားဖွားဆရာမများအား ရာထူးတာဝန် ခန့်အပ်လွှာများ အပ်နှင်းသည်။

သစ်လွင်သားဖွား ဆရာမများသည် သင်တန်းနှစ်နှစ်တာ ကာလအတွင်း သူနာပြု သားဖွားကျင့်ဝတ်၊ အခြေခံသူနာပြုစုမှု၊ သားဖွားပညာရပ်၊ မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှု၊ ကလေးကျန်းမာရေးသူနာပြုစုမှု၊ မြန်မာနိုင်ငံကျန်းမာရေးစောင့်ရှောက်မှုစနစ်၊ အင်္ဂလိပ်စာ၊ ကွန်ပျူတာ၊ သုတေသနမိတ်ဆက် ဘာသာရပ်များကိုသင်ကြားခဲ့ကြရပြီး သားဖွားဒီပလိုမာစာမေးပွဲကို ဖြေဆိုခဲ့ကြကာအောင်မြင်သည့် သင်တန်းသူများကိုသာ သားဖွားဆရာမ ရာထူးတာဝန်ကိုအပ်နှင်းခြင်းဖြစ်ကြောင်း သိရသည်။

ခိုင်ထူး(မြန်/ဆက်)

# ကွန်ပျူတာတက္ကသိုလ်(သထုံ)တွင် မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကျင်းပ

သထုံ ဇန်နဝါရီ ၈

မွန်ပြည်နယ် သထုံမြို့နယ်ရှိ ကွန်ပျူတာတက္ကသိုလ်(သထုံ)၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဂေါ့ကျေးရွာရှိ ကွန်ပျူတာတက္ကသိုလ်(သထုံ) ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားအား ကွန်ပျူတာတက္ကသိုလ်(သထုံ) ပါမောက္ခချုပ်ဒေါက်တာနီလာသိန်း၊ ဒုတိယပါမောက္ခချုပ်ဒေါက်တာဝင့်သီတာဇော်နှင့် ပါမောက္ခ ဌာနမှူးများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပါမောက္ခချုပ်က ကြိုဆိုနှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

ဆက်လက်၍ စတုတ္ထနှစ် ကျောင်းသားတစ်ဦးက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မောင်မယ်သစ်လွင်ကျောင်းသား၊ကျောင်းသူများအား ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာ ပထမနှစ် ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး သန့်ဇင်ထွန်း၊ ကွန်ပျူတာတက္ကသိုလ် (သထုံ) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ/ဌာနမှူးများက ကွန်ပျူတာသိပ္ပံနှင့် ကွန်ပျူတာနည်းပညာဘွဲ့ နှစ်အလိုက် ထူးချွန်ဆုများ ရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ပြိုင်ပွဲအသီးသီးတို့မှ ဆုရကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုများချီးမြှင့်ပေးကြသည်။

အဆိုပါကြိုဆိုပွဲတွင် မွန်၊ ကရင်၊ ပအိုဝ်း တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအကများ၊ တေးသီချင်းများဖြင့်ဖျော်ဖြေခြင်း၊ King & Queen ရွေးချယ်ချီးမြှင့်ခြင်း၊ ကံစမ်းမဲများဖွင့်ဖောက်ပေးခြင်းတို့ကို တပျော်တပါး ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

ခရိုင်ပြန်/ဆက်

# မိုင်းလွေကျေးရွာ၌ ဆင်းကေရီ - ၃ နွေစပါးမျိုးစေ့ထုတ်စံပြစိုက်ကွက် လက်တွေ့သရုပ်ပြစိုက်ပျိုး

မိုင်းယန်း ဇန်နဝါရီ ၈

စပါးတစ်ဧက ပန်းတိုင်အထွက်နှုန်းထွက်ရှိရေးဆောင်ရွက်ရာတွင် မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်အသုံးပြုနိုင်ရန် မျိုးစေ့ထုတ်စိုက်ကေများ မျိုးစေ့ထုတ်နည်းပညာများနှင့်အညီ စိုက်ပျိုးကြစေရန် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းခရိုင် မိုင်းယန်းမြို့နယ်တွင် ဆင်းကေရီ - ၃ နွေစပါးမျိုးစေ့ထုတ်စံပြစိုက်ကွက်လက်တွေ့သရုပ်ပြစိုက်ပျိုးခြင်းကို ယနေ့နံနက် ၉ နာရီတွင် မိုင်းလွေကျေးရွာနေ ဦးပိုင်တောင်သူ ဦးစိုင်းလာ၏ လယ်မြေ ၂ ဒသမ ၀၆ ဧက၌ ဆောင်ရွက်ကြောင်းသိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မိုင်းယန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက မိုင်းယန်းခရိုင်/ မိုင်းယန်းမြို့နယ်အတွင်း ဆင်းကေရီ-လမ်းညွှန်မှုဖြစ်သော စပါးတစ်ဧက ပန်းတိုင်အထွက်နှုန်းထွက်ရှိရေးအတွက် မျိုးစေ့ထုတ်စိုက်ကေများ စံပြစိုက်ပျိုးလျက်ရှိရာ တောင်သူများအနေဖြင့် စိုက်ပျိုးရေးနည်းစနစ်များနှင့်အညီ စနစ်တကျစိုက်ပျိုးကြရန် အသိပညာပေး ရှင်းလင်းတင်ပြသည်။

အဆိုပါ ဆင်းကေရီ - ၃ နွေစပါးမျိုးစေ့ထုတ်စံပြစိုက်ကွက်လက်တွေ့သရုပ်ပြစိုက်ပျိုးနေမှုအား မိုင်းယန်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးလင်းသန့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦး၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လယ်ယာမြေ စီမံခန့်ခွဲရေးအဖွဲ့ဝင်များနှင့် တောင်သူများမှ ကြည့်ရှုအားပေးကြပြီး စိုက်ပျိုးရေးလုပ်ငန်းများအား ဒေသခံတောင်သူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန်မှာကြားကြောင်း သိရသည်။

ထွန်းထွန်းထူး

သင်မလိုသောမီးကိုပိတ်ထားခြင်းဖြင့် လိုအပ်သူများ အလင်းရပါစေ။

# အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၅) အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇန်နဝါရီ ၈

အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၅) အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပရာ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်အမှာစကားပြောကြားသည်။



အစည်းအဝေးသို့ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဗဟိုကော်မတီ အကြံပေးပုဂ္ဂိုလ်၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ ခရီးသွားလုပ်ငန်းဆိုင်ရာ တတ်သိပညာရှင်များ၊ ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းများမှကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဝန်ကြီးချုပ်များနှင့်စီးပွားရေးရာဝန်ကြီးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက ယနေ့အစည်းအဝေးကို(၁/၂၀၂၄)ကြိမ်မြောက် ဗဟိုကော်မတီအစည်းအဝေးမှ ထွက်ပေါ်လာသည့် ဆွေးနွေးတင်ပြချက်များ၊ ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုအခြေအနေများကို သိရှိသုံးသပ်နိုင်ရန်နှင့် ခရီးသွားရာသီကာလတွင် နိုင်ငံတကာခရီးသွားဧည့်သည်များ ပိုမိုရောက်ရှိရေး၊ ဝန်ကြီးဌာနနှင့်အတူ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများမှ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကိုအရှိန်မြင့်ဆောင်ရွက်နိုင်ရေး ဆွေးနွေးအဖြေရှာရန် ကျင်းပခြင်းဖြစ်ကြောင်း။

ကမ္ဘာ့ဒေသအသီးသီးတွင် ခရီးသွားဧည့်သည်များ ပိုမိုရောက်ရှိလာစေရန်အတွက် ခရီးသွားလုပ်ငန်းကဏ္ဍစီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံမှုများတိုးချဲ့မှု၊ Visa ဖြေလျှော့မှု၊ လေကြောင်းလိုင်းများတိုးချဲ့ပျံသန်းမှု၊ ဈေးကွက်မြှင့်တင်ရေး ပိုမိုလုပ်ဆောင်မှု၊ ခရီးစဉ်ဒေသများတွင် ခရီးသွားထုတ်ကုန်များဖော်ထုတ်မှု၊ Events များလက်ခံကျင်းပမှု စသည့်အစီအစဉ်များ ချမှတ်ဆောင်ရွက်လာကြသည်ကို တွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံ၏စီးပွားရေးကို အထောက်အကူပြုစေမည့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်းခရီးသွားများ လွယ်ကူချောမွေ့စွာ ခရီးသွားလာနိုင်ရေးနှင့် ပြည်ပခရီးသည်များ ပိုမိုလာရောက်ရေးတို့ကို အခြားနိုင်ငံများနည်းတူ အလေးထားဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်ပြီး မိမိတို့၏ ဒေသထွက်ကုန်ပစ္စည်းများ၊ စားသောက်ကုန်များ၊ အမှတ်တရလက်ဆောင်ပစ္စည်းများကို တွင်တွင်ကျယ်ကျယ်အသုံးပြုပြီး ထိုမှတစ်ဆင့် ကုန်ချောပစ္စည်းများ ပိုမိုထုတ်လုပ်နိုင်ရေး၊ လိုအပ်သည့်နည်းစနစ်များ၊ ဗဟုသုတများနှင့်သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲ၊ ပြပွဲပြိုင်ပွဲများအား သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီများအနေဖြင့် ခရီးသွားလုပ်ငန်းကော်မတီ၏လမ်းညွှန်မှုနှင့် ခရီးစဉ်ဒေသများ ရေရှည်ဖွံ့ဖြိုးရေး၊ သန့်ရှင်းသာယာလှပရေး၊ ဒေသထွက်အစားအသောက်များ၊ တိုင်းရင်းသားရိုးရာ အစားအစာများ၊ ကျန်းမာရေးနှင့်ညီညွတ်မှုရှိပြီး အဆင့်မီစွာဖြင့် ဝန်ဆောင်မှုပေးနိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ဒေသခံများနှင့်လက်တွဲပြီး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ယခင်ကျင်းပခဲ့သည့် ဗဟိုကော်မတီနှင့်လုပ်ငန်းကော်မတီအစည်းအဝေးများမှ ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကဏ္ဍ၏ လက်ရှိအခြေအနေများနှင့် အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီအတွင်းရေးမှူး ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက ဗဟိုကော်မတီ (၁/၂၀၂၄)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်လျက်ရှိသည့်အခြေအနေနှင့် ဗဟိုကော်မတီသို့ တင်သွင်းလာသည့်အမှာစာများကို ဖတ်ကြားတင်ပြပြီး အတည်ပြုချက်ရယူသည်။

ဆက်လက်၍ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ ဗဟိုကော်မတီအကြံပေးပုဂ္ဂိုလ်၊ နေပြည်တော်ကောင်စီဝင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ စီးပွားရေးရာဝန်ကြီးများ၊ ပုဂ္ဂလိကခရီးသွားအဖွဲ့အစည်းများမှကိုယ်စားလှယ်များ၊ ခရီးသွားလုပ်ငန်းတတ်သိပညာရှင်များနှင့် တာဝန်ရှိသူများက ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြရာ ဗဟိုကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (၅၀၀)

# ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် ဒေသတွင်းအသားကဏ္ဍတိုးချဲ့မွေးမြူနိုင်ရေးနှင့် သင့်တင့်သောဈေးနှုန်းဖြင့် ဖြန့်ဖြူးနိုင်ရေး ကွင်းဆင်းဆောင်ရွက်



နေပြည်တော် ဇန်နဝါရီ ၈

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ညောင်နှစ်ပင်မွေးမြူရေးဇုန်(၃)ရှိ SUN JIN Myanmar Co.,Ltd. ၏ အအေးခန်းမွေးမြူရေးစနစ် (Cooling System) မျိုးဝက်မွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုရာ ခြံတာဝန်ခံက မွေးမြူရေးခြံအတွင်း မျိုးဝက်မ အကောင် ၁၂၀၀၊ မျိုးဝက်သိုး အကောင် ၂၀ မွေးမြူထားရှိမှုနှင့် တစ်နှစ်လျှင် သားပေါက်ကောင်ရေ ၃၀၀၀၀ ကျော် ရောင်းတမ်းဝင်အဖြစ်ဖြန့်ဖြူးပေးနေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မွေးမြူရေးလုပ်ငန်းရှင် ဦးလီဟိုက်ချိန်၏ ဥစားကြက်မွေးမြူရေးခြံရှစ်ခြံတွင် ဥစားကြက်ကောင်ရေ ၁၀၀၀၀၀ ကို အအေးပေးအလုံပိတ်စနစ် အစာကျွေးမှုစနစ် (Evaporative Cooling System) ဖြင့် မွေးမြူထားရှိမှုနှင့် တစ်နှစ်လျှင် ကြက်ဥ ၂၉ သန်းကျော် ဖြန့်ဖြူးပေးနေမှုအခြေအနေများကို လည်းကောင်း၊ မှော်ဘီမြို့နယ် ညောင်ကုန်းကျေးရွာ FeedMAS Livestock Co., Ltd. ၏ ဥစားကြက်မွေးမြူရေးခြံ(ဝါးနက်ချောင်း)တွင် အအေးပေးအလုံပိတ်စနစ် (Evaporative Cooling System)ဖြင့် LOHMANN BROWNY ဥစားကြက်ကောင်ရေ ၈၆၈၉၃ ကောင်မွေးမြူနေမှုနှင့် တစ်နှစ်လျှင် ကြက်ဥ ၁၂ ဒသမ ၆ သန်း ထုတ်လုပ်ဖြန့်ဖြူးပေးနေမှုကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးဇုန် အုပ်ချုပ်မှုရုံး၌ မွေးမြူရေးတောင်သူများနှင့်တွေ့ဆုံ၍ နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အသားကဏ္ဍ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာရန်လိုအပ်နေမှု၊ မွေးမြူရေးကို အခြေခံသည့် ခေတ်မီကုန်ချောထုတ်လုပ်မှု အားကောင်းလာစေရန် မွေးမြူရေးကဏ္ဍတွင် ပါဝင်ပတ်သက်သူအားလုံး ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ချက်များကို ဆွေးနွေးမှာကြားကာ မွေးမြူရေးတောင်သူများ၏တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# အခြေခံမဲစာရင်းတွင်ပါဝင်ရမည့် လူဦးရေစာရင်းများဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော်  ဇန်နဝါရီ  ၈

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အိမ်ထောင်စုအမှတ်စဉ်များ ဖြည့်သွင်းနိုင်ရေးနှင့်လူဦးရေစာရင်းများ မြေပြင်စိစစ်အတည်ပြုနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေဖြင့် ရွေးကောက်ပွဲအတွက်အဘက်ဘက်မှအသင့်ဖြစ်နေစေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲတစ်ခုတွင် မဲစာရင်းပြည့်စုံမှန်ကန်ရေးသည် အဓိကကျကြောင်း၊ ကော်မရှင်အနေဖြင့် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ဗဟိုကော်မတီက ပေးပို့လာသည့် လူဦးရေစာရင်းများကို ဗဟိုမဲဆန္ဒရှင် စာရင်းများစီမံခန့်ခွဲမှုစနစ် (CVLMS) အတွင်း ထည့်သွင်းပြုစုထားပြီးဖြစ်ကြောင်း။

ရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းပြုစုရာတွင် မဲရုံအလိုက်ပြုစုရမည်ဖြစ်ကြောင်း၊ မဲရုံအလိုက်မဲစာရင်းများပြုစုရာ၌ မဲရုံတွင်မဲပေးရမည့်နယ်မြေသတ်မှတ်ချက်အတိုင်းပြုစုရကြောင်း၊ နယ်မြေသတ်မှတ်သည့်အခါတွင်လည်း မဲဆန္ဒရှင်များ၏နေရပ်လိပ်စာအပေါ်အခြေခံပြီး ခွဲဝေသတ်မှတ်ခြင်းဖြစ်ကြောင်း၊ နယ်မြေသတ်မှတ်ချက်တွင်ပါဝင်သည့် အိမ်ထောင်စုအားလုံးသည် အစီအစဉ်တကျပါဝင်ရန် လိုအပ်ကြောင်း၊ အစီအစဉ်တကျ ပါဝင်ရန်အတွက် အိမ်ထောင်စုအမှတ်စဉ်များ လိုအပ်ကြောင်း၊ အိမ်ထောင်စုအမှတ်စဉ်များသည် သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စုအတွင်းရှိ အိမ်အမှတ် ၊ လမ်း ၊ နယ်မြေ / အပိုင်း / ရွာခွဲများအလိုက် အစီအစဉ်တကျဖြစ်ရန် လိုအပ်ကြောင်း၊ သို့ဖြစ်၍ အိမ်ထောင်စုအမှတ်စဉ်များကို နေရပ်လိပ်စာအစဉ်အတိုင်း သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များက ဖြည့်သွင်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ဆောင်ရွက်ရာတွင် ကော်မရှင်နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့သည် လက်တွေ့ကျကျ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မဲစာရင်းပြည့်စုံမှန်ကန်ရေး၊ မဲဆန္ဒရှင်များအဆင်ပြေစွာ မဲပေးနိုင်ရေးနှင့် လူဦးရေစာရင်းများကို မြေပြင်စိစစ်အတည်ပြုနိုင်ရေး စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်သည့်အတွက်အရေးကြီးသည့် လုပ်ငန်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများထံမှလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ တောင်းခံသွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးက မြေပြင်စိစစ် အတည်ပြုနိုင်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍တင်ပြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ရွေးကောက်ပွဲကော်မရှင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအပေါ် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းစိုးက အခြေခံလူဦးရေစာရင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ချက်၊ တွေ့ရှိချက်များနှင့် လုပ်ငန်းလိုအပ်ချက်များကိုလည်းကောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် အီလက်ထရောနစ်မှတ်ပုံတင်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက လုပ်ငန်းလိုအပ်ချက်များအပေါ် ဆောင်ရွက်မည့်အစီအမံများကိုလည်းကောင်း ရှင်းလင်းတင်ပြခဲ့ကြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်က သတ်မှတ်မဲရုံအလိုက် မဲစာရင်းပြုစုရာတွင် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၏ အိမ်ထောင်စုအမှတ်စဉ်များ သတ်မှတ်ဖြည့်သွင်းနိုင်ရေး ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ထို့နောက် တက်ရောက်လာသူများက ရှင်းလင်းဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ပြည်ထဲရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှတာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများမှ ရွေးကောက်ပွဲအရာရှိများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

# အမျိုးသားအဆင့်ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီ အစည်းအဝေးကျင်းပ





နေပြည်တော်  ဇန်နဝါရီ  ၈

အမျိုးသားအဆင့်ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်တို့မှ တာဝန်ရှိသူများ၊ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လူမှုဝန်ထမ်း ဦးစီးမှူးများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေ လွှမ်းခြုံမှုနှင့် ပတ်သက်၍ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အသက် ၆ လမှ ၈ နှစ် အရွယ်အထိ ၃၅ ဒသမ ၂၄ ရာခိုင်နှုန်းရှိကြောင်း၊ ၎င်းတို့အနက် အသက် ၃ နှစ်မှ ၅ နှစ် အထိ ၂၂ ဒသမ ၄၄ ရာခိုင်နှုန်းရှိပြီး အသက် ၆ နှစ်မှ ၈ နှစ်အထိ ၈၃ ဒသမ ၁ ရာခိုင်နှုန်း ရှိသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် မြို့နယ်တစ်မြို့နယ်တွင် စံပြမူလတန်းကြိုကျောင်းတစ်ကျောင်းရှိရန် လိုအပ်သောကြောင့် ဆောက်လုပ်ရန်စီမံကိန်းကို ထည့်သွင်းရေးဆွဲထားကြောင်း၊ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဗဟိုကြီးကြပ်ရေးအဖွဲ့၏ "ရန်ပုံငွေဆိုင်ရာ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများ" ကို အတည်ပြုထုတ်ပြန်နိုင်ခဲ့ပြီး ရန်ပုံငွေထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့ကိုလည်း ဖွဲ့စည်းနိုင်ခဲ့ကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားအဆင့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများနှင့်အဖွဲ့ဝင်များက ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးရေး ဆိုင်ရာများကိုလည်းကောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်လူမှုဝန်ထမ်းဦးစီးမှူးများကိုယ်စား လူမှုဝန်ထမ်းရုံး ညွှန်ကြားရေးမှူးက နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ကလေးသူငယ်ဖွံ့ဖြိုးရေးကဏ္ဍဆောင်ရွက်နေမှုများကိုလည်းကောင်း ဆွေးနွေးတင်ပြကြရာ တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (ဗဟ)

**■ ကျောဖုံးမှအဆက်**

ရေရှည်တည်တံ့စေရန်နှင့် စီမံအုပ်ချုပ်မှုပိုမိုကောင်းမွန်လာစေရန်၊ ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝစေရန်၊ လှိုင်းဒဏ်/လေမုန်တိုင်းဒဏ်ခံစားရမှုများအား သဘာဝတံတိုင်းကြီးများသဖွယ်ကာကွယ်ရန်နှင့် ဒေသခံပြည်သူများအတွက် သား၊ ငါး၊ ကဏန်း၊ ပုစွန်စသောရေသယံဇာတများ စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ရန် ရည်ရွယ်၍ ဒီရေတောကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။

ကဏန်းကျွန်းဒီရေတော ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းဖြင့် ဒီရေတောအဓိကသစ်မျိုးများဖြစ်သည့် သမဲ့၊ကန့်ပလာ၊ခနိ စသည့်ဒီရေတောသစ်ပင်များအား ထိန်းသိမ်းနိုင်မည့်အပြင်မြူးခြေထောက်၊မြူးကြက်တက်၊ နံ့မြူး၊ မြူးအုပ်ဆောင်း၊ သမဲ့ကြီး၊ ကန့်ပလာစသည့် သစ်မျိုးများဖြင့် စိုက်ပျိုးတည်ထောင်ထားသည့် ဒီရေတောစိုက်ခင်းများကိုပါ ထိန်းသိမ်းကာကွယ်နိုင်မည်ဖြစ်ခြင်း၊ သား၊ ငါး၊ ကဏန်း၊ ပုစွန်များရှင်သန်ပေါက်ဖွားရာ ဂေဟစနစ်ပိုမိုကောင်းမွန်လာစေခြင်း၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ခြင်း၊ ဒီရေတောများသည် အဏ္ဏဝါဂေဟစနစ်ကို တည်ငြိမ်မှုအတွက်အရေးပါသည့် ဂေဟစနစ်တစ်ခုဖြစ်ခြင်း၊ ရာသီဥတုပြောင်းလဲမှုအား ထိန်းညှိပေးနိုင်ခြင်းနှင့် မြေတိုက်စားမှုနှင့် ကမ်းပါးပြိုမှုများကဲ့သို့သော သဘာဝဘေးအန္တရာယ်မှကာကွယ်ပေးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Yangon Port handles 633 container vessels in 2024



YANGON January 8

A total of 633 container vessels docked at the Yangon Port in 2024, the Myanma Port Authority announced.

The arrival of the container vessels rose in 2024 compared to 629 vessels in 2023.

Myanma Port Authority stated that 49 vessels in January, 53 in February, 55 in March, 50 in April, 52 in May, 50 each in June, July and August, 55 in September, 52 in October, 57 in November and 60 in December 2024 arrived at Yangon Port.

Following the draft extension, international ocean liners can now access the inner port, according to the Myanma Port Authority's statement on 22 June 2022.

After the new navigation channel (Kings Bank Channel) accessing the inner Yangon River had been found, the draft extension work was accelerated. After that, the port can now handle larger ships. The container vessel MV SITC Zhaoming (185.99 metres LOA, 35.25 metres Beam, 29,232 GRT and 2,698 TEU) of Hong Kong-based SITC Shipping Line docked at Asia World Port Terminal for the first time on 22 June, which is the largest ship that AWPT Port handled.

From May 2021, the arrival of the ships at terminals in Yangon has increased again. Three new container vessels by Maersk Line Myanmar (SeaLand Maersk) started to run to fulfil the seaborne trade requirements in 2021. Earlier, the larger ships had draft problems preventing sailing on the Yangon River. With the draft being extended up to 10 meters, the larger ocean liners can enter the Thilawa Port.

**SMK**

# Yekyi Township sends 550,000 pieces of dragon fruits to Yangon market

YEKYI January 8

Local farmers and businesspersons from Yekyi Township of Ayeyawady Region shipped 550,000 pieces of dragon fruits to Yangon market said Daw Cherry, the owner of fruit wholesale centre in Yekyi Township.

They sent 450,000 pieces of dragon fruits in October, compared to 550,000 pieces of fruits in November. Local farmers grow dragon fruit plants in organic techniques.

Daw Cherry disclosed: "Farmers and traders dispatched a large number of dragon fruits to Yangon market in November. The fruits from Yekyi Township are quality, attracting customers and consumers. Now, the fruits can be plucked at the farms in Yekyi Township. So, farmers send their fruits to Yangon market."

Dragon fruit fetches Ks-1,000 to Ks-2,200 at the domestic market, depending on sizes and quality. Thanks to high demand of the fruit from Yangon market, those in production chain can earn increased incomes for their families. **SK**



# Kawlin District finishes harvest of more than 28,000 acres of monsoon paddy

KAWLIN January 8

According to the statistics of Kawlin District Agriculture Department, a total of 28,969 acres of monsoon paddy has been harvested in the district of Sagaing Region.

Local farmers planted 192,673 acres of monsoon paddy in monsoon this year. They started harvest of crops in October. So far, they have harvested 26,465 acres of monsoon paddy in Kawlin Township and 2,504 acres in Pinlebu Township, totalling 28,969 acres, yielding 78.52 baskets per acre.

U Thein Win, Head of Kawlin District Agriculture Department commented: "This year, local farmers have planted more than 190,000 acres of monsoon paddy in the district. Now, they are harvesting paddy. So far, they have reaped more than 28,000 acres of paddy plantations. Officials of the District Agriculture Department made field trips to paddy fields for cultivation of monsoon paddy in time."

This year, officials of relevant township Agriculture Department cooperate with local farmers in growing paddy without difficulties.

In Kawlin District, officials share agricultural techniques, prevention of pests and minimizing loss and waste of crops and keeping crops under shelter in time with local farmers.

Moreover, staff members of the relevant Township Agriculture Department help local farmers select quality strains of crops, conduct surveillance against pests, weed the crop plantations and removed different strains of crops to boost per-acre yield of crops. **SK**

# Plan underway to grow more than 700 acres of Bocate bean in Ngayokkaung

NGAYOKKAUNG January 8

Local farmers decided to grow 716 acres of Bocate bean in Ngayokkaung of Ngaputaw Township in Ayeyawady Region this winter, said U Hsan Win, Head of Ngaputaw Township Agriculture Department.

The town of Ngayokkaung earmarked 716 acres of Bocate bean this cold season and local farmers will grow the bean in the first week of December. Officials of Agriculture Department, Agricultural Mechanization Department and local authorities are joining hands in providing aid for local famers to grow the bean meeting the target.

U Hsan Win disclosed: "Farmers in Ngayokkaung will grow more than 700 acres of Bcate bean. Officials from relevant department help local farmers select quality strains of crops and prevent pests to increase per-acre yield of crop."

Officials of the Township Agriculture Department raise farmer awareness to grow the bean meeting the target cultivation with higher per-acre yield, use of fertilizers, pests and germicides as well as natural fertilizers in addition to use of quality seeds of crops.

**SMK**

# Myaung Township completes cultivation of sunflower on more than 8,000 acres of croplands

MYAUNG January 8

Statistics of Sagaing District Agriculture Department stated that a total of 8,917 acres of sunflower has been planted in Myaung Township of Sagaing Region this year.

Local farmers started cultivation of 8,917 acres of sunflower against the target of 12,988 acres earmarked by local authorities.

Daw Thida Lwin, Head of Sagaing District Agriculture Department explained: "Authorities earmarked cultivation of more than 12,000 acres of sunflower in Myaung Township this cold season but local farmers planted more than 8,000 acres of crops against the target. Agricultural officials help local farmers meet the target cultivation. Cultivation of sunflower aims to reduce import of cooking oil."

Officials of the Township Agriculture Department conduct training courses for agricultural staff and local farmers to enhance their capacity to grow sunflower in the township without any difficulties.



This year, Township Agriculture Department arranges provision of quality seeds of sunflower to local farmers, sale of urea fertilizer at fair prices, and exchange of quality seeds among farmers. **SK**

# White sweet potato from Shan State popular in the domestic market

YANGON January 8

According to traders from Taunggyi Township, Korean sweet potato (white sweet potato) has been popular recently in the domestic market and most orders are placed from Yangon Region.

Mainly grown in Hopong, it is a Korean species sweet potato and it is softer than yellow sweet potato and purple sweet potato.

"It is a Korean species. It is mainly grown in Hopong. In last year, the plantation of the Korean sweet potato wasn't much as large as yellow and purple sweet potatoes, and wasn't popular much. But, the price is higher than yellow and purple sweet potatoes. Yangon is the top among our customers. Now, it has been more popular in the market and the number of consumers has also risen," said Ma Sandi Tayar, a vegetables and fruits retail and wholesale distributor from Taunggyi Township.

Last November, local species sweet potatoes received orders from Tachilek, Myeik and Bago and compared to yellow sweet potato, purple sweet potato trade increased as it is mainly used in making snacks. **SK**

# Kyaukmyaung Sub-Township finishes cultivation of more than 11,000 acres of peanut



KYAUKMYAUNG January 8

A total of 11,001 acres of peanut has been planted in Kyaukmyaung Sub-Township in Sagaing Region, according to the statistics of Kyaukmyaung Sub-Township Agriculture Department.

Starting from October this year, local farmers planted 11,001 acres of peanut in the sub-township meeting the target of the crops.

Daw Khin Win, Head of Kyaukmyaung Sub-Township Agriculture Department explained: "This winter, local authorities have earmarked cultivation of 11,012 acres of peanut in the sub-township but local farmers have planted 11,001 acres of crops against the target of cultivation. Peanut plantations are thriving in the sub-township. Sown acreage of the crops is on the rise year by year."

In the sub-township, farmers need to use 1.5 baskets of seeds for cultivation of peanut with spending Ks-200,000 for seeds, labour charge, fertilizers and pesticides. The crop yields more than 50 baskets of peanut per acre.

This year, agricultural staff members helped local farmers thrive crops, prevent pests and boost per-acre yield of crops. **SMK**

# More than 40,000 acres of winter sesame planted in Sagaing Township

SAGAING January 8

A total of 40,240 acres of croplands have been placed under winter sesame in Sagaing Township of Sagaing Region, according to the statistics of Sagaing Township Agriculture Department.

In 2024-2025 winter season, local authorities set a plan to grow 40,351 acres of sesame but local farmer have so far planted 40,240 acres of sesame against the target of cultivation.

U Myo Thant Aung, Head of Sagaing Township Agriculture Department commented: "Township officials earmarked cultivation of 40,351 acres of winter sesame this year but farmers have so far planted 40,240 acres of crops against the target. They are trying hard to meet the target cultivation. Sown acreage of sesame is on the rise yearly. The oil crop plantations are thriving in the township."

This year, officials of the Township Agriculture Department assist in cultivation of sesame on the expanded sown acreage and growing of crops with GAP system and use of quality strains of crops for boosting per-acre yield.

The crops planted in GAP system can secure boosting per-acre yield more than other crops planted in conventional methods. Moreover, the formers can grasp market shares at home and abroad. Consequently, farmers can earn increased incomes from the corps. **SMK**

# Ngwetaung Beach welcome over 44,000 travellers in this past month

NGAPUTAW January 8

Ngwetaung Beach, located in Hainggyikyun, Ngaputaw Township, Ayeyawady Region, welcomed over 44,355 travellers in December 2024, as tourists have been visiting the beach year-round to relax and unwind, according to the Myanmar Tourism Entrepreneurs Association (Ngwetaung Beach).

The Ngwetaung Beach, situated near the prominent Mawtinsun Pagoda, is a popular destination for domestic tourists through-out the year. Most visitors come from Yangon Region and Nay Pyi Taw Union Territory.

Daw Ni Ni Mar, an executive of the Myanmar Tourism Entrepreneurs Association (Ngwetaung Beach), stated, "In 2024, Ngwetaung Beach saw 35,455 visitors in January, 36,555 in February, and 38,955 in March. The numbers peaked in April with 48,955 visitors, followed by 54,555 in May.

During the rainy season, there were 17,455 visitors in June, 15,455 in July, and 14,155 in August. In September, the figure rose to 17,566, followed by 21,155 in October, and 34,455 in November. The beach remains a year-round destination for domestic tourists seeking relaxation."

To ensure visitors enjoy a safe and pleasant experience, the Ngwetaung Beach offers a range of services, including bicycle rentals, motorboat trips, and horseback riding. Local markets provide regional delicacies, souvenirs, and handicrafts for visitors to purchase.

**SK**

# Israeli Defence Ministry announces US$-275Mln contracts inked with Elbit Systems


Israeli Defence Ministry announces US$-275Mln contracts inked with Elbit Systems.

MOSCOW January 8

The Israeli Defence Ministry said it signed two contracts worth 1 billion shekels (US$-274.2 million) with Israeli defence firm Elbit System for the supply of heavy air munitions and the construction of a plant to produce raw materials supplied to the country primarily from abroad.

"The Israel Ministry of Defence (IMOD) announced today (Tuesday) the signing of two major defence capability agreements with Elbit System, totaling approximately NIS 1 Billion … Under the first agreement, led by IMOD's Defence Procurement Directorate (DPD), Elbit Systems will supply the IMOD with thousands of heavy air munitions. The second agreement … includes establishing a national raw materials plant to produce raw materials that were sourced mainly from abroad before the war," the ministry said in a statement on Tuesday.

Israeli Defence Ministry Director General Maj. Gen. Eyal Zamir added that both agreements will ensure industrial independence in areas critical to the operational sustainability of the Israel Defence Forces (IDF). He also added that the "agreements will ensure sovereign capability in producing bombs and munitions of all types."

**Sputnik**

# Trump may declare nationwide economic emergency to impose tariffs on imported goods

MOSCOW January 8

US President-elect Donald Trump may declare a national economic emergency to introduce import tariffs on both allies and adversaries, CNN reported on Wednesday, citing sources familiar with the matter.

Trump is reportedly considering using the International Economic Emergency Powers Act (IEEPA) as it grants wide-ranging jurisdiction over how tariffs are implemented without strict requirements to prove that the tariffs are needed on national security grounds.

IEEPA unilaterally authorizes the president to manage imports during a national emergency, the broadcaster reported. Trump used the law during his first term to threaten Mexico with steep tariffs on all its imports if it refused to curb illegal migration to the US.

**Sputnik**

# Greece reports first HMPV case

ATHENS January 8

Greece has confirmed its first case of Human Metapneumovirus (HMPV) in a 71-year-old man, the national news agency AMNA reported on Wednesday.

The patient, who had pneumonia and underlying health conditions, is in intensive care in Thessaloniki, a northern port city. The National Public Health Organization has advised medical staff to follow COVID-19 protocols and maintain strict hygiene measures.

Gkikas Magiorkinis, associate professor of epidemiology at the National and Kapodistrian University of Athens, reassured the public, saying there is no need to panic as HMPV is a known virus that has circulated for decades and is not considered highly dangerous.

**Xinhua**


Greece reports first HMPV case.

# Lightning strikes kill 68 people in Cambodia in 2024

PHNOM PENH January 8

Lightning strikes killed 68 people in Cambodia in 2024, down 19 percent from 84 deaths a year earlier, a disaster control spokesperson said on Wednesday.

Besides the fatalities, thunderbolts injured 55 others last year, said Soth Kim Kolmony, spokesperson for the National Committee for Disaster Management (NCDM).

"To avoid the dangers of lightning strikes, people, especially those living in rural areas, should stay in houses or shelters when there is storm or rain," Kolmony told Xinhua.

Lightning strikes often occur during the rainy season from May to October in the Southeast Asian country.

In addition to the casualties from lightning strikes, fires had also killed 20 people, as storms had claimed seven lives in 2024, according to the spokesperson.

**Xinhua**

# 646 aftershocks detected after Xizang 6.8-magnitude quake

LHASA January 8

A total of 646 aftershocks have been detected as of Wednesday noon after a 6.8-magnitude earthquake jolted Dingri County in southwest China's Xizang Autonomous Region on Tuesday morning, the regional government said.

The largest aftershock had a magnitude of 4.4, and was about 18 kilometers from the epicenter, said Hong Li, head of the regional emergency management department.

The earthquake has caused 126 deaths and injured another 188. Telecommunications, roads and power have been restored in the quake-hit region.

The Red Cross Society of China (RCSC) on Tuesday night allocated a second batch of relief supplies to the quake-affected areas, which comprised 4,300 items such as cotton tents, quilts and folding beds.

More than 50 rescue workers were also sent to the areas by the RCSC, bringing along emergency sanitary toilets, catering vehicles and camper vehicles, among other emergency response supplies.


**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# New self-driving car launching in 2026 that aims to compete with Tesla

- **Shock chart reveals shocking slump in EV sales**



A new self-driving car developed by Sony and Honda is set to launch in 2026 that will take aim at Elon Musk's Tesla.

The joint venture, Sony Honda Mobility, unveiled Afeela at the Consumer Electronics Show (CES) in Las Vegas, which can cruise through cities without a human at the wheel.

The EV is available in two trims: the US$-89,900 Afeela 1 Origin and the US$-102,900 Afeela 1 Signature.

They feature the same five seats, four doors and high-tech look, including a screen just below the car's hood that displays the weather and tells passers-by to 'have a nice day :).'

Both cars are equipped with 45 cameras and sensors, allowing vehicles to see their surroundings and collect information for safe driving.



While the vehicles aim to compete with Tesla, they are compatible with the Tesla Supercharging Network across the US.

Preorders for the vehicles were announced for California with deliveries starting in 2026 for the Signature and 2027 for Origin. It is unclear when more states will be allowed to claim on.

To reveal the vehicle, chief executive Yasuhide Mizuno spoke into his phone 'come on out, Afeela', which prompted the car to emerge from behind a curtain to gasps from the crowd.

He also spoke into his cellphone to tell the car to return, which it did after lighting up its emergency indicators to warn others it was reversing.

'Sony Honda Mobility strives to evolve relationships with people through intelligent mobility and revolutionize the travel experience,' said Mizuno.

We are very pleased to unveil AFEELA 1, developed for the era of autonomous driving, at CES 2025.

'AFEELA 1 can be called a buddy, combining advanced software with meticulously refined hardware.

'We will meet our customers' expectations by providing a safe, secure, and comfortable travel experience.'

It could become the second semi-autonomous car available to residents in California, after Mercedes-Benz started to sell one in 2023.

Both cars boast multiple features, including voice-activated driving, and an in-built AI engine that 'proactively' talks to users about their route.

This installs software enabling the vehicle to change lanes, keep to its lane and watch-out for pedestrians, but the driver is still required to remain in overall control and be ready to intervene in case of a misstep.

Sony Honda Mobility stated that the computing power provides assistance across all stages of Perception, Prediction and Planning.

And the cabins are designed with the concept of 'Mobility as a Creative Entertainment Space.'

Each occupant can enjoy a variety of apps and content provided by entertainment, unique sound system and displays by seat.

The stereo systems also feature noise-canceling technology, with speakers designed with Sony’s 360 Spatial Sound Technologies.

Executives said it would also have a range of 300 miles per charge, above the average of 110 to 300 miles for EVs, according to the US Department of Transport.

For comparison, a conventional car can travel around 400 miles on a full tank.

Afeela was first touted at CES in 2020 when it had the name VISION-S before shifting making the change in 2023.

The EVs come at a time of slowing sales growth for the electric cars industry, with many consumers instead opting for hybrid versions that run on both electricity and gas.

Tesla saw quarterly EV sales fall from a peak of 484,500 in Q4 2023 to just 386,800 in the first quarter of 2024, while Volkswagen has been forced to close three of its factories for EVs amid lackluster sales.

**Mail Online**

# ၂၀၂၄ ခုနှစ်အတွင်း လူအသေအပျောက်နှင့် အပျက်အစီးအများအပြားကို ဖြစ်ပေါ်စေခဲ့သည့် သဘာဝဘေးအန္တရာယ်များ

မောင်ယုယစုစည်းသည်

ယနေ့လူသားများ၏ကမ္ဘာတွင် ရာသီဥတုပြောင်းလဲလာမှုများကြောင့် မတူညီသောသဘာဝဖြစ်စဉ်အမျိုးမျိုးတို့ကို ကမ္ဘာ့ပြည်သူများ ရင်ဆိုင်ကြုံတွေ့နေရသည်ကိုတွေ့ရှိရသည်။ ထို့ပြင် ဆိုးရွားပြင်းထန်သည့် ရာသီဥတုအခြေအနေများ ကမ္ဘာတစ်ဝန်းတွင် ဖြစ်ပေါ်လျက်ရှိရာ အချို့နိုင်ငံများ၌ အပူလှိုင်းဖြတ်သန်းမှု၊ မုန်တိုင်းတိုက်ခတ်မှု၊ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများ၊ အချို့နိုင်ငံများတွင်မူ ငလျင်လှုပ်ခတ်မှုများနှင့်ကြုံတွေ့ခဲ့ရပြီး အာဖရိကဒေသရှိ နိုင်ငံအများအပြားတွင်မူ မိုးခေါင်မှုကြောင့် ရာသီစားရေရိက္ခာမလုံလောက်မှုနှင့်ရင်ဆိုင်ခဲ့ရသည်။

ရာသီဥတုပြောင်းလဲမှုသည် ယင်းကဲ့သို့အခြေအနေများကို ပို၍ဆိုးရွားလာစေကြောင်း သိပ္ပံပညာရှင်များက ပြောကြားခဲ့သည်။ အမေရိကန်ပြည်ထောင်စုတစ်နိုင်ငံတည်းမှာပင် ၂၀၂၄ ခုနှစ် နိုဝင်ဘာလအထိ ရာသီဥတုနှင့် သဘာဝဘေးဆိုင်ရာဖြစ်စဉ်ပေါင်း ၂၄ ကြိမ်ရှိခဲ့ရာ ပျက်စီးဆုံးရှုံးမှုမှာ အမေရိကန်ဒေါ်လာ ၁ ဘီလီယံကျော်ရှိသည်ဟု အချက်အလက်များအရသိရသည်။ ထို့ကြောင့် ၂၀၂၄ ခုနှစ်အတွင်း လူအသေအပျောက်နှင့် အပျက်အစီးအများအပြားကို ဖြစ်ပေါ်စေခဲ့သည့် သဘာဝဘေးအန္တရာယ်များအနက် အချို့ကိုဂရုပြုဖွယ်အဖြစ် ကောက်နုတ်တင်ပြလိုက်ရပါသည်။

## ဂျပန်အနောက်ဘက်ကမ်းခြေငလျင်လှုပ်ခတ်မှု



ဂျပန်နိုင်ငံ အနောက်ဘက်ကမ်းရိုးတန်းရှိ အီရှီကာဝါစီရင်စုတွင် ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်က ပြင်းအား ၇ ဒသမ ၆ အဆင့်ရှိ ငလျင်တစ်ခု လှုပ်ခတ်ခဲ့ခြင်းကြောင့် အနည်းဆုံး လူ ၂၁၃ ဦး သေဆုံးခဲ့ရသည်။ ငလျင်ကြောင့် စီရင်စုအတွင်းရှိ ဒေသခံပြည်သူ ၂၆၀၀၀ ခန့်မှာ နေအိမ်များကို စွန့်ခွာ၍ ကယ်ဆယ်ရေးစခန်းများသို့ ရွှေ့ပြောင်းပေးခြင်းခံခဲ့ရသည်။ သေဆုံးသူများအနက် ရှစ်ဦးမှာ ငလျင်ကြောင့်မဟုတ်ဘဲ ကယ်ဆယ်ရေးစခန်းများတွင် ထိခိုက်ဒဏ်ရာရမှုများနှင့် ဖျားနာမှုများကြောင့် သေဆုံးသွားခြင်းဖြစ်သည်။ ငလျင်လှုပ်ခတ်မှုအတွင်း အိမ်ခြေ ၂၀၀၀ နီးပါးပျက်စီးဆုံးရှုံးခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

## နီပေါ ရေကြီးမှုနှင့်မြေပြိုမှုများ

နီပေါနိုင်ငံတွင် ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၂၆ ရက်မှ ၂၈ ရက်အထိ နှစ်ရက်ကြာ မိုးသည်းထန်စွာရွာသွန်းပြီးနောက် ရေကြီးမှုနှင့် မြေပြိုမှုများကြောင့် လူ ၁၉၂ ဦးထက်မနည်းသေဆုံးပြီး လူအများအပြား ပျောက်ဆုံးခဲ့ရသည်။ သဘာဝဘေးအန္တရာယ်သည် လူသန်းပေါင်းများစွာနေထိုင်လျက်ရှိသည့် ခတ္တမန္ဒူချိုင့်ဝှမ်းနှင့် နိုင်ငံ၏မြို့တော် ခတ္တမန္ဒူတို့တွင် အထူးသဖြင့် ဆိုးရွားစွာပျက်စီးစေခဲ့သည်။ မြို့တော် ခတ္တမန္ဒူတွင် ဆယ်စုနှစ်များအတွင်း စံချိန်တင်အဖြစ် မိုးရေချိန်အများဆုံးရွာသွန်းခဲ့ကြောင်း အာဏာပိုင်အဖွဲ့က ထုတ်ပြန်ခဲ့သည်။



## ဖိလစ်ပိုင်၌ Kristine ဟုလူသိများသည့် အပူပိုင်းဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှု



ဖိလစ်ပိုင်နိုင်ငံတွင် ဒေသအခေါ် Kristine ဟုလူသိများသည့် အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း Trami သည် ၂၀၂၄ ခုနှစ် အောက်တိုဘာလ နှောင်းပိုင်းတွင် ဝင်ရောက်တိုက်ခတ်ခဲ့ရာ နိုင်ငံအနောက်မြောက်ပိုင်းတွင် ရေကြီးမှုနှင့် မြေပြိုမှုများဖြစ်ပွားခဲ့ပြီး အနည်းဆုံး လူ ၁၄၁ ဦး သေဆုံးခဲ့ရသည်။ မုန်တိုင်းသည် နိုင်ငံအတွင်းရှိဒေသကြီး ၁၇ ခုအတွင်းဝင်ရောက်တိုက်ခတ်ခဲ့ခြင်းကြောင့် လူ ၇၆၁၀၀၀ ဦးမှာ နေအိမ်များကိုစွန့်ခွာ၍ ဘေးကင်းရာသို့ ရွှေ့ပြောင်းခဲ့ရပြီး ခန့်မှန်းခြေအားဖြင့် လူ ၇ သန်းခန့်မှာ မုန်တိုင်းဒဏ်သင့်ခဲ့ရသည်။

အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း Trami တိုက်ခတ်မှုကြောင့် ဖိလစ်ပိုင်နိုင်ငံအတွင်း၌ ရက်ပေါင်းများစွာကြာ လေပြင်းများ တိုက်ခတ်ပြီး မိုးများသည်းထန်စွာရွာသွန်းခဲ့ရာ ပြည်သူသိန်းပေါင်းများစွာ၏ အသက်ရှင်နေထိုင်မှုဘဝအပေါ် ဆိုးကျိုးများစွာသက်ရောက်စေခဲ့သည်။

## အီသီယိုးပီးယားမြေပြိုမှု

အီသီယိုးပီးယားနိုင်ငံတောင်ပိုင်းတွင် ၂၀၂၄ ခုနှစ် ဇူလိုင်လအတွင်းက မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် မြေပြိုမှုဖြစ်ပွားခဲ့ရာ အနည်းဆုံးလူ ၂၅၇ ဦးသေဆုံးခဲ့ရသည်။ မြေပြိုမှုသည် ဂိုဖာဇုန်တွင် ဇူလိုင်လ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ယင်းဖြစ်စဉ်သည် နိုင်ငံ့သမိုင်းတစ်လျှောက်တွင် အသေအပျောက်အများဆုံး မြေပြိုမှုဖြစ်လာခဲ့သည်။ မြေပြိုမှုဖြစ်ပွားပြီးနောက် အာဏာပိုင်များက အဆိုပါဒေသတွင်မြေပြိုမှုများထပ်မံဖြစ်ပွားမည့်အန္တရာယ်ကြောင့် ဒေသခံပြည်သူ ၆၀၀၀ ကျော်ကို ဘေးကင်းရာသို့ရွှေ့ပြောင်းပေးခဲ့ရသည်။ ၎င်းတို့အနက်တွင် အသက် ၅ နှစ်အောက် ကလေးသူငယ် ၁၃၀၀ ကျော် ပါဝင်သည်။



## ၂၀၁၀ ပြည့်နှစ်မှစ၍ အဆိုးရွားဆုံးဖြစ်လာခဲ့သည့် ချီလီတောမီးလောင်ကျွမ်းမှု

ချီလီနိုင်ငံတွင် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလအစောပိုင်းက ဗာပါရိုင်ဆို (Valparaiso) ဒေသတွင် တောမီးအကြီးအကျယ်လောင်ကျွမ်းခဲ့သည်။ တောမီးလောင်ကျွမ်းမှုကြောင့် လက်ရှိပိုင်းအထိ လူ ၁၃၆ ဦး ထက်မနည်းသေဆုံးခဲ့ကြောင်း ချီလီအစိုးရအဖွဲ့မှ ဘေးအန္တရာယ်ဆိုင်ရာ ပရဟိတလုပ်ငန်းဗဟိုဌာနက ထုတ်ပြန်ခဲ့သည်။ ယခုဖြစ်ပွားသည့် တောမီးလောင်ကျွမ်းမှုသည် ပြီးခဲ့သည့် ၂၀၁၀ ပြည့်နှစ်မှစ၍ အဆိုးရွားဆုံးဖြစ်သည်။ နောက်ပိုင်းတွင် တောမီးသည် အခြားဒေသများသို့ ကူးစက်ပျံ့နှံ့သွားရာ မိသားစုထောင်ပေါင်းများစွာမှာ ဘေးဒဏ်သင့်ခဲ့ရသည်။ အချို့ဒေသတွင်ဖြစ်ပွားသည့် တောမီးလောင်ကျွမ်းမှုမှာ ရှို့မီးဖြစ်နိုင်သည်ဟု အာဏာပိုင်များက ယူဆခဲ့ကြသည်။



## ယီမင်နိုင်ငံအတွင်းသို့ အမေရိကန်နှင့်ဗြိတိန်တို့က လေကြောင်းမှတိုက်ခိုက်

တီဟီရန်၊ စစ်ရေး

အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့သည် ယီမင်နိုင်ငံအတွင်းသို့ လေကြောင်းမှ တိုက်ခိုက်ခဲ့ကြောင်း မီဒီယာတစ်ခုက ဇန်နဝါရီလ ၈ ရက်တွင် ထုတ်ပြန်ထားသည်။

အမေရိကန်နှင့် ဗြိတိန်တို့သည် ယီမင်နိုင်ငံ အမ်ရန်ပြည်နယ် ရှီဟာက်ဖ်ဆက်ဖ်ယန်မြို့အတွင်းသို့ လေကြောင်းမှ ငါးကြိမ် တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းတိုက်ခိုက်မှုများကို အစ္စရေးအား ထောက်ပံ့ပေးသည့်အနေဖြင့် လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ဒေသတွင်းမီဒီယာတစ်ခုဖြစ်သည့် Al-Masirah ကဖော်ပြသည်။

အမေရိကန်နှင့် အပေါင်းအပါတို့သည် ယီမင်နိုင်ငံအတွင်းရှိသူပုန်အဖွဲ့ပိုင်ဆိုင်သည့် လက်နက်တိုက်များနှင့် အခြားအဆောက်အအုံများကို မကြာခဏလေကြောင်းမှ တိုက်ခိုက်လေ့ရှိကြောင်း သိရသည်။

Ref: MNA

# နယ်စပ်ဒေသများအား အခြားနိုင်ငံများကတိုက်ခိုက်ခြင်းကို ဥရောပသမဂ္ဂက သည်းခံမည်မဟုတ်ဟု ပြင်သစ်ပြော



ပဲရစ်၊ နိုင်ငံရေး

ဥရောပသမဂ္ဂအနေဖြင့် အချုပ်အခြာအာဏာပိုင်ဆိုင်သည့် ၎င်းတို့၏နယ်စပ်ဒေသများအား အခြားနိုင်ငံများက တိုက်ခိုက်ခြင်းကို သည်းခံမည်မဟုတ်ဟု ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ယင်းနိုဝယ်ဘားရော့က ဇန်နဝါရီလ ၈ ရက်တွင် ပြောသည်။

အာတိတ်ဒေသရှိ ကျွန်းတစ်ခုဖြစ်သည့် ဂရင်းလန်းအား သိမ်းယူရန်ဆန္ဒရှိသည်ဟု အမေရိကန်သမ္မတအဖြစ် ရွေးကောက်ခံထားရသည့်ဒေါ်နယ်ထရမ့်က ဇန်နဝါရီလ ၆ ရက်တွင် ပြောကြားပြီးနောက် ပြင်သစ်နိုင်ငံ၏ တုံ့ပြန်မှုထွက်ပေါ်လာခြင်းဖြစ်သည်။

ဂရင်းလန်းကျွန်းစုသည် ဒိန်းမတ်နိုင်ငံ၏ အစိတ်အပိုင်းတစ်ခုအဖြစ် ရပ်တည်ခဲ့သည်မှာ နှစ်ပေါင်း ၆၀၀ ကျော်ကြာမြင့်ခဲ့ပြီဖြစ်သောကြောင့် အမေရိကန်အနေဖြင့် အဆိုပါကျွန်းအား ကျူးကျော်မည်မဟုတ်ဟု မိမိယုံကြည်ကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ယင်းနိုဝယ်ဘားရော့က ဆက်ပြောသည်။ ထို့ပြင် ဥရောပသမဂ္ဂအနေဖြင့် ၎င်းတို့၏နယ်စပ်ဒေသများအား မည်သည့်နိုင်ငံဖြစ်စေ တိုက်ခိုက်မည်ကို လက်ခံမည်မဟုတ်ကြောင်း၊ ဥရောပသည် ခိုင်မာတောင့်တင်းသည့် တိုက်ကြီးတစ်ခုဖြစ်ကြောင်း ၎င်းက France Inter ရေဒီယိုသို့ ပြောခြင်းဖြစ်သည်။

အလားတူပင် ဥရောပသမဂ္ဂအနေဖြင့် ရန်စခြင်းကိုသည်းခံခြင်းမရှိဘဲ မိမိကိုယ်မိမိ ခိုင်မာတောင့်တင်းစေရန် လုပ်ဆောင်သင့်ကြောင်း ယင်းနိုဝယ်ဘားရော့က ပြောကြားခဲ့ကြောင်း သိရသည်။ **Ref: ST**

# အမေရိကန်နိုင်ငံသားနှစ်ဦးအပါအဝင် ကြေးစားစစ်သား ခုနစ်ဦးအား ဗင်နီဇွဲလားဖမ်းဆီး




ကာရားကက်၊ အကြမ်းဖက်မှု

ဗင်နီဇွဲလားနိုင်ငံအတွင်း အဖျက်အမှောင့်များလုပ်ဆောင်ရန်ကြံစည်ခဲ့သည့် အမေရိကန်နိုင်ငံသားနှစ်ဦး အပါအဝင် ကြေးစားစစ်သား ခုနစ်ဦးအားဖမ်းဆီးရမိခဲ့ကြောင်း သမ္မတနီကိုလပ်မာဒူရိုကပြောသည်။

ဖမ်းဆီးရမိခဲ့သည့် ကြေးစားစစ်သားများအနက် အမေရိကန်နိုင်ငံသားများမှာ အလွန်အရေးကြီးသူများဖြစ်ကြောင်း မာဒူရိုက ဇန်နဝါရီလ ၇ ရက်တွင်ပြောကြားသည်။ သို့သော် အဆိုပါအမေရိကန်နိုင်ငံသားများ၏ အသေးစိတ်အချက်အလက်များနှင့်အခြားသက်သေအထောက်အထားများကို ဖော်ပြခဲ့ခြင်းမရှိပေ။

ထို့ပြင် ဖမ်းဆီးခံထားရသည့်ကြေးစားစစ်သားများအနက်နှစ်ဦးမှာ ကိုလံဘီယာနိုင်ငံသားများဖြစ်ပြီး ကျန်သုံးဦးမှာ ယူကရိန်းစစ်ပွဲမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ကြောင်း သိရသည်။

ကိုလံဘီယာနိုင်ငံသားများအား ဗင်နီဇွဲလားအာဏာပိုင်အဖွဲ့က နိုင်ငံအတွင်းရှိ အမည်ဖော်ပြထားခြင်းမရှိသည့်ဒေသများ၌ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

အမေရိကန်နှင့် ကိုလံဘီယာနိုင်ငံသားများ ဖမ်းဆီးခံထားရသည့်ကိစ္စရပ်နှင့် စပ်လျဉ်း၍ အမေရိကန်နှင့်ကိုလံဘီယာ နိုင်ငံခြားရေးဝန်ကြီးဌာနတို့က တစ်စုံတစ်ရာထုတ်ပြန်ထားခြင်းမရှိပေ။

သမ္မတမာဒူရိုသည် ၎င်း၏တတိယအကြိမ်သက်တမ်းအတွက် ယခုရက်သတ္တပတ်အကုန်ပိုင်းတွင် ကျမ်းသစ္စာကျိန်ဆိုရန် စီစဉ်ထားပြီး ယင်းမတိုင်မီ နိုင်ငံအတွင်း၌ ကြေးစားစစ်သားများဟု စွပ်စွဲခံထားရသူများအား ဗင်နီဇွဲလားအစိုးရက ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

**Ref: ST**

## သတင်းတိုကဏ္ဍ

# ခွာနာလျှာနာရောဂါဖြစ်ပွားမှုအတွက် ကာကွယ်ဆေး အလုံးရေ ၄ သန်း အင်ဒိုနီးရှားထောက်ပံ့မည်

အင်ဒိုနီးရှားနိုင်ငံအနေဖြင့် နိုင်ငံအတွင်းဖြစ်ပွားနေသည့် ခွာနာလျှာနာရောဂါဖြစ်ပွားမှုအတွက် ကာကွယ်ဆေးအလုံးရေ ၄ သန်း ထောက်ပံ့ပေးမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာနက ထုတ်ပြန်သည်။

နိုင်ငံအတွင်းရှိ လယ်သမားများအနေဖြင့် အဆိုပါကာကွယ်ဆေးများကို ဒေသအနှံ့အပြားတွင် ရယူနိုင်ကြောင်း၊ ယခုပေးအပ်မည့်ကာကွယ်ဆေးတန်ဖိုးသည် ရူပီယာ ၁၀၀ ဘီလီယံ (ဒေါ်လာ ၆ သန်းခန့်)ရှိကြောင်း အစိုးရက ထုတ်ပြန်သည်။

ထို့ပြင် နိုင်ငံအတွင်းရှိ လယ်သမားများအနေဖြင့် ၎င်းတို့၏ ကျွဲနှင့်နွားများကို ကျန်းမာစွာထားရှိရန်နှင့် ခွာနာလျှာနာရောဂါကူးစက်မှုကို လျှော့ချနိုင်ရန်အတွက် နွားတင်းကုပ်ခြံစည်းရိုးများကို သန့်ရှင်းစွာထားကြရန် အစိုးရအဖွဲ့က တိုက်တွန်းထားကြောင်း သိရသည်။

**Ref: Xinhua**

# ကီရာလာပြည်နယ်တွင် ဆင်တစ်ကောင်၏ ဝှေ့ယမ်းတိုက်ခိုက်မှုကြောင့် လူ ၂၀ ကျော်ဒဏ်ရာရ

အိန္ဒိယနိုင်ငံတောင်ပိုင်း ကီရာလာပြည်နယ်တွင် ဇန်နဝါရီလ ၈ ရက် နံနက်ပိုင်းက ဘာသာရေးပွဲတော်တစ်ခုအတွင်း ဆင်တစ်ကောင်၏ဝှေ့ယမ်းတိုက်ခိုက်မှုကြောင့် လူ ၂၀ ကျော်ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့ကထုတ်ပြန်သည်။

အဆိုပါဖြစ်စဉ်သည် ပြည်နယ်မြို့တော် သီရူဗာနန်သာပူရမ်မြို့မှ မြောက်ဘက် ၃၅၀ ကီလိုမီတာအကွာရှိ မာလက်ပူရမ်ခရိုင်တွင် ဖြစ်ပွားခြင်းဖြစ်ပြီး ဆင်က လူတစ်ဦး၏ ခြေထောက်ကိုဆွဲယူ၍ လူအုပ်အတွင်းသို့ လွှင့်ပစ်ခဲ့ရာမှ လူအုပ်ကြီးက အလုအယက်တိုးဝှေ့၍ ထွက်ပြေးခြင်းကြောင့် လူအုပ်ပိခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောသည်။

ယင်းနောက်တွင် အာဏာပိုင်အဖွဲ့က အဆိုပါဆင်အား ပြန်လည်ထိန်းသိမ်းနိုင်ရန်အတွက် နာရီပေါင်းများစွာကြိုးပမ်းခဲ့ရကြောင်း သတင်းများတွင်ဖော်ပြထားသည်။

**Ref: Xinhua**

# အမည်မသိသေနတ်သမားများ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် အာဖဂန်တွင် လူနှစ်ဦးသေဆုံး

အာဖဂန်နစ္စတန်နိုင်ငံတွင် အမည်မသိသေနတ်သမားများ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် လူနှစ်ဦးသေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ထုတ်ပြန်သည်။

အဆိုပါပစ်ခတ်မှုသည် နိုင်ငံမြောက်ပိုင်း ဘက်လန်အီမာကာဇီမြို့တွင် ဇန်နဝါရီလ ၇ ရက်က ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး သေဆုံးသူများအနက် တစ်ဦးမှာ ပညာတတ်တစ်ဦးဖြစ်ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့မှပြောရေးဆိုခွင့်ရှိသူ ရှီယာအာမက်ဘာဟာနီက ပြောသည်။

အဆိုပါပစ်ခတ်တိုက်ခိုက်မှုနှင့်စပ်လျဉ်း၍ တစ်စုံတစ်ဦးကိုမျှ ဖမ်းဆီးနိုင်ခြင်းမရှိသေးကြောင်း၊ ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးမှုများကို ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်းသိရသည်။

**Ref: Xinhua**

# တောမီးလောင်ကျွမ်းမှုကြောင့် ကယ်လီဖိုးနီးယားပြည်နယ်က အရေးပေါ်အခြေအနေထုတ်ပြန်

လော့စ်အိန်ဂျလိ၊ သဘာဝဘေး

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်တွင် တောမီးလောင်ကျွမ်းမှုကြောင့် ပြည်နယ်အုပ်ချုပ်ရေးမှူးက အရေးပေါ်အခြေအနေတစ်ရပ်ကို ထုတ်ပြန်ကြေညာခဲ့ရကြောင်း သိရသည်။

တောမီးလောင်ကျွမ်းမှုကြောင့် ပြည်သူ ၃၀၀၀၀ ခန့်မှာ နေအိမ်များကိုစွန့်ခွာ၍ ဘေးလွတ်ရာသို့ပြောင်းရွှေ့ခဲ့ရပြီး ရာသီဥတုခြောက်သွေ့မှုကြောင့် မီးလောင်ကျွမ်းမှု ဆက်လက်ဖြစ်ပွားမည့်အန္တရာယ်ကြောင့် ပြည်နယ်အုပ်ချုပ်ရေးမှူး ဂက်ဗင်နယူးဆန်က ဇန်နဝါရီလ ၇ ရက်တွင် အရေးပေါ်အခြေအနေကို ထုတ်ပြန်ခဲ့ရခြင်းဖြစ်သည်။

အဆိုပါ တောမီးလောင်ကျွမ်းမှုသည် ကနဦးတွင် လော့စ်အိန်ဂျလိမြို့ရှိ Pacific Palisades ရပ်ကွက်တွင် စတင်ခဲ့ခြင်းဖြစ်ပြီး ဇန်နဝါရီလ ၇ ရက် မွန်းလွဲအချိန်မှာပင် သစ်တောဧက ၁၂၆၀ ပျက်စီးသွားခဲ့ပြီဖြစ်ကြောင်းသိရသည်။

တောမီးလောင်ကျွမ်းမှုအတွင်း နေအိမ်အများအပြားပျက်စီးသွားခဲ့ပြီး အခြားနေအိမ် ၁၀၀၀၀ ခန့်မှာ မီးလောင်ကျွမ်းမည့်အန္တရာယ်နှင့်ရင်ဆိုင်နေရကြောင်း မြို့တော်မီးသတ်တပ်ဖွဲ့အကြီးအကဲ ခရစ်စတင်းအမ်ခရောင်လီက မီဒီယာများသို့ပြောကြားသည်။ **Ref: Xinhua**



# စားသုံးသူကာကွယ်ရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာများ အသိပညာပေးဟောပြော



**ကျောက်ပန်းတောင်း ဇန်နဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် စားသုံးသူရေးရာဦးစီးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ စားသုံးသူကာကွယ်ရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာများ အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီလ ၇ ရက်က ကျောက်ပန်းတောင်းမြို့ လေးရွာအခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် လေးရွာအခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စားသုံးသူရေးရာဦးစီးဌာန တာဝန်ခံ ဒေါ်မြသန္တာထွန်းက စားသုံးသူကာကွယ်ရေးဆိုင်ရာဥပဒေများအကြောင်းနှင့် စားသောက်ကုန်များတွင်ပါဝင်သည့် ဆိုးဆေးများ အန္တရာယ်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေသက်နွယ်က ကလေးအလုပ်သမား ပပျောက်ရေးအကြောင်း သိကောင်းစရာများနှင့် ဒုတိယဦးစီးမှူး ဒေါ်သဲဖြူက စာဖတ်ရှိန်မြှင့်တင်ရေးအကြောင်းအရာများကို အသိပညာပေးပြောကြားကြပြီး ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကိုမေးမြန်းကြရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက်ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် တာဝန်ရှိသူများက ကျောင်းမုန့်ဈေးတန်း၌ ရောင်းချလျက်ရှိသည့်ဈေးဆိုင်များတွင် ဆိုးဆေးပါ စားသောက်ကုန်များ၊ ရည်ညွှန်းကုန် အမှတ်တံဆိပ်မပါရှိသည့် စားသောက်ကုန်များရောင်းချခြင်း ရှိ၊ မရှိနှင့် သန့်ရှင်းသပ်ရပ်မှု ရှိ၊ မရှိတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံနှင့်ဝန်ထမ်းများ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့်ဝန်ထမ်းများ၊ လေးရွာအခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမော်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

နေအောင်(ပြန်/ဆက်)

# ကော့မရမ်းကျေးရွာ၌ အရင်းမပျောက် လည်ပတ်ရန်ပုံငွေထုတ်ချေး

**ဘားအံ ဇန်နဝါရီ ၈**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကော့မရမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ တတိယအကြိမ်ထုတ်ချေးခြင်းကို ဇန်နဝါရီလ ၈ ရက်တွင် အဆိုပါကျေးရွာ၌ ထုတ်ချေးပေးကြောင်း သိရသည်။

ရှေးဦးစွာ ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းမာအေးက မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် တခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများက ကော့မရမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့် အတူ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၃ ဦး၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ်သိန်း ၃၀၀ အား တစ်ဦးချင်းလက်ဝယ်အရောက်ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဘိုဘို

# ပြည်သူများအလုပ်အကိုင်အခွင့်အလမ်းရရှိစေရန် လျှပ်စစ်သွယ်တန်း တပ်ဆင်ခြင်းသင်တန်းဖွင့်လှစ်

**ရန်ကုန် ဇန်နဝါရီ ၈**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာနေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရေးလုပ်ငန်းကော်မတီမှ လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်းသင်တန်းကို ဇန်နဝါရီလ ၇ ရက်က ထန်းတပင်မြို့နယ် အမှတ်(၂)ရပ်ကွက်၌ ဖွင့်လှစ်ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် မှော်ဘီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးထင်ကျော်က အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းမှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်သန်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်းများကို ဇန်နဝါရီလ ၇ ရက်မှ ဖေဖော်ဝါရီလ ၆ ရက်အထိ တစ်လကြာ စာတွေ့လက်တွေ့သင်ကြားပို့ချပေးလျက်ရှိပြီး သင်တန်းကို ရပ်ကွက်/ ကျေးရွာအုပ်စုများမှ သင်တန်းသား ၄၄ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် သင်တန်းသားများတက်ရောက်ကြကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့်အကျိုးအမြတ်ကိုခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အားသတ်မှတ်ထားသောစည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့်ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့်စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရသို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်းအကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သောအဖွဲ့အစည်းနှင့်ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေပုဒ်မ ၉)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိသူလိုက်နာရမည့်စည်းကမ်းချက်များ

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။

(ခ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့်တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရ သတ်မှတ်သောတံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနကသတ်မှတ်သည့် စာချုပ်စာတမ်းမှတ်ပုံတင်ခတို့ကို ပေးဆောင်၍ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကိုရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(င) စိုက်ပျိုးထုတ်လုပ်မှုအရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရကအသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။

(စ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ။

(ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။

(ဇ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လှပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကို လှပ်ထားရန် အကြောင်းတစ်စုံတစ်ရာပေါ်ပေါက်ပါက မြေတည်ရှိရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့လှပ်ထားခြင်းသည်လည်း ရွှေ့ပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက်မပိုစေရ။

(ဈ) လယ်ယာမြေလုပ်ပိုင်ခွင့်မရမီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုဖြစ်ပေါ်နေသောကာလအတွင်း လယ်ယာမြေကိုရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။

ထို့ပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူ မည်သူမဆို သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်ထားသောအမိန့်ကိုလိုက်နာရမည်။

(လယ်ယာမြေဥပဒေပုဒ်မ ၁၂၊ ၁၃)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

# ဟိုင်းကြီးကျွန်းမြို့ရှိ ငွေတောင်ကမ်းခြေသို့ ပြီးခဲ့သည့်ဒီဇင်ဘာလအတွင်း ခရီးသွားဧည့်သည် ၄၀၀၀၀ ကျော်အထိ လာရောက်လည်ပတ်ခဲ့



**ငပုတော ဇန်နဝါရီ ၈**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ တင်းချောင်းကျေးရွာအနီးရှိ ငွေတောင်ကမ်းခြေသို့ ပြီးခဲ့သည့်ဒီဇင်ဘာလအတွင်း ခရီးသွားဧည့်သည် ၄၀၀၀၀ ကျော်အထိ လာရောက်လည်ပတ်ခဲ့ကြောင်း ငပုတောမြို့နယ် ခရီးသွားလုပ်ငန်းအသင်းတာဝန်ခံ ဒေါ်နီနီမာ၏ပြောဆိုချက်အရ သိရသည်။

ဟိုင်းကြီးကျွန်းမြို့ရှိ ငွေတောင်ကမ်းခြေသို့ ပြီးခဲ့သည့်ဒီဇင်ဘာလ ၁ ရက်မှ ၃၁ ရက်အထိ ခရီးသွားဧည့်သည်ဦးရေ ၄၄၃၅၅ ဦးအထိ လာရောက်လည်ပတ်ခဲ့သည်။

"ပြီးခဲ့တဲ့ဒီဇင်ဘာလအတွင်း ငွေတောင်ကမ်းခြေကို ခရီးသွားဧည့်သည် ၄၄၃၅၅ ဦးအထိ လာရောက်လည်ပတ်ခဲ့ပါတယ်။ စနေနဲ့ တနင်္ဂနွေရုံးပိတ်ရက်တွေအပါအဝင် ခရစ္စမတ်ပိတ်ရက်တွေမှာ အများဆုံးလာရောက်ခဲ့ပါတယ်။ လက်ရှိလည်း လာရောက်လည်ပတ်သူတွေများပါတယ်။ လာမယ့်လတွေမှာလည်း ခရီးသွားဧည့်သည်တွေ ပိုမိုလာရောက်လည်ပတ်မယ်လို့ မျှော်မှန်းထားပါတယ်'' ဟု ဒေါ်နီနီမာကပြောသည်။

ငွေတောင်ကမ်းခြေသို့ ပြီးခဲ့သည့် ဒီဇင်ဘာလတစ်လအတွင်း လာရောက်လည်ပတ်အပန်းဖြေသည့် ခရီးသွားဧည့်သည်များသည် ရန်ကုန်တိုင်းဒေသကြီးမှ အများဆုံးဖြစ်ကြောင်း၊ အဆိုပါကမ်းခြေသို့လာရောက်သည့် ခရီးသွားဧည့်သည်များ ခရီးစဉ်အဆင်ပြေစေရန်၊ သန့်ရှင်းမှုရရှိစေရန်နှင့် စနစ်တကျအနားယူနိုင်ရန် လုံခြုံရေး၊ စည်းကမ်းထိန်းသိမ်းရေး စသည့် လုပ်ငန်းများကို ခရီးသွားလုပ်ငန်းရှင်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သုတကျော်**

---

# နည်းပညာအထက်တန်းကျောင်း(ကျောက်ဆည်)၌ ဝန်းကျင်လေထုအရည်အသွေး တိုင်းတာစစ်ဆေးခြင်းများဆောင်ရွက်



**ကျောက်ဆည် ဇန်နဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဘဏ္ဍာနှစ်အလိုက် ဒေသန္တရစီမံကိန်း၏ ပင်မလုပ်ငန်းအစီအစဉ်မှ စီမံချက်ဝင်လုပ်ငန်းဖြစ်သော ဝန်းကျင်လေထုအရည်အသွေးတိုင်းတာစစ်ဆေးခြင်း လုပ်ငန်းများကို ဇန်နဝါရီလ ၈ ရက်တွင် နည်းပညာအထက်တန်းကျောင်း (ကျောက်ဆည်) ၌ ဆောင်ရွက်သည်။

ကျောက်ဆည်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် လေထုညစ်ညမ်းမှုကိုဖြစ်ပေါ်စေသော ဆာလ်ဖာဒိုင်အောက်ဆိုဒ်($SO_2$)၊ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ်($NO_2$)၊ ကာဗွန်မိုနောက်ဆိုဒ် (CO)၊ လေထုအတွင်း၌ရှိသည့် အလွန်သေးငယ်သောအမှုန်အမွှားများဖြစ်သည့် PM 2.5 နှင့် PM 10 တို့ကို လေထုအရည်အသွေးတိုင်းတာစစ်ဆေးခဲ့သည်။

ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်ရလဒ်များကို ပြည်သူများသိရှိနိုင်ရန် ဒေသအစိုးရအဖွဲ့အစည်းများထံ တင်ပြခြင်း၊ လူမှုကွန်ရက်စာမျက်နှာများမှ ထုတ်ပြန်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် အကြံပြုချက်များဖြစ်သည့် စွန့်ပစ်အမှိုက်များကို လေဟာပြင်တွင် စည်းကမ်းမဲ့မီးရှို့ခြင်းမှ ရှောင်ကြဉ်ပြီး 3Rs(Reduce၊ Reuse၊ Recycle) စနစ်ကို လိုက်နာကျင့်သုံးခြင်း၊ အရိပ်ရလေကာပင်များစိုက်ပျိုးခြင်း၊ ကာဗွန်ဒိုင်အောက်ဆိုဒ် ($CO_2$) ထွက်ရှိမှု လျှော့ချနိုင်စေရေး စက်တပ်ယာဉ်များ အလွန်အကျွံအသုံးပြုခြင်းကိုရှောင်ကြဉ်ရန် ကျောက်ဆည်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လစဉ်ထုတ်ပြန်ပေးလျက်ရှိကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

---

# AFC Women's Futsal Asian Cup 2025 ခြေစစ်ပွဲဝင်မည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးဖူဆယ်အသင်း ကစားသမားစာရင်းထုတ်ပြန်

**ရန်ကုန် ဇန်နဝါရီ ၈**

မြန်မာ့လက်ရွေးစင်အမျိုးသမီးဖူဆယ်အသင်းနည်းပြချုပ် Mr.Bunlert Charoen-wong သည် AFC Women's Futsal Asian Cup 2025 ခြေစစ်ပွဲဝင်မည့် ပဏာမကစားသမား ၁၇ ဦးစာရင်းကို ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီးဖူဆယ်အသင်းတွင် အုပ်ချုပ်/နည်းပြ ၁၁ ဦး၊ ကစားသမား ၁၇ ဦးပါဝင်ပြီး AFC Women's Futsal Asian Cup 2025 ခြေစစ်ပွဲအုပ်စု (D)တွင် မြန်မာအသင်းသည် ဗီယက်နမ်၊ တရုတ်(တိုင်ပေ)၊ မကာအိုအသင်းတို့နှင့် အတူ ကျရောက်နေသည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းသည် ဇန်နဝါရီလ ၁၅ ရက်တွင် ဗီယက်နမ်၊ ဇန်နဝါရီလ ၁၇ ရက်တွင် တရုတ်(တိုင်ပေ)၊ ဇန်နဝါရီလ ၁၉ ရက်တွင် မကာအိုအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ခြေစစ်ပွဲများကို အိမ်ရှင်နိုင်ငံအဖြစ် မြန်မာ၊ ထိုင်း၊ အင်ဒိုနီးရှားနှင့် ဥဇဘက်ကစ္စတန်နိုင်ငံတို့၌ ကျင်းပမည်ဖြစ်သည်။ ၁၉ သင်းဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ရာ ငါးသင်း သုံးအုပ်စုနှင့် လေးသင်းတစ်အုပ်စုခွဲကာ ကျင်းပမည်ဖြစ်သည်။ ခြေစစ်ပွဲအုပ်စုလေးခုမှ ထိပ်ဆုံးရပ်တည်မှုနှစ်သင်းစီ (ရှစ်သင်း) နှင့် အုပ်စုလေးခုမှ အကောင်းဆုံးအုပ်စုတတိယရအသင်းတစ်သင်း စုစုပေါင်းကိုးသင်း ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် တရုတ်၊ အီရန်နှင့် ဂျပန်အသင်းတို့မှာ တိုက်ရိုက်ဝင်ခွင့်ရခဲ့ပြီး ခြေစစ်ပွဲအောင် ကိုးသင်း စုစုပေါင်း ၁၂ သင်းဖြင့် မေလ ၇ ရက်မှ ၁၈ ရက်အထိ တရုတ်နိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီးဖူဆယ်အသင်းသည် ဇန်နဝါရီလ ၁၅ ရက်မှ ၁၉ ရက်အထိ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ခြေစစ်ပွဲအတွက် ပြိုင်ပွဲအကြိုပြင်ဆင်မှုအနေဖြင့် ဒီဇင်ဘာလ ၁၅ ရက်မှစတင်ကာ ကစားသမား ၂၂ ဦးဖြင့် စခန်းသွင်းလေ့ကျင့်မှုများပြုလုပ်ပြီးနောက် ပဏာမကစားသမား ၁၇ ဦးစာရင်းကို ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ခင်မောင်တင်**

---

# ငဖဲမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ဆောင်းသီးနှံ စိုက်ပျိုးစရိတ်ချေးငွေများ ဆက်လက်ထုတ်ချေး

**ငဖဲ ဇန်နဝါရီ ၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ မြို့နယ်အတွင်းရှိ တောင်သူများအတွက် ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးလျက်ရှိရာ ဇန်နဝါရီလ ၈ ရက်တွင် ကျောင်းတွင်းရပ်ကွက်မှ တောင်သူ ၄၂ ဦး၏ စပါးနှင့်တခြားသီးနှံ ၁၅၃ ဧကအတွက် စိုက်ပျိုးစရိတ်ချေးငွေ ငွေကျပ် ၁၆၂ သိန်းကို ဆက်လက်ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငဖဲမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမန်နေဂျာ ဒေါ်သန်းသန်းဆင့်က တောင်သူများ ဆောင်းသီးနှံစိုက်ပျိုးစရိတ်အရင်းအနှီးရရှိစေရန်နှင့် သီးနှံများ အချိန်မီစိုက်ပျိုးထုတ်လုပ်နိုင်ပြီး လူမှုစီးပွားဘဝအဆင်ပြေစေရန်ရည်ရွယ်၍ ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေများကို နှစ်စဉ်ထုတ်ချေးပေးလျက်ရှိကြောင်း၊ ယခင်နှစ် ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေ အရင်း၊ အတိုးပြေကျေစွာ ပေးဆပ်ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရှိသည့် တောင်သူများအား ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ငဖဲမြို့နယ်၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးပေးရာတွင် ကျေးရွာအုပ်စုရှစ်အုပ်စုမှ တောင်သူများအား ငွေကျပ်သိန်း ၂၁၀၀ ထုတ်ချေးပေးရန် လျာထားပြီး စပါးတစ်ဧကလျှင် ငွေကျပ်တစ်သိန်းငါးသောင်းနှုန်းနှင့် တခြားသီးနှံတစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ကျောင်းတွင်းရပ်ကွက်မှ တောင်သူ ၄၂ ဦး၏ စပါး ၁၈ ဧက၊ နှမ်း ဧက ၄၀၊ မြေပဲ ၄၂ ဧကနှင့် ကုလားပဲ ၅၃ ဧက စုစုပေါင်းစိုက်ဧက ၁၅၃ ဧကအတွက် ငွေကျပ် ၁၆၂ သိန်းကို စတင်ထုတ်ချေးပေးခဲ့ပြီး ကျန်ရှိသည့် ကျေးရွာအုပ်စုများမှ တောင်သူများအတွက် ဆောင်းသီးနှံ စိုက်ပျိုးစရိတ်ချေးငွေများ ဆက်လက်ထုတ်ချေးပေးမည်ဖြစ်ကြောင်း သိရသည်။

**မယု(ငဖဲ)**

# ရွှေတောင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းအခြေပြုတီဘီရောဂါကွင်းဆင်းရှာဖွေခြင်းဆောင်ရွက်



ရွှေတောင် ဇန်နဝါရီ ၈

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျန်းမာရေးဝန်ကြီးဌာန၏ အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်း၊ ကျောင်းအခြေပြုတီဘီရောဂါ ကွင်းဆင်းရှာဖွေခြင်းလုပ်ငန်းအစီအစဉ်အရ တီဘီရောဂါစစ်ဆေးရှာဖွေဖော်ထုတ်ခြင်းကို ဇန်နဝါရီလ ၈ ရက်တွင် ရွှေတောင်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ တီဘီရောဂါကွင်းဆင်းရှာဖွေခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်မျိုးသန့်၏ဦးဆောင်မှုဖြင့် ရွှေတောင်မြို့နယ်ကျန်းမာရေးဝန်ထမ်းများက မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းပေါင်း ၁၈၀ ရှိ ကျောင်းသား၊ ကျောင်းသူ ၁၇၅၉၃ ဦးတို့အားကွင်းဆင်း၍ တီဘီရောဂါရှိ၊ မရှိစစ်ဆေးခြင်း၊ တီဘီရောဂါသတိပြုကာကွယ်ရေးအသိပညာပေး ဟောပြောခြင်း၊တီဘီရောဂါသံသယရှိသော ကျောင်းသား၊ ကျောင်းသူများကို မြို့နယ်ပြည်သူ့ဆေးရုံတွင် ဓာတ်မှန်ရိုက်ပေးခြင်း၊ သလိပ်စစ်ဆေးပေးခြင်း၊ ရောဂါရှာဖွေစစ်ဆေးခြင်းကိုဆောင်ရွက်ပြီး စစ်ဆေးတွေ့ရှိသူရှိပါက တီဘီရောဂါကို ဆက်လက်ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

**ကိုကိုမင်း(ပြန်/ဆက်)**

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်စက်ပြင်သင်တန်းဖွင့်

လှိုင်းဘွဲ့ ဇန်နဝါရီ ၈

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒိုင်းပြခေတ်မီစံပြကျေးရွာဓမ္မာရုံ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုဆိုင်ကယ်စက်ပြင်သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၈ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းနိုင်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ လှိုင်းဘွဲ့မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်နိုင်ထွန်းက ဆိုင်ကယ်စက်ပြင်သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကိုရှင်းလင်းပြောကြားပြီး သင်တန်းသားများအတွက် သင်ထောက်ကူပစ္စည်းများပေးအပ်သည်။

အဆိုပါ ဆိုင်ကယ်စက်ပြင်သင်တန်းကို ဒိုင်းပြခေတ်မီစံပြကျေးရွာမှ သင်တန်းသား ၁၀ ဦးတက်ရောက်ပြီး ကျွမ်းကျင်ဆရာ၊ ဆရာမများက ဇန်နဝါရီလ ၈ ရက်မှ ၁၇ ရက်အထိ ၁၀ ရက်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**ကိုသက်**



# မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်

စေတုတ္တရာ ဇန်နဝါရီ ၈

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့ပေါ်ရပ်ကွက်များအတွင်း၌ ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပေးလှည့်လည်နှိုးဆော်ခြင်းကို ဇန်နဝါရီလ ၇ ရက်တွင် ဆောင်ရွက်ကြောင်းသိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးရှိန်းမင်းထက်၏ကြီးကြပ်ကွပ်ကဲမှုဖြင့် မီးသတ်တပ်ဖွဲ့ဝင်တို့က ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်သည့်အတွက် မိဘပြည်သူများအနေဖြင့် မီးဘေးအန္တရာယ်မှ ကင်းဝေးနိုင်စေရေးအတွက် မိမိတို့နေအိမ်တွင် မလိုအပ်ဘဲ မီးများအသုံးမပြုရန်၊ မိမိအိမ်တွင်ရှိသော လျှပ်စစ်ပစ္စည်းများကို စဉ်ဆက်မပြတ်အမြဲတမ်းကြည့်ရှုစစ်ဆေးရန်၊ နေအိမ်၌ မီးကပ်မီးချိတ်၊ ရေပုံးများထားရှိရန်နှင့် မီးသတ်ဆေးဘူးများ ဆောင်ထားရန်စသောမီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး လိုက်နာဆောင်ရွက်ရန်အချက်များကို လှည့်လည်အသိပေးနှိုးဆော်သည်။

စေတုတ္တရာမြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် တစ်ပတ်လျှင် တစ်ကြိမ် ရပ်ကွက်/ကျေးရွာများသို့ မီးဘေးအန္တရာယ်အသိပေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ဆန်းကိုကို(ပြန်/ဆက်)**


**လျှပ်စစ်မီတာခသက်သာဖို့**

**LED ပစ္စည်းသုံးကြစို့။**



## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌက္ကဋ္ဌရုံး (နေပြည်တော်)
 (၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
 (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
 (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
 (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
 (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
 (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
 (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
 (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
 (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
 (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
 (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
 (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
 (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

### တစ်ဦးတည်းဖြစ်ပါကြောင်း
ကျိုင်းတုံတက္ကသိုလ်၊ အဝေးသင်သင်တန်း၊ ပထဝီဝင် (အထူးပြု)၂၀၂၄ ၄ပ-၁၃၃(၀၂၃)ဖြင့် ဖြေဆိုအောင်မြင်ထားသော မောင်ကျလားး၏ဖခင် ဦးကျတောနှင့် ဦးကျဒေါ ၁၃/မပတ(နိုင်)၀၂၄၈၇၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးကျတော(ခ)ဦးကျဒေါ**

### တစ်ဦးတည်းဖြစ်ပါကြောင်း
ကျိုင်းတုံတက္ကသိုလ်၊ အဝေးသင်သင်တန်း၊ ပထဝီဝင် (အထူးပြု)၂၀၂၄ ၄ပ-၅၉(၀၂၃)ဖြင့် ဖြေဆိုအောင်မြင်ထားသော မောင်လဝေးနှင့်မောင်လှဝင်း ၁၃/တတန (နိုင်)၀၀၄၆၅၁မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **မောင်လဝေး(ခ)မောင်လှဝင်း**

### ဖခင်အမည်မှန်
ရှမ်းပြည်နယ်တောင်ပိုင်း၊ အေးသာယာမြို့နေ ဦးတင်နိုင် ၁၃/တကန(နိုင်)၀၄၅၂၁၆ ၏ ဖခင် ဦးဆေးကြိုင်၏အမည်မှန်မှာ ဦးစောကြိုင်ဖြစ်ပါကြောင်း။ **ဦးစောကြိုင်**

### ဖခင်အမည်မှန်
ရေတာရှည်မြို့နယ် အ.ထ.က ရွှေကြက်ယက် G-12(B) မှ မသဲစုမွန်၏ဖခင် အမည်မှန်မှာ ဦးကျော်နိုင် ၇/ရတရ(နိုင်) ၀၉၅၃၀၉ ဖြစ်ပါကြောင်း။ **ဦးကျော်နိုင်**

### ပျောက်ဆုံးကြောင်း
ကျော်ဇင်လတ်(ဘ)ဦးဇော်မြင့်ဦး ၁၂/ကမတ (နိုင်)၀၈၇၂၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၀၁၂၀၀၁

### ပျောက်ဆုံးကြောင်း
ရဲမင်းထွန်း(ဘ)ဦးစံအေး ၁၂/တတန(နိုင်) ၁၈၁၉၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 607841)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၈၄၃၀၅၈၅

## (၂၇)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း
## (ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယကာကြီး)
## ဒုတိယဗိုလ်ချုပ်ကြီးစိန်အောင်(ငြိမ်း)

တုနှိုင်းမမှီသော အနန္တကျေးဇူးရှင်
ဖခင်ကြီးကွယ်လွန်ခဲ့တာ
ယနေ့(၉-၁-၂၀၂၅)နေ့မှာ (၂၇)နှစ်တိတိပြည့်ခဲ့ပါပြီ။
ကြီးမားလှသော ဖေဖေရဲ့ကျေးဇူးတရားများကို
ယနေ့ထက်တိုင် တစ်နေ့မှမေ့မရပါ။
ပေးဆပ်၍မကုန်နိုင်တဲ့ ဖေဖေရဲ့ အေးမြလှသော
မေတ္တာတရား ကျေးဇူးများကိုရည်စူးပြီး
နေ့စဉ်၊ လစဉ်၊ နှစ်စဉ်ပြုလုပ်ခဲ့သည့် အလှူဒါနများ၊

ယနေ့(၂၇)နှစ်ပြည့်မှာ
နှင်းဆီကုန်းဘိုးဘွားရိပ်သာနှင့်
သဃ်န်းကျွန်း ရတနာပုံရိပ်ငြိမ်ဘုန်းတော်ကြီးသင်
ပညာရေးကျောင်းတွင်ပြုလုပ်သည့်
အလှူဒါန၊ ကောင်းမှုကုသိုလ်အစုစုများကို
ဖေဖေ့အား အမျှပေးဝေပါသည်။
မြင့်မြတ်အေးချမ်းလှသောဘုံဘဝမှာ သာစုခေါ်ပါဖေဖေ ...
**ချစ်ဇနီး သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်သိန်းနှင့်**
**ချစ်သားသမီး၊ မြေးတစ်စု**

### ပျောက်ဆုံးကြောင်း
မောင်စနေထွန်း(ဘ)ဦးထွန်းငြိမ်း ၉/မခန (နိုင်)၂၃၈၈၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
အောင်ကျော်ဇောလင်း(ဘ)ဦးကြည်လွင်၁၀/ကထန(နိုင်)၁၀၆၂၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
နော်ဝါးဝါး(ဘ)ဦးစောဝါးနေမူး ၃/ကဆက (နိုင်)၀၅၆၅၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 684571)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ အ.ထ.က(၁)၊ Grade-10 မှမောင်ဝေယံထွန်း၏ ဖခင် ဦးဖလေဖျံ၏အမည်မှန်မှာ ဦးဖလေပျံ ၈/တတက(နိုင်)၀၅၃၁၈၂ ဖြစ်ပါကြောင်း။ **ဦးဖလေပျံ**

### အမည်မှန်
မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ဖူလုံကျေးရွာနေ အဘ ဦးဝင်းကြိုင်၏သမီး မသင်းလဲ့နွယ်၏အမည်မှန်မှာ ဖူလုံအ.ထ.က ကျောင်းဝင်စာရင်းအမှတ်(၅၇၇၉)အရ မချောစုဇင်ဖြစ်ပါကြောင်း။ **မချောစုဇင်**

### အမည်မှန်
ရှမ်းပြည်နယ်တောင်ပိုင်း၊ အေးသာယာမြို့နေ ၁၃/တကန(နိုင်)၀၄၅၂၁၆ ဦးတင့်နိုင်၏ အမည်မှန်မှာ ဦးတင်နိုင်ဖြစ်ပါကြောင်း။ **ဦးတင်နိုင်**

### အမည်ပြောင်း
အလက(၁၀)ရွှေပြည်သာ၊ Grade-3 မှ ဦးထွန်းလင်းစိုး ၁၂/ရပသ(နိုင်)၀၇၆၉၉၇ ၏သမီး မခင်ဘုန်းရွှေသဇင်အား မအမရာညိမ်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မအမရာညိမ်း**

### ပျောက်ဆုံးကြောင်း
ထက်ဇင်ကို(ဘ)ဦးမျိုးတင့် ၉/မခန(နိုင်) ၂၉၁၃၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 966013)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၁၂၈၃၀၁၇

### ပျောက်ဆုံးကြောင်း
မစိုးပပမင်း(ဘ)ဦးတိုးမင်း ၁၄/ပသန(နိုင်) ၁၉၅၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 218298)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
သင်းယုလှိုင်(ဘ)ဦးသိန်းဝင်း ၁၄/ပပတ(နိုင်) ၂၇၁၃၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

### ပျောက်ဆုံးကြောင်း
ဦးနိုင်ထွန်း(ဘ)ဦးမြင့်သိန်း ၉/ရမသ(နိုင်) ၁၇၄၀၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

### ပျောက်ဆုံးကြောင်း
ခိုင်လဲ့လဲ့ဦး(ဘ)ဦးဇော်လင်း ၉/ပသက(နိုင်) ၁၉၁၈၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 565329)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၂၃၇၅၉၀

### ပျောက်ဆုံးကြောင်း
တင်မိုးခိုင်(ဘ)ဦးတင်အောင် ၄/ကပလ(နိုင်) ၀၁၉၁၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 930207)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၆၇၇၂၉၈

### ပျောက်ဆုံးကြောင်း
ကျန်ကျာချန်(ဘ)ဦးကျန်ကွယ်အန်း ၁၃/ကလတ(နိုင်)၀၄၃၅၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 082264)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၄၁၄၃၇၄၁

### ပျောက်ဆုံးကြောင်း
အောင်လင်းဦး(ဘ)ဦးမြ ၁၂/ဒဂတ(နိုင်) ၀၂၆၀၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 436752)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၆၃၁၃၂၈၃၂

### ပျောက်ဆုံးကြောင်း
ခင်ဇာဇာသိန်း(ဘ)ဦးညွန့်ခင် ၁၂/ဥကမ(နိုင်) ၁၉၉၁၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
အီယန်စင်ပါးရ်(ဘ)ဦးရိုဇမ်း ၅/ကလထ(နိုင်) ၁၆၇၁၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၉၅၁၂၂၇၀

### ပျောက်ဆုံးကြောင်း
မယုယုထွေး(ဘ)ဦးကျော်အေး ၉/မခန (နိုင်)၂၂၀၇၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
နန်းအေးနွမ်း(ဘ)ဦးစိုင်းရန် ၁၃/နခန(နိုင်) ၀၀၀၅၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 611795)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၆၀၂၂၂၉၁

### ပျောက်ဆုံးကြောင်း
သက်မာဝင်း(ဘ)ဦးမြင့်မောင် ၈/တတက (နိုင်)၀၉၉၇၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၁၁၁၈၉၅၀

### ပျောက်ဆုံးကြောင်း
စိုးမိုးကျော်(ဘ)ဦးမျိုးမင်းသန်း ၇/ကဝန(နိုင်) ၂၄၀၃၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၇၀၃၃၃၃၅

### တစ်ဦးတည်းဖြစ်ပါကြောင်း
ကျိုင်းတုံတက္ကသိုလ်၊ အဝေးသင်သင်တန်း၊ ပထဝီဝင် (အထူးပြု)၂၀၂၄ ၄ပ-၁၅၆(၀၂၃)ဖြင့် ဖြေဆိုအောင်မြင်ထားသော မဒိုဗျ၏ဖခင် ဦးလောဒိုနှင့် ဦးလော်ဒို ၁၃/တခလ(နိုင်)၀၃၁၀၂၇မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးလောဒို(ခ)ဦးလော်ဒို**

### တစ်ဦးတည်းဖြစ်ပါကြောင်း
ကျိုင်းတုံတက္ကသိုလ်၊ အဝေးသင်သင်တန်း၊ ပထဝီဝင် (အထူးပြု)၂၀၂၄ ပညာသင်နှစ်၄ပ-၆၂(၀၂၃)ဖြင့် ဖြေဆိုအောင်မြင်ထားသော မအားမီးကျူ ၁၃/မတန(နိုင်) ၀၂၅၃၃၆ နှင့် မအာမီးကျူမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **မအားမီးကျူ(ခ)မအာမီးကျူ**

### တစ်ဦးတည်းဖြစ်ပါကြောင်း
ကျိုင်းတုံတက္ကသိုလ်၊ အဝေးသင်သင်တန်း၊ ပထဝီဝင် (အထူးပြု)၂၀၂၄ ၄ပ-၁၆၈(၀၂၃)ဖြင့် ဖြေဆိုအောင်မြင်ထားသော မောင်နယ်လီမိုး၏ဖခင် ဦးမောရစ်မိုးနှင့် ဦးမောရစ်၁၃/ကတန(နိုင်)၁၀၂၅၈၈ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးမောရစ်မိုး(ခ)ဦးမောရစ်**

### ပျောက်ဆုံးကြောင်း
ဒေါ်ဦးခိုင်စု(ဘ)ဦးဖြူလှမောင် ၁၂/အစန (နိုင်)၂၂၀၇၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 692189)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၀၇၅၄၇၈၀

### ပျောက်ဆုံးကြောင်း
မရွှမ်းကျုံး(ဘ)ဦးရင်းဆင်း ၁၃/လရန(နိုင်) ၂၃၂၄၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 471349)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
မိစံ(ဘ)ဦးလောဟဲ ၁၃/လခန(နိုင်) ၀၂၀၇၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 880257)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
မတိုးတိုးလွင်(ဘ)ဦးမောင်ကြီး ၁၂/မရက (နိုင်)၁၅၁၅၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 404651)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၁၄၆၃၆၈၄

### ပျောက်ဆုံးကြောင်း
နော်မေဖေါ(ဘ)ဦးစောသာလဲဆီး ၁၄/ဒဒရ (နိုင်)၁၄၆၂၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ဉာဏ်ထွန်းလင်း(ဘ)ဦးစိုးသိန်း ၁၄/ပပတ (နိုင်)၂၄၉၃၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 829028)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ
မိတ္ထီလာမြို့၊ အောင်ဇေယျာရပ်ကွက်၊ နယ်မြေ(၈)၊ ဘူတာဟောင်းလမ်းမကြီး၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၉-ဃ/အောင်ဇေယျာ)၊ ဦးပိုင်အမှတ်(၄၃-ခ)၊ မြေကွက်အမှတ်(၁၄)နေ၊ ဒေါ်မြင့်မြင့်အေး(၉/မထလ(နိုင်)၁၆၈၂၇၁)ကိုင်ဆောင်သူမှ(အလျား ၃၆'-၀" x အနံ ၂၀'-၀")RC (၂)ထပ်အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦ ဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ **မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

### ပျောက်ဆုံးကြောင်း
ဖြူးမြို့၊ ဇေယျာဝတီအုပ်စု၊ ကျောင်းစုနေ မောင်လင်းမာန်အောင်(ဘ)ဦးသိန်းချစ် ၁/ဖမန(နိုင်)၂၁၃၂၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၂၉၇၄၃၀၆

### ပျောက်ဆုံးကြောင်း
နန်းမြတ်စန္ဒီအောင်(ဘ)ဦးဝင်းအောင် ၁၂/မဂဒ(နိုင်)၁၀၃၃၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
လင်းထင်သာ(ဘ)ဦးကျော်မင်းဟန် ၅/ကဘလ(နိုင်)၂၅၈၁၅၈ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၄၅၅၅၁၉၇

### ပျောက်ဆုံးကြောင်း
ချောမှုံရတနာကျော်(ဘ)ဦးကျော်မြင့် ၉/ပဘန(နိုင်)၂၇၃၃၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 788647)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၇၆၂၂၄၂၂

### ပျောက်ဆုံးကြောင်း
ကျော်ခိုင်ဦး(ဘ)ဦးခင်ရှိန် ၁၄/ဟသတ(နိုင်) ၄၀၀၄၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 009026)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၉၇၀၄၃၇၈

### ပျောက်ဆုံးကြောင်း
အေးအေးအောင်(ဘ)ဦးအောင်ခင် ၁၂/မဂဒ (နိုင်)၀၉၁၇၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၂၀၂၀၀၅

### ပျောက်ဆုံးကြောင်း
ကြင်သန်း(ခ)သေးတာ(ဘ)ဦးအောင်မြင့်၁၂/သလန(နိုင်)၀၁၈၈၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 626224)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၀၄၆၈၈၀




### ပျောက်ဆုံးကြောင်း
မေဇံ(ဘ)ဦးထွန်းကျော် ၁၁/မဥန(နိုင်) ၁၇၉၉၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ဖုန်လတ်အောင်(ဘ)ဦးခေါ်ဒုခင်န ၁/မညန(နိုင်)၁၀၁၄၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
မရွှေရင်(ဘ)ဦးဖေချမ်း ၁၃/ကခန(နိုင်) ၁၀၁၉၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 984114)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
မြောင်းမြမြို့နယ်၊ တဇင်ကုန်းကြီးအုပ်စု၊ တဇင်ကုန်းလေးရွာနေ မမြကေခိုင် (ဘ)ဦးမြင့်သန်း ၁၄/မမန(နိုင်)၂၁၉၀၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MF 953585)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၁၀၇၃၅၅၄

## "European Hearing Care (Myanmar) Limited."
## ဖျက်သိမ်းရန်ကြေညာချက်

၁။ "European Hearing Care (Myanmar) Limited." ကို အစုရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းရန် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ၊ (၆)ရက်နေ့က ကုမ္ပဏီရုံးခန်းတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့်အထွေထွေအရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးအောင်သိန်း(B.Ecom, D.S, R.L), Advocate (7598) (MAIP-00236)၊ အမှတ် (၂၁၁/၈)၊ သရဖီလမ်း၊ (၂၅)ရပ်ကွက်၊ သုဝဏ္ဏ၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား ခန့်အပ်ထားရန်ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးအောင်သိန်း (B.Ecom, D.S, R.L), Advocate (7598) (MAIP-00236)နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| **ဦးအောင်သိန်း(B.Ecom, D.S, R.L)** | **Mr.Lee Chee Khiang** |
| **(MAIP-00236)** | **Managing Director** |
| **စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ** | **European Hearing Care** |
| | **(Myanmar) Limited.** |

# ဥရောပထိပ်တန်းအသင်းကြီးများက ခေါ်ယူလိုနေသည့် ဂရိုကာရက်ဇ်ကို ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလတွင် ရောင်းချမည်မဟုတ်ကြောင်း စပို့တင်းလစ္စဘွန်းအသင်းထုတ်ပြန်

လစ္စဘွန်း ဇန်နဝါရီ ၈

စပို့တင်းလစ္စဘွန်းအသင်းက ဥရောပထိပ်တန်းအသင်းကြီးများက ခေါ်ယူလိုနေသည့် အသင်းမှ အဓိကတိုက်စစ်ကစားသမား ဂရိုကာရက်ဇ်ကို ဇန်နဝါရီလကစားသမား အပြောင်းအရွှေ့ကာလတွင် ရောင်းချမည်မဟုတ်ကြောင်း အတည်ပြုကြေညာခဲ့သည်။

အသက် ၂၆ နှစ်အရွယ် ဂရိုကာရက်ဇ်သည် ၂၀၂၃ ခုနှစ် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက ကိုဗင်ထရီအသင်းမှ စပို့တင်းလစ္စဘွန်းအသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် အသင်းနှင့်အတူ ပထမဆုံးဘောလုံးရာသီတွင်ပင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ပြီး ပြိုင်ပွဲစုံပွဲ ၅၀ ပါဝင်ကစားခဲ့ရာ ၄၃ ဂိုးသွင်းယူနိုင်ပြီး ယခုဘောလုံးရာသီတွင်လည်း ပြိုင်ပွဲစုံ ၂၈ ပွဲကစားပြီးချိန်တွင် သွင်းဂိုး ၃၀ သွင်းယူထားနိုင်ခဲ့သည့်အတွက် မန်ယူအသင်း၊ ဘာစီလိုနာအသင်း၊ မန်စီးတီးအသင်း၊ ရီးယဲလ်မက်ဒရစ်အသင်းတို့က ခေါ်ယူလိုနေခြင်းဖြစ်သည်။

စပို့တင်းလစ္စဘွန်းအသင်းသည် ယခုဘောလုံးရာသီ၌ ပေါ်တူဂီလိဂ်ပြိုင်ပွဲတွင် အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်နေပြီး ချန်ပီယံဆုကာကွယ်ရန် အခွင့်အရေးများရှိနေသောကြောင့် အဓိက ကစားသမားတစ်ဦးကို မဆုံးရှုံးလိုသည့်အတွက် ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလတွင် ရောင်းချမည်မဟုတ်ဘဲ နွေရာသီကစားသမားအပြောင်းအရွှေ့ကာလမှသာ ရောင်းချဖွယ်ရှိနေသည်။

လက်ရှိစပို့တင်းလစ္စဘွန်းအသင်းနှင့်ဂရိုကာရက်ဇ်တို့စာချုပ်သက်တမ်းမှာ ၂၀၂၈ ခုနှစ်အထိကျန်ရှိနေပြီး စာချုပ်ဖျက်သိမ်းကြေးမှာလည်း စတာလင်ပေါင် သန်း ၈၀ ရှိနေသည့်အတွက် မန်ယူအသင်းအနေဖြင့် ဂရိုကာရက်ဇ်ကို ခေါ်ယူလိုပါက စာချုပ်ဖျက်သိမ်းကြေး စတာလင်ပေါင် သန်း ၈၀ ပေးချေရဖွယ်ရှိနေသောကြောင့် ခေါ်ယူလိုနေသည့်အသင်းများအတွက်လည်း အခက်ကြုံလာရဖွယ်ရှိကြောင်း သိရသည်။

*Ref;One Football*

# ဝက်စ်ဟမ်းအသင်းက နည်းပြသစ်အဖြစ် ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် နည်းပြ ဂရေဟမ်ပေါ်တာကိုခန့်အပ်ဖွယ်ရှိ



လန်ဒန် ဇန်နဝါရီ ၈

ဝက်စ်ဟမ်းအသင်းက ယခုဘောလုံးရာသီတွင် ရလဒ်များဆက်တိုက်ဆိုးရွားနေသည့်အတွက် နည်းပြလိုပက်တယ်ဂူရီကို နည်းပြရာထူးမှထုတ်ပယ်ပြီးနောက် နည်းပြသစ်အဖြစ် ချယ်လ်ဆီးအသင်းနှင့် လမ်းခွဲခဲ့ပြီး ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် နည်းပြဂရေဟမ်ပေါ်တာကို ခန့်အပ်ဖွယ်ရှိနေကြောင်း သိရသည်။

ဝက်စ်ဟမ်းအသင်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ ပွဲစဉ်(၂၀)အပြီးတွင် ခြောက်ပွဲသာအနိုင်ရရှိပြီး ငါးပွဲသရေရလဒ်နှင့် ကိုးပွဲရှုံးနိမ့်ကာ ရမှတ် ၂၃ မှတ်ဖြင့် အမှတ်ပေးဇယားအဆင့်(၁၄)နေရာ၌ ရပ်တည်နေသည့်အတွက် ဝက်စ်ဟမ်းအသင်းတာဝန်ရှိသူများက နည်းပြကိုထုတ်ပယ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အသက် ၄၉ နှစ်အရွယ် နည်းပြဂရေဟမ်ပေါ်တာသည် ဘရိုက်တန်အသင်းကို ၂၀၁၉ ခုနှစ်မှ ၂၀၂၂ ခုနှစ် စက်တင်ဘာလအထိ တာဝန်ယူကိုင်တွယ်ခဲ့ရာတွင် ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သော်လည်း ၂၀၂၂ ခုနှစ် စက်တင်ဘာလက ဘရိုက်တန်အသင်းနှင့်လမ်းခွဲခဲ့ပြီး ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ခဲ့ကာ ရလဒ်ကောင်းအောင်စွမ်းဆောင်နိုင်ခြင်းမရှိသည့်အတွက် ၂၀၂၃ ခုနှစ် ဧပြီလက ချယ်လ်ဆီးအသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံခဲ့ရပြီးနောက် လက်ရှိအချိန်ထိ ကလပ်အသင်းလက်မဲ့ဖြစ်နေခြင်းဖြစ်သည်။

ဝက်စ်ဟမ်းအသင်းက ဇန်နဝါရီလ ၁၁ ရက်တွင် အက်ဖ်အေဖလားပွဲစဉ်အဖြစ် အက်စ်တွန်ဗီလာအသင်းနှင့်ကစားရမည်ဖြစ်ပြီး အဆိုပါပွဲစဉ်မတိုင်မီ နည်းပြသစ်ခန့်အပ်ရန် ကြိုးပမ်းနေကြောင်း သိရသည်။

*Ref;Fabrizio Romano*

# ဥရောပထိပ်တန်းလိဂ်ငါးခုမှ ကလပ်အသင်းများ၌သာကစားလိုသည့်အတွက် ဂါလာတာဆာရေးအသင်း၏ကမ်းလှမ်းမှုကို တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်ပယ်ချ



မန်ချက်စတာ ဇန်နဝါရီ ၈

မန်ယူအသင်းက ရောင်းချရန်ကြေညာထားသည့် တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်ကို တူကီယဲထိပ်တန်းကလပ် ဂါလာတာဆာရေးအသင်းက ခေါ်ယူရန် ကမ်းလှမ်းမှုတစ်ရပ်ပြုလုပ်ခဲ့သော်လည်း ရက်ရှ်ဖို့ဒ်ကိုယ်တိုင်က ဥရောပထိပ်တန်းလိဂ်ငါးခုမှ ကလပ်အသင်းများ၌သာ ကစားလိုသည့်အတွက် ကမ်းလှမ်းမှုကို ပယ်ချခဲ့ကြောင်း သိရသည်။

အသက် ၂၇ နှစ်အရွယ် ရက်ရှ်ဖို့ဒ်သည် မန်ယူအသင်းအကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၁၅ ခုနှစ်မှစတင်ကာ အသင်းတွင်ပါဝင်ကစားခဲ့ပြီး အစောပိုင်းနှစ်များက အသင်းတွင် အဓိက ကစားသမားအဖြစ် အကောင်းဆုံးခြေစွမ်းပြနိုင်သော်လည်း ပြီးခဲ့သည့်ဘောလုံးရာသီမှစတင်ကာ ခြေစွမ်းပြနိုင်ရန် ရုန်းကန်ခဲ့ရပြီး လက်ရှိနည်းပြအမိုရင်လက်အောက်တွင်လည်း ပွဲကစားခွင့်များမရရှိတော့သည့်အတွက် ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာလိုနေပြီး မန်ယူအသင်းကလည်း သင့်တော်သည့်ပြောင်းရွှေ့ကြေးရရှိမည်ဆိုပါက ရောင်းချသွားမည်ဟု ကြေညာထားသည်။

ရက်ရှ်ဖို့ဒ်သည် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၁ ရက်က ကစားသည့် အဲဗာတန်အသင်းနှင့်ပွဲစဉ်ကို နောက်ဆုံးကစားပြီးနောက် အာဆင်နယ်အသင်း၊ နော်တင်ဟမ်အသင်း၊ ဗစ်တိုးရီးယားပယ်လ်ဇန်အသင်း၊ မန်စီးတီးအသင်း၊ စပါးအသင်း၊ ဘုန်းမောက်စ်အသင်း၊ ဝုဗ်အသင်းတို့နှင့်ပွဲစဉ်တို့တွင် အသင်းကစားသမားစာရင်းမှ ချန်လှပ်ခံရပြီး နယူးကာဆယ်အသင်းနှင့်ပွဲစဉ်၌ ကစားသမားစာရင်းတွင် ပြန်လည်ပါဝင်လာခဲ့သော်လည်း ကစားခွင့်မရရှိခဲ့ခြင်းဖြစ်သည်။

ဂါလာတာဆာရေးအသင်းသည် အသင်းတိုက်စစ်ပိုင်းတွင် ဇီယက်နှင့် အိုဆီမန်တို့အနေဖြင့် အနာဂတ်မရေမရာဖြစ်နေသည့်အတွက် ရက်ရှ်ဖို့ဒ်ကို ခေါ်ယူလိုနေခြင်းဖြစ်သည်။

သို့သော် ရက်ရှ်ဖို့ဒ်ကိုယ်တိုင်က အင်္ဂလန်အသင်းတွင် ပါဝင်ကစားခွင့်ရရှိရန် ဥရောပထိပ်တန်းလိဂ်ငါးခုမှ ကလပ်အသင်းတစ်သင်း၌ ပါဝင်ကစားရန်လိုအပ်နေသည့်အတွက် စပိန်လာလီဂါ၊ ပရီးမီးယားလိဂ်၊ စီးရီးအေ၊ ဂျာမန်ဘွန်ဒက်စ်လီဂါနှင့် ပြင်သစ်လီဂူးပြိုင်ပွဲတို့မှ ကလပ်အသင်းတစ်သင်းတွင်သာ ပြောင်းရွှေ့ကစားရန် ကြိုးပမ်းနေကြောင်း သိရသည်။

*Ref;Fotmob*

# အာဆင်နယ်အသင်းနှင့် နယူးကာဆယ်အသင်းတို့က တိုက်စစ်ကစားသမား လီကန်အင်ကို ခေါ်ယူရန်ပြင်ဆင်

လန်ဒန် ဇန်နဝါရီ ၈

အာဆင်နယ်အသင်းနှင့် နယူးကာဆယ်အသင်းတို့အနေဖြင့် ပီအက်စ်ဂျီအသင်းက ရောင်းချမည်ဖြစ်သည့် တောင်ကိုရီးယားတိုက်စစ်ကစားသမား လီကန်အင်ကို အပြိုင်ခေါ်ယူရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

လီကန်အင်သည် ၂၀၂၃ ခုနှစ် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက မာယော့ကာအသင်းမှ ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ကြေး ယူရို ၂၂ သန်းဖြင့် ပြောင်းရွှေ့ကစားခဲ့သော်လည်း လက်ရှိနည်းပြ အင်းနရစ်လက်အောက်တွင် ပွဲကစားခွင့်နည်းပါးသည့်အတွက် အသင်းမှထွက်ခွာလိုခြင်းဖြစ်သည်။

ပီအက်စ်ဂျီအသင်းကလည်း အသင်းတိုက်စစ်ပိုင်းတွင် ဒမ်ဘီလီနှင့် ရာမို့စ်တို့ရှိနေသည့်အတွက် လီကန်အင်ကို ပြောင်းရွှေ့ကြေး ယူရို သန်း ၄၀ ခန့်ရရှိပါက ရောင်းချရန်ဆုံးဖြတ်ထားခြင်းဖြစ်သည်။

အာဆင်နယ်အသင်းသည်လည်း အသင်းတိုက်စစ်ပိုင်းကို အင်အားဖြည့်တင်းရန်ပြင်ဆင်နေသကဲ့သို့ နယူးကာဆယ်အသင်းသည်လည်း အီဆက်ကို လက်လွှတ်ရဖွယ်ရှိနေသောကြောင့် လီကန်အင်နှင့် အစားထိုးရန်အတွက် ခေါ်ယူရန်ပြင်ဆင်နေကြောင်း သိရသည်။

*Ref;Fabrizio Romano*

# နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

နေပြည်တော်　ဇန်နဝါရီ ၈

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာလ ၃၀ ရက်မှ ဇန်နဝါရီလ ၅ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသောစာရင်းများအရ တရားမဝင် **ကျွန်း (၁၄ ဒသမ ၇၅၆၄) တန်၊ သစ်မာ (၃ ဒသမ ၀၆၇၆) တန်၊ အခြား (၂၀ ဒသမ ၇၄၃၆) တန် စုစုပေါင်း (၃၈ ဒသမ ၅၆၇၆) တန်၊ ယာဉ်/ယန္တရား (၈)စီး၊ တရားခံ(၂၀)ဦး** ဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံသစ်တောဦးစီးဌာနမှသိရသည်။ **(သတင်းစဉ်)**



# မရမ်းကုန်းမြို့နှင့် ကျိုင်းတုံမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

နေပြည်တော်　ဇန်နဝါရီ ၈

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဇန်နဝါရီလ ၆ ရက် နံနက် ၉ နာရီခွဲတွင် မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်ရှိ စိုးသူအောင်(ခ)ဇင်ဇင်း၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၀ ပြား၊ အိုက်စ် သုည ဒသမ ၉ ကီလိုကိုလည်းကောင်း၊ ထို့ပြင် ဇန်နဝါရီလ ၇ ရက် ညနေ ၃ နာရီတွင် ကျိုင်းတုံမြို့၊ ရပ်ကွက်(၃)ရှိ စိုင်းယီတစ်(ခ) ယီနွဲ့၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(သတင်းစဉ်)**



**စိုးသူအောင်(ခ)ဇင်ဇင်းအား သိမ်းဆည်းရမိသည့်မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။**

## ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်

နေပြည်တော်　ဇန်နဝါရီ ၈

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များအနည်းငယ်လျော့နည်းနိုင်သည်။

(မိုး/ဇလ)

# လေပြင်းဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန

လေပြင်းဘေးအသိပညာပေးစာစောင်



မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကြိုကာလ၊ နွေကာလနှင့် မိုးကြိုကာလများအတွင်း နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပျံ့တက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင်စိုက်ဆင်းလေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။

၁

### လေပြင်းဘေးအတွက် ကြိုတင်ပြင်ဆင်ရန် အချက်များ

၁။ မိမိအိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားပါ။



၂။ လေပြင်းဒဏ် ခံနိုင်စေရေးအတွက် လိုအပ်သည့်နေရာများတွင် ထောက်တန်းများ/ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။

၃။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဖိနပ်ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လစ်အောင် ဆောင်ရွက်ပါ။

၄။ သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/သက်ကယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက် ကြက်နင်းဖြင့် ခိုင်ခံ့စွာ အုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။



၂

၅။ အိမ်အကာအရံများ၊ တံခါးများ၊ ပြတင်းပေါက်များအား ပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။

၆။ အိမ်အနီးရှိ ကျိုးကျနိုင်သော သစ်ပင်/သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။



၇။ အိမ်အတွင်းရှိပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သော ပစ္စည်းများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။ မီးလောင်စေနိုင်သော ပစ္စည်းများကို စစ်ဆေး၍ လိုအပ်သလို ပြင်ဆင်ထားပါ။

၈။ အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့်အရေးကြီးစာရွက်စာတမ်းများကို မိမိနှင့်အတူ ထားရှိပါ။

၉။ မိသားစုများ အရေးပေါ်ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။



၃

### လေပြင်းတိုက်ခတ်နေစဉ် သတိပြုလိုက်နာရန် အချက်များ

၁။ လေပြင်းတိုက်ခတ်ချိန်တွင် အမှိုက်များနှင့် ပစ္စည်းများ လေနှင့်လွင့်ပါကာ အန္တရာယ်ဖြစ်စေနိုင်သောကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။



၂။ တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။ မှန်ပြတင်းများအား တိတ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။



၃။ မှန်ပြတင်းပေါက်များနှင့် ဝေးရာတွင် နေထိုင်ပါ။


၄

● ကျောဖုံးမှအဆက်


စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးမြို့နယ်နှင့် မင်းလှမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ် (၁)စီးနှင့် မော်တော်ဆိုင်ကယ် (၁)စီး (ခန့်မှန်းတန်ဖိုး ငွေကျပ်၆၁၈၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မင်းဘူးမြို့၊ မန်းရေနံမြေဝင်းအတွင်း၌တရားမဝင်ရေနံစိမ်း(၂၃)ဂါလန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၀၅၀၀)ကို ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ်၆၂၆၀၅၀၀)** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်၌ တရားမဝင် ကျွန်းသစ် (သုည ဒသမ ၁၁၉)တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၁၆၅၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ ချမ်းအေးသာစံမြို့နယ်၊ ကဋ္ဌဏမဟီရပ်ကွက်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၇၁၅၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၈၈၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဇန်နဝါရီလ ၇ ရက်**တွင် ကချင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြစ်ကြီးနားမြို့၊ ရန်ကြီးအောင်ရပ်ကွက်၊ အမှတ်(၃၁၆-B)၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ဆိုင်ကယ်အပိုပစ္စည်း (၈၇)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၆၁၈၀၅၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ကချင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။




အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။

အလားတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့ အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်(၂)စီးနှင့်မော်တော်ဆိုင်ကယ် (၆)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၅၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့၊ မြို့ရှောင်လမ်း၊ နောင်နွန်း ကျေးရွာအနီး၌ မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၅၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကို လည်းကောင်း၊ မယ်ယန်းကုန်သွယ်ရေးစခန်းအလွန် မိုင်းကိုးကျေးရွာအုပ်စု၊ ရန်နိုင်(၁)ကျေးရွာအနီး၌ရပ်တန့်ထားသောမော်တော်ယာဉ် (၁၀)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြ နိုင်ခြင်းမရှိသည့်လုပ်ငန်းသုံးပစ္စည်း (၃၈)မျိုး၊ လူသုံးကုန်ပစ္စည်း (၁၈)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၈၂၉၄၉၆၃)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck (၃)စီး၊ Mitsubishi Fuso Truck (၃)စီး၊ Isuzu Giga Truck (၂)စီး၊ Hino Profia Truck (၁)စီး၊ စက်မှုဇုန်ထုတ် Mahar Nwe Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၅၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၇၅၇၉၄၉၆၃)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူစစ်ကိုင်းတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ ရတနာပုံတံတားပူးပေါင်း စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Landcruiser မော်တော်ယာဉ် (၁)စီး **(ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၀၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျုံ့ပျော်ခရိုင်၊ ရေကြည်မြို့နယ်၌ တရားမဝင်အခြားသစ် (၁ ဒသမ ၁၇၄)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၉၇၄၆)ကို သစ်တောဥပဒေအရလည်းကောင်း၊ လပွတ္တာမြို့နယ်၊ (၄)မိုင်စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Honda ADV မော်တော်ဆိုင်ကယ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၅၉၇၄၆)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တပ်ကုန်းမြို့နယ်၊ လယ်ဝေးမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ်(၆)စီးနှင့် မော်တော်ဆိုင်ကယ်(၃)စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၃၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ပျဉ်းမနားခရိုင်၊ လယ်ဝေးခရိုင်နှင့်ဥတ္တရခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် (၂ ဒသမ ၅၇၁)တန်၊ အခြားသစ် (၅၂ ဒသမ ၆၈၇)တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၄၅၂၄၈၈)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၄၅၂၄၈၈)** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူအကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ (၁၃)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁၁) မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၉၄၀၆၁၇၈)ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ (၆)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၆၀၈၇၄၃၈)ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ (၃)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့်လုပ်ငန်းသုံးပစ္စည်း (၇)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၉၈၀၇၉၃၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၈၅၃၀၁၅၄၆)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက် နှင့် ၇ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၇၂)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၂၁၅၉၅၂၉၃)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့်အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့်ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကိုဖြစ်ပေါ်စေသည်။ သို့ဖြစ်၍ သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှသိရသည်။

(သတင်းစဉ်)

# ဆီဆိုင်မြို့နယ် ထီစုံကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် နေအိမ်နှစ်လုံး မီးလောင်ပျက်စီးပြီး ပြည်သူများ ထွက်ပြေးတိမ်းရှောင်နေရကြောင်း မဟုတ်မမှန်လုပ်ကြံဝါဒဖြန့်လျက်ရှိ




နေပြည်တော် ဇန်နဝါရီ ၈

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ထီစုံကျေးရွာကို ဇန်နဝါရီလ ၆ ရက်နံနက်ပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ရာ နေအိမ်နှစ်လုံး မီးလောင်ပျက်စီးပြီး ပြည်သူများထွက်ပြေးတိမ်းရှောင်နေရကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံဝါဒဖြန့်လျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အကြမ်းဖက်သမားများအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းမှုကိုမလိုလားဘဲ ပြည်သူများနေထိုင်ရာနယ်မြေအတွင်း တိုက်ပွဲများဖော်ဆောင်ခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းနှင့်မီးရှို့ဖျက်ဆီးခြင်းများ ဆောင်ရွက်လျက်ရှိသဖြင့် နယ်မြေခံပြည်သူလူထု၏အသက်၊ အိုးအိမ်၊ စည်းစိမ်ဥစ္စာများ ပျက်စီးဆုံးရှုံးရခြင်းဖြစ်ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကသာ အကြမ်းဖက်သမားများ၏အဖျက်အမှောင့်လုပ်ငန်းများကြောင့် ပျက်စီးဆုံးရှုံးသွားသည့်အဆောက်အဦများအား ပြန်လည်ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိပြီး ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိကြောင်း၊ တရားမဝင်ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ ဥပဒေမဲ့လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် မဟုတ်မမှန်ရေးသားဖြန့်ဝေနေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ရန်ကင်းမြို့နယ်၌ မီးဘေးလုံခြုံရေးအသိပညာပေး ဟောပြောခြင်းနှင့်မီးငြှိမ်းသတ်နည်းလက်တွေ့သရုပ်ပြ

ရန်ကုန် ဇန်နဝါရီ ၈

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် ရန်ကင်းမြို့နယ် အမှတ် (၁၁)ရပ်ကွက် ဆည်မြောင်းလမ်းရှိ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာ(ရုံးချုပ်)ရှိ ဌာနခွဲအသီးသီးမှဝန်ထမ်းများအား မီးဘေးလုံခြုံရေးအသိပညာပေးဟောပြောခြင်းနှင့် မီးငြှိမ်းသတ်နည်းလက်တွေ့သရုပ်ပြပွဲကို ယနေ့နေ့လယ်ပိုင်းတွင် ကျင်းပသည်။

သရုပ်ပြပွဲတွင် ရန်ကင်းမြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူးဦးစီးအရာရှိဦးထိန်လင်းက မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောခြင်းနှင့် မီးသတ်ဆေးဘူးဖြင့်မီးငြှိမ်းသတ်ရာတွင် မီးသတ်ဆေးဘူးအသုံးပြုပုံ အဆင့်ဆင့်၊ မီးလောင်မှုဖြစ်ပွားပါက မီးငြှိမ်းသတ်နည်းများကို ရှင်းလင်းပြောကြားပြီး မီးသတ်ဆေးဘူးဖြင့် မီးငြှိမ်းသတ်ခြင်း၊ မတော်တဆဆီမီးလောင်မှုဖြစ်ပွားပါက မီးငြှိမ်းသတ်ခြင်းတို့ကို လက်တွေ့သရုပ်ပြဆောင်ရွက်ပြသခဲ့ရာ အဆိုပါဌာနခွဲအသီးသီးမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းအင်အားစုစုပေါင်း ၁၀၀ ဦးခန့် တက်ရောက်ကြသည်။

ထို့နောက်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရုံးချုပ်)ရှိ ဌာနခွဲ၌ မီးသတ်ဆေးဘူး တပ်ဆင်ထားရှိမှုနှင့် လျှပ်စစ်ဝိုင်ယာကြိုးများတပ်ဆင်ထားရှိမှုအခြေအနေများကိုလည်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

လှလှထွေး(ပြန်/ဆက်)


လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ။



နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။
အရည်အသွေးမြင့်မား တာယာ မှာ
TRISTAR
THE BEST QUALITY TYRE
TBB,TBR,PCR တာယာ အရွယ်အစားမျိုးစုံအပြင် ဆိုင်ကယ် တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။
VOLVO
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇




အေးကင်းစိတ်ချ လုံခြုံမှုရစေတာ
COPPER 99.99%
SIGMA
CABLE & WIRE
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၀၀၁၈၉၆၂
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

Myanmar
ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုများနှင့်
မြန်မာ
GOLD A.I.B.A MEDAL
AWARDED TROPHY
BY THE WORLD'S BEST BEER JUDGES
THE INTERNATIONAL BEER CHALLENGE 2020
AIBA




ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက် Ngwepinlae Livestock Breedings & Fisheries Co., Ltd
အဆင့်မြင့် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးကုမ္ပဏီ
ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com

❖ သစ်ပင်သစ်တောစိုက်ပျိုးခြင်းများဖြင့် သဘာဝဘေးအန္တရာယ်ကို အထိုက်အလျောက်လျှော့ချနိုင်သဖြင့် ဒေသအသီးသီးရှိ ကျေးရွာအုပ်စုများအလိုက် သစ်တောစိုက်ခင်းများ စိုက်ပျိုးပြီး နိုင်ငံတစ်ဝန်း၌ သစ်ပင်သစ်တောများဖြစ်ထွန်းအောင်မြင်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် ပြည်သူများနှင့်ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လို . . .

❖ သစ်တောပြုန်းတီးမှုများမရှိစေရေးအတွက်လည်း အမျိုးသားရေးစိတ်ဓာတ်ဖြင့် ထိန်းသိမ်းဆောင်ရွက်သွားကြရန်လို . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၄) သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA )ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

# ကဏန်းကျွန်းဒီရေတော ကြိုးပြင်ကာကွယ်တောသတ်မှတ်



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့်သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (င)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၉၂၈၄ ဧကရှိသောနယ်မြေကို **“ကဏန်းကျွန်းဒီရေတောကြိုးပြင်ကာကွယ်တော”**အဖြစ် အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၂၅)အရ ၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်)မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ဒီရေတောဂေဟစနစ် **စာမျက်နှာ ၁၇ ကော်လံ ၁** ■

# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ ဆိုင်ကယ်အပိုပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၈

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **ဇန်နဝါရီလ ၆ ရက်**တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ **စာမျက်နှာ ၃၀ ကော်လံ ၁** ●



ရှမ်းပြည်နယ်၌ ဖမ်းဆီးရမိမှု။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la







Phone; 09973037364(Office), 09971922346(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar